# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၅ ရက် တနင်္ဂနွေနေ့။ Sunday, 30 April 2017 (၈၉၁၀)


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

# အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

**မနီလာ ဧပြီ ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ ဖိလစ်ပိုင်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၊ အကြိမ်(၃၀)မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး၊ အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး၊ ASEAN Declaration on the Role of the Civil Service as Catalyst for Achieving the ASEAN Community Vision 2025 လက်မှတ်ရေးထိုးပွဲအခမ်းအနား၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံပါလီမန်များညီလာခံကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူငယ်ကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ၊ အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးနှင့် ဇနီးတို့က ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား ဖိလစ်ပိုင်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ပြည်သူ့အတွက် ဝိုင်ဘီအက်စ်

ယခုအခါ ရန်ကုန်မြို့နှင့် ပတ်သက်၍ ပြဿနာများထဲက ပြဿနာတစ်ခုအနေဖြင့် ဝိုင်ဘီအက်စ် ဘတ်စ်ကားကိစ္စက ထိပ်တန်းတွင် အပြောများလာနေသည်ကို တွေ့မြင်နေရသည်။

အမှန်မှာတော့ မြို့တွင်းအများပြည်သူပို့ဆောင်သွားလာရေးကိစ္စကြီးသည် ရန်ကုန်မြို့တွင် နှစ်ကာလအတော်ကြာ ရင်ဆိုင်နေရသည့် ထိပ်တန်းပြဿနာများထဲက တစ်ခုဖြစ်ပါ၏။

ယခင်အများပြည်သူသုံး မထသလိုင်းများစနစ်ကို ရပ်ဆိုင်းလိုက်ပြီး ယခုစတင်အသုံးပြုနေသည့် ဝိုင်ဘီအက်စ်စနစ်ကို ဇန်နဝါရီလလယ်က စတင်ပြောင်းလဲပြေးဆွဲခဲ့တာဖြစ်သည့်အတွက် ယခုဆိုလျှင် သုံးလကျော်ခဲ့ပြီဖြစ်ပါသည်။ မူလလက်ဟောင်း မထသဘတ်စ်ကား လိုင်းများမှာ ရန်ကုန်မြို့သူမြို့သားများနှင့် အလွန်ပင်မပြေမလည်ဖြစ်ခဲ့သည့်အတွက် ဝိုင်ဘီအက်စ်စနစ်ကို စတင်သည်နှင့်တစ်ပြိုင်နက်တည်း ရန်ကုန်မြို့နေပြည်သူများက အားတက်သရော ထောက်ခံခဲ့ကြသည်ကို တွေ့ခဲ့ရပါသည်။

အထူးသဖြင့် မထသစနစ်အောက် ဘတ်စ်ကားများ၏ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့၏ ဆက်ဆံရေးမပြေပြစ်မှု၊ ယာဉ်မောင်းတို့၏ အမောင်းရမ်းကားမှုကြောင့် ခရီးသွားပြည်သူများ စိတ်မချမ်းမြေ့ဖြစ်နေခဲ့ရသည်မှာ ကြာခဲ့ပြီဖြစ်၏။ အချို့သော လူထုအစိတ်အပိုင်းတို့မှာ သည်းမခံနိုင်ကြတော့ဘဲ ဥပဒေကိုကျော်လွန်ကာ ကိုယ်တိုင်ဆုံးမကြသည့်ဘက်သို့ ရှေးရှုလာခဲ့ကြသည်အထိ ဖြစ်ခဲ့ကြသည်။

ယာဉ်ကြောများ ကျပ်တည်းမှုကြောင့် စိတ်ဒုက္ခရောက်နေရသည့်အပေါ် ဘတ်စ်ကားပေါ်က ဆက်ဆံရေးကြမ်းတမ်းမှု၊ မပြေပြစ်မှုများက ထပ်ဆင့်ဖိစီးလာမှုများကို မခံမရပ်နိုင်အောင် ဖြစ်ခဲ့ကြရခြင်းဖြစ်၏။

ယင်းသို့ ပြည်သူတို့ မထသဘတ်စ်ကားစနစ်ကိုအလွန်အမင်း စိတ်ပျက်စိတ်ကုန်နေသည့်အချိန်မှာ ဝိုင်ဘီအက်စ်ဘတ်စ်ကားစနစ်သစ် အစီအစဉ်ကို ကြေညာကာ စတင်လိုက်သည့်အခါ ပြည်သူလူထုမှာ ဝမ်းမြောက်မှုများနှင့်အတူ စနစ်သစ်စတင်ခါစ မပြေလည်မှုများကို အားတက်သရော ဝိုင်းဝန်းကူညီခဲ့ကြသည်။

စနစ်ဟောင်းမှ စနစ်သစ်သို့ ချိတက်ကူးပြောင်းသည့် အပြောင်းအလဲတွင် ရင်ဆိုင်ရမည့် အခက်အခဲများ များစွာရှိနေမည်ဆိုသည်ကိုလည်း ပြည်သူတို့ကို မျှော်လင့်နားလည်ကာ သည်းခံကူညီသွားကြရန် ပြင်ဆင်ထားကြပြီးဖြစ်သည်။

ဤနေရာတွင် ပြည်သူတို့ အထူးမျှော်လင့်တောင့်တခဲ့ကြသည်မှာ စနစ်ဟောင်းဘတ်စ်ကားများ၏ စည်းကမ်းမဲ့ ပရမ်းပတာဖြစ်မှုများကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ထိန်းသိမ်းနိုင်ရေးက အရေးတကြီးဖြစ်သည်ဆိုသည်ကို မမေ့သင့်ပေ။

လမ်းများပေါ်တွင် ပြည်သူတို့ သည်းမခံနိုင်လောက်အောင် စိတ်ပျက်စိတ်မချမ်းမြေ့ဖြစ်ကြရသည့် အခြေခံအကျဆုံး အကြောင်းရင်းခံမှာ ဘေးအန္တရာယ်လုံခြုံရေး၊ ဘတ်စ်ကား ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့ စည်းကမ်းတကျဖြစ်ရေးတို့ဖြစ်ပါသည်။ ယာဉ်မောင်းများက ယာဉ်စည်းကမ်းအတိုင်း လိုက်နာကာ ယဉ်ယဉ်ကျေးကျေး မောင်းနှင်ခြင်း၊ ယာဉ်နောက်လိုက်တို့ကလည်း ၎င်းတို့၏ တာဝန်ကို စည်းကမ်းတကျလိုက်နာရင်း ပြည်သူလူထုကို သိမ်သိမ်မွေ့မွေ့ဆက်ဆံကူညီရေးနှင့် သွားလိုရာခရီးကို အလွန်အမင်း မပင်မပန်းနှင့် အိန္ဒြေရရ ရောက်ရှိသွားနိုင်ရေးတို့က အခြေခံကျသော လိုအပ်ချက် ပြဿနာအဖြစ် ရှုမြင်သုံးသပ်ရန်လိုပါမည်။ ပြဿနာကို ကျနစွာနားလည်ပြီး ကြိုတင်ပြင်ဆင်ရသည်တို့လည်း မလွဲမသွေ လိုအပ်ပါလိမ့်မည်။ ထို့ပြင် ဥပဒေစိုးမိုးရေးကလည်း အလွန်အရေးကြီးသည့်အချက် ဖြစ်ပါ၏။

ယင်းသို့ ပြဿနာ၏ အရင်းအမြစ်များကို သေသေချာချာ သုံးသပ်စိစစ်ပြီး ဘတ်စ်ကားများ၏ စည်းကမ်းသေဝပ်မှုနှင့် ခရီးစဉ်များကို လုံလောက်အောင် ပြေးဆွဲပေးနိုင်မှုတို့ကို ဦးစားပေးဖြေရှင်းခြင်းဖြင့် လူထုအပေါ် အဖိစီးဆုံးအစိတ်အပိုင်းကို ပြေလျော့အောင် လုပ်ပေးနိုင်လိမ့်မည်ဟု ယူဆပါသည်။

စနစ်ဟောင်း စနစ်သစ်အကူးအပြောင်းတွင် အခက်အခဲ အကျပ်အတည်းများ၊ စိန်ခေါ်မှုများ များစွာနှင့် တွေ့ကြုံရမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော်လည်း ပြည်သူလူထု၏ အခြေခံကျသည့် လိုအပ်ချက်များကို စေ့ငုနားထောင် ဂရုပြုကာ ပိုင်ပိုင်နိုင်နိုင် ဖြေရှင်းခြင်းဖြင့် တဖြည်းဖြည်းချင်း အောင်မြင်လာသည့် စနစ်ဖြစ်လာမည်ဟု ယုံကြည်စိတ်ဖြင့် နှိုးဆော်လိုက်ရပါကြောင်း။ ။

# ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေးအား လူတန်းစားအားလုံး လက်လှမ်းမီရရှိနိုင်ရေး ဝန်ကြီးအဆင့်ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**နေပြည်တော် မေ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၁၉ ရက်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ Pan American Health Organization (PAHO)၌ကျင်းပသော ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေးအား လူတန်းစားအားလုံး လက်လှမ်းမီရရှိနိုင်ရေး ဝန်ကြီးအဆင့်ဆွေးနွေးပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ Ministerial Dialouge ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၌ ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာစနစ် ကောင်းမွန်ရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် စနစ်တကျ အမှိုက်စွန့်ပစ်ရေးစသည့် အလုံးစုံပါဝင်သော ပြီးပြည့်စုံသည့် အမျိုးသားကျန်းမာရေး ရက်သတ္တပတ် (Comprehensive National Sanitaion Week) ကျင်းပနိုင်ရေးအတွက် ဆွေးနွေးသည်။




ယင်းနောက် ဝါရှင်တန်မြို့ Chemonics Headquarter တွင် Procurement and Supply Management(PSM) မှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် PSM ဆိုင်ရာကိစ္စရပ်များ စနစ်တကျဖြစ်စေရေး၊ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး၊ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

မေ ၂၀ ရက်တွင် ဝါရှင်တန်မြို့ PAHO ၌ကျင်းပသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေးအား လူတန်းစားအားလုံး လက်လှမ်းမီရရှိနိုင်ရေး ဝန်ကြီးအဆင့်ဆွေးနွေးပွဲသို့တက်ရောက်ကာ အခြားနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဘဏ္ဍာရေးဝန်ကြီးများနှင့် အတူ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေးအတွက် ရန်ပုံငွေများ ဖြည့်တင်းရရှိနိုင်ရေး၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးသည်။

နေ့လယ်ပိုင်းတွင် ဝါရှင်တန်မြို့ May Flower Hotel ၌ USAID မှ တာဝန်ရှိသူများအား တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအခြေစိုက် ကမ္ဘာ့ဘဏ်ရုံးခွဲမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ရန်ပုံငွေများကို အကျိုးရှိဆုံးဖြစ်အောင် အသုံးချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။ ယင်းနောက် မြန်မာနိုင်ငံတွင် အာဟာရမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်နည်းပညာ ပံ့ပိုးကူညီပေးနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် ဆွေးနွေးသည်။

မေ ၂၁ ရက်တွင် ကမ္ဘာ့ဘဏ်မှ ဦးဆောင်ကျင်းပသော လူတိုင်းလက်လှမ်းမီနိုင်သည့် သာတူညီမျှကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Coverage) ရရှိနိုင်ရေးအတွက် ရန်ပုံငွေခွဲဝေချထားခြင်းဆိုင်ရာဖိုရမ် (Second Annual UHC Financing Forum, Greater Efficiency for Better Health and Financial Protection) သို့ တက်ရောက်သည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် ဝင်ရောက်အရွေးခံမည့် ဗြိတိန်နိုင်ငံမှ ကိုယ်စားလှယ်ဖြစ်သူ David Nabarro နှင့်တွေ့ဆုံ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

မေ ၂၄ ရက်တွင် ကမ္ဘာ့ဘဏ်မှ ဦးဆောင်ကျင်းပသည့် Global Financing Facility Investors Group Meeting သို့တက်ရောက်ကာ ကျန်းမာရေးဆိုင်ရာ ရန်ပုံငွေများ အကျိုးရှိ ထိရောက်မှုအရှိဆုံး ဖြစ်အောင် သုံးစွဲနိုင်ရေးကိစ္စရပ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အကျိုးရှိနိုင်ဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ချမှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြစိမ်းရောင်စီမံကိန်းသုံးသပ်ပွဲပြုလုပ်

**ကွမ်းခြံကုန်း မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၁၇ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်ပြီး ကျေးလက်နေပြည်သူများအတွက် အကျိုးသက်ရောက်မှု၊ အားနည်းချက်၊ အားသာချက်၊ သုံးသပ်အကြံပြုချက်များကို ပွင့်လင်းမြင်သာစွာဆွေးနွေးရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲကို ကွမ်းခြံကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ မေ ၂၀ ရက်က ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းမင်းနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သရဖီ(ကွမ်းခြံကုန်း)**

# မြစိမ်းရောင်ကျေးရွာ ကော်မတီသစ် ပြန်လည်ဖွဲ့စည်း

**ကျိုက်ထို မေ ၂၉**

ကျိုက်ထိုမြို့နယ် အဘိုင်းကျေးရွာသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခဲ့သည်မှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ မြစိမ်းရောင်ကျေးရွာကော်မတီ ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်းကို မေ ၂၆ ရက်က လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ ၎င်းကော်မတီရွေးချယ်ပွဲသို့ မြို့နယ်အဆင့်မြစိမ်းရောင်ကော်မတီများ၊ ကျေးရွာအဆင့်မြစိမ်းရောင်ကော်မတီများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။ **(ကြေးမုံ)**

# ပထမအကြိမ် မျိုးဆက်သစ်ဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် WOW Sports မှ ကျင်းပသည့် ပထမအကြိမ် မျိုးဆက်သစ်ဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က အမှာစကားပြောကြားခဲ့သည်။

ယင်းပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမား ၁၆ ဦး၊ အသက်(၁၀)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ခြောက်ဦး၊ အသက် (၁၂)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၁၉ ဦး၊ အသက်(၁၂)နှစ်အောက် အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမားကိုးဦး၊ အသက်(၁၅)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၃၂ ဦး၊ အသက်(၁၅)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၁၄ ဦး စုစုပေါင်း ပြိုင်ပွဲဝင်အားကစားသမား ၉၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအနေဖြင့် မေ ၁ ရက် မွန်းလွဲပိုင်းတွင် WOW Sports Junior Stars အသင်းနှင့် အသင်းလိုက် ချစ်ကြည်ရေးပွဲစဉ် ထပ်မံယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(မေသုခ)**


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျာမနီတပ်မတော် လေ့ကျင့်ရေးသင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှု

**နေပြည်တော် ဧပြီ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဂျာမနီနိုင်ငံ Federal Foreign Office ၏ State Secretary ဖြစ်သူ Dr. Markus EDERER နှင့် ဘာလင်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂျာမနီနှင့် မြန်မာတပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်တည်ဆောက်နိုင်ရန်ဖြစ်ပြီး တပ်မတော်နှစ်ရပ်ဆက်ဆံရေးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အထောက်အကူဖြစ်စေရန် ဖြစ်ပါကြောင်းပြောကြားကာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှုအခြေအနေများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအခြေအနေများ၊ နယ်စပ်ဒေသအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ၏ State Secretary ဖြစ်သူ Dr.Markus EDERER က နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟုလည်း ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လိုအပ်သည့် နယ်ပယ်များတွင် ကူညီထောက်ပံ့မှုများ ပြုလုပ်ရန်လည်း အစီအစဉ်များ ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဘာလင်မြို့ Tegel လေဆိပ်တပ်မတော်လေယာဉ်ကွင်းမှ ရဟတ်ယာဉ်ဖြင့်ထွက်ခွာရာ Letzlingen ကျေးရွာရှိ ဂျာမနီတပ်မတော် လေ့ကျင့်ရေးသင်တန်းကျောင်း(Army Combat Training Center)သို့ ရောက်ရှိပြီး အဆင့်မြင့်နည်းပညာသုံး လေ့ကျင့်မှုနည်းစနစ်များ၊ Simulator အသုံးပြုလေ့ကျင့်မှုစနစ်များ၊ မြို့ပြပုံစံတည်ဆောက် လေ့ကျင့်ရေးကွင်းများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။**(ယာပုံ)**

ညပိုင်းတွင် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်၌ သံရုံး၊ စစ်သံရုံး မိသားစုများနှင့်တွေ့ဆုံပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က လက်ဆောင်ပစ္စည်းများ၊ အစားအသောက်၊ အဝတ်အထည်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများ အင်းလေးအပန်းဖြေစခန်းသို့ ရောက်ရှိ

**ညောင်ရွှေ ဧပြီ ၂၉**

အင်းလေးခေါင်တိုင် ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်းတွင် ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေအနားယူရန် နဝမတန်းဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၆ ဦးသည် ရှမ်းပြည်နယ် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ်လျက် ဆရာ ဆရာမ ၁၈ ဦးနှင့်အတူ ယနေ့ ညနေ ၄ နာရီတွင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသို့ ရောက်ရှိကြောင်း သိရသည်။

ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ပြီး မန္တလေးမှ ထွက်ခွာလာရာ ညနေ ၄ နာရီတွင် တည်းခိုမည့် အင်းလေးဟူပင်ဟိုတယ်သို့ ရောက်ရှိကြသည်။

ဘက်စုံပညာထူးချွန်လူငယ် ကျောင်းသား ကျောင်းသူများကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် ဌာနဆိုင်ရာများ၊ ဘင်ခရာအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ပန်းစည်း၊ ပန်းကုံးများကမ်း၍ လမ်းဘေးဝဲ၊ ယာတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**သတင်း-ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇော်ဘီ(mmal)**



## ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများ ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းသို့ ရောက်ရှိ

**ငွေဆောင် ဧပြီ ၂၉**

ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း (ငွေဆောင်)သို့ သွားရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘက်စုံပညာထူးချွန်လူငယ်များသည် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် အတူ ယနေ့နံနက် ၆ နာရီတွင် စုရပ်ဖြစ်သော ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ အထက(၁)လမ်းမတော်မှ ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ခရီးဆက်လက်ထွက်ခွာရာ မွန်းတည့် ၁၂ နာရီတွင် ပုသိမ်မြို့သို့ရောက်ရှိပြီး ပုသိမ်ဟိုတယ်၌ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အခမ်းအနားဖြင့် ကြိုဆိုကြသည်။

အခမ်းအနားတွင် ထူးချွန်လူငယ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံပြီး ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးညွန့်စိုးက ဘက်စုံပညာထူးချွန် အပန်းဖြေစခန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဘက်စုံပညာထူးချွန်လူငယ်များက အုပ်စုလိုက် မိတ်ဆက်ကြသည်။

ထို့နောက် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့်အတူ ဘက်စုံပညာထူးချွန်လူငယ်များသည် ခရီးဆက်လက် ထွက်ခွာရာ ညနေ ၃ နာရီခန့်တွင် ငွေဆောင်အပန်းဖြေစခန်းသို့ ရောက်ရှိကြပြီး ဒေသခံကျောင်းသား ကျောင်းသူများက ဒေသထွက် ခရုလည်ဆွဲများဖြင့် ကြိုဆိုကြသည်။**(အပေါ်ပုံ)**

ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ ဖွင့်လှစ်မည့် ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း(ငွေဆောင်)တွင် ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများအား ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ်နှင့် ယုဇနဟိုတယ်များ၌ တည်းခိုနေထိုင်ရန် စီစဉ်ပေးထားပြီး ဘက်စုံပညာ ထူးချွန်ကျောင်းသား ကျောင်းသူများအား အပန်းဖြေနေထိုင်စဉ်အတွင်း လေ့လာရေးခရီးစဉ်နှင့် ဟောပြောပွဲများလည်း စီစဉ်ထားကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# ရက် ၁၀၀ အတွင်း လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး အားရဝမ်းသာမှုရှိကြောင်း သမ္မတ ထရန့်ပြောကြား




**ဝါရှင်တန် ဧပြီ ၂၉**
ဧပြီ ၃၀ ရက်သည် သမ္မတရာထူးတာဝန်များ စတင်ထမ်းရွက်သည့် ရက် ၁၀၀ ပြည့်သည့်နေ့ဖြစ်ကြောင်းနှင့် သုံးလကျော်ကာလအတွင်း လုပ်ဆောင်ခဲ့သည့် လုပ်ဆောင်ချက်များကို အားရဝမ်းသာမှုရှိပါကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က မီဒီယာများကို ယနေ့ပြောကြားခဲ့သည်။

ရက် ၁၀၀ အတွင်း ၎င်းဦးဆောင်သည့် အစိုးရအဖွဲ့၏ လုပ်နိုင်စွမ်းပကားများကို မည်သည့်အစိုးရလက်ထက်တွင်မျှ လုပ်ဆောင်ခဲ့သည်ကိုမတွေ့ရှိသေးကြောင်း သမ္မတထရန့်က ၎င်း၏ထင်မြင်ချက်ကို မီဒီယာများကို ပြောကြားခဲ့သည်။

သို့သော် သမ္မတထရန့်သည် ၎င်းမဲဆွယ်စည်းရုံးရေးကာလအတွင်းက ကတိပြုခဲ့သည့် ကိစ္စရပ်များအနက် တစ်ခုကိုသာ အောင်မြင်စွာလုပ်ဆောင်နိုင်သေးသည်။ ပစိဖိတ်ဖြတ်ကျော်မဟာမိတ် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်မှ အမေရိကန်နိုင်ငံကို ပြန်လည်ဆွဲထုတ်နိုင်ခဲ့သည်။

သို့သော် အကြမ်းဖက်မှုနှိမ်နင်းရေးအစီအစဉ်တစ်ရပ်အဖြစ် အမေရိကန်နိုင်ငံအတွင်းသို့ အရှေ့အလယ်ပိုင်းနှင့် အခြားသောနိုင်ငံများမှ စစ်ဘေးရှောင်ပြည်သူများဝင်ရောက်လာမှုကို ပိတ်ပင်ရန် သူ၏ကြိုးပမ်းချက်ကို တရားရုံးများက ပိတ်ပင်တားဆီးခဲ့သည်။

မက္ကဆီကိုနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသတစ်လျှောက် အုတ်တံတိုင်းကာရံရေး သမ္မတထရန့်၏အစီအစဉ်သည် ငွေကြေးစိုက်ထုတ်မှုပြဿနာများကြောင့် ကြန့်ကြာလျက်ရှိသည်။

ထို့ပြင် အိုဘားမားကျန်းမာရေးစောင့်ရှောက်မှုစင်တာကို ဖျက်သိမ်းရန် သမ္မတထရန့်၏ကြိုးပမ်းမှုသည် အရာမရောက်ခဲ့ပေ။ ယခုအချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းတစ်ရပ်ကိုပြဋ္ဌာန်းရန် ကွန်ဂရက်တွင် ဆွေးနွေးလျက်ရှိသည်။

နိုင်ငံတကာသံတမန်ဆက်ဆံရေးနှင့် ပတ်သက်ပြီး သမ္မတထရန့်၏ အစိုးရအဖွဲ့သည် မြောက်ကိုရီးယား၏ ရန်စမှုများကိုတုံ့ပြန်ရန် မဟာမိတ်နိုင်ငံများနှင့်ပူးပေါင်းကာ ကြိုးပမ်းလျက်ရှိသည်။

မကြာသေးမီက ဆီးရီးယားနိုင်ငံ၏ လေတပ်အခြေစိုက်စခန်းတစ်ခုသည် ဓာတုလက်နက်များ အသုံးပြုသည်ဆိုသည့်သံသယဖြင့် ယင်းအခြေစိုက်စခန်းကို သမ္မတထရန့်ဦးဆောင်အစိုးရအဖွဲ့က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

ရွေးကောက်ပွဲတွင် ရရှိခဲ့သော ဆန္ဒမဲရလဒ်များတွင် သမ္မတထရန့်အား ဆန္ဒမဲပေးသူဦးရေသည် ၄၂ ရာခိုင်နှုန်းသာရှိပြီး ယင်းအရေအတွက်သည် ဒုတိယကမ္ဘာစစ်ပြီးနောက် အမေရိကန်သမ္မတများ၏ ဆန္ဒမဲအရေအတွက်ရရှိမှုများအနက် အရေအတွက်အနည်းဆုံးဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

## တူရကီလေတပ်က အီရတ်မြောက်ပိုင်းတွင် စီးနင်းတိုက်ခိုက် ကာ့ဒ်လက်နက်ကိုင်စစ်သွေးကြွ ၁၄ ဦးသေဆုံး


**အန်ကာရာ ဧပြီ ၂၉**
တူရကီလေတပ်က ဧပြီ ၂၉ ရက်တွင် အီရတ်နိုင်ငံမြောက်ပိုင်း၌ လေကြောင်းစီးနင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ကာဒစ်အလုပ်သမားပါတီ(ပီကေကေ)မှ လက်နက်ကိုင်စစ်သွေးကြွ ၁၄ ဦးသေဆုံးသွားကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

တူရကီလေတပ်က မတူညီသောဒေသနှစ်ခုတွင် လေကြောင်းမှ သီးခြားစီ စီးနင်းတိုက်ခိုက်ခဲ့ရာ စီနတ်-ဟက်ဖ်တန် ဒေသတစ်ဝိုက်တွင် ကာ့ဒ်စစ်သွေးကြွခြောက်ဦးသေဆုံးပြီး အဒီဟာမန်ဒေသတွင် စစ်သွေးကြွရှစ်ဦး သေဆုံးသွားသည်ဟု တူရကီစစ်ဘက်က ပြောကြားသည်။

ကာဒစ်အလုပ်သမားပါတီ(ပီကေကေ)သည် တူရကီအစိုးရအား ဆယ်စုနှစ်သုံးခုကြာ ပုန်ကန်တိုက်ခိုက်မှုများပြုလုပ်နေသည့် စစ်သွေးကြွအဖွဲ့ဖြစ်ပြီး တူရကီနိုင်ငံနယ်စပ်အနီးရှိ အီရတ်နိုင်ငံ၏တောင်ကုန်းတောင်တန်းထူထပ်သောဒေသတွင် ၎င်းတို့၏ စခန်းများတည်ရှိသည်။

မကြာသေးမီရက်သတ္တပတ်များအတွင်း တူရကီစစ်ဘက်က အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်လက်နက်ကိုင်စစ်သွေးကြွများအပေါ် တိုက်ခိုက်မှုများတိုးမြှင့် ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ။**



## မြောက်ကိုရီးယား၏ ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်လွှတ်မှု မအောင်မြင်

**ဆိုးလ် ဧပြီ ၂၉**
မြောက်ကိုရီးယားနိုင်ငံက ဧပြီ ၂၉ ရက်တွင် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့သော်လည်း အောင်မြင်မှုမရှိကြောင်း၊ ယင်းဒုံးကျည်မှာ ပစ်လွှတ်လိုက်ပြီးတစ်ခဏတာအတွင်း ပေါက်ကွဲသွားကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ ပိုင်ရိုဂန်ပြည်နယ် ဘတ်ခ်ချန်မြို့အနီးရှိ အခြေစိုက်စခန်းမှ အရှေ့မြောက်ဘက်သို့ဦးတည်ကာ ဧပြီ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲတွင် အဆိုပါဒုံးကျည်ကို ပစ်လွှတ်ခဲ့ကြောင်းနှင့် ပစ်လွှတ်ပြီးအချိန်တိုအတွင်း ထိုဒုံးကျည်မှာ ပေါက်ကွဲသွားကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးအဖွဲ့ရုံး၏ ပြောကြားချက်ကို ကောက်နုတ်၍ ယွန်ဟပ်သတင်းတွင် ဖော်ပြသည်။

ယခုပစ်လွှတ်ခဲ့သော ဒုံးကျည်အမျိုးအစားနှင့် ပစ်လွှတ်နိုင်သောအကွာအဝေး စသည့် သတင်းအချက်များရရှိရေးအတွက် စူးစမ်းလေ့လာမှုများပြုလုပ်နေကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားသည်။

**ဆင်ဟွာ။**

## ဘဂ္ဂဒက်တွင် ကားဗုံးခွဲတိုက်ခိုက် လူငါးဦးထက်မနည်း သေဆုံး

**ဘဂ္ဂဒက် ဧပြီ ၂၉**
အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၏မြို့လယ်ပိုင်း ကာရာဒါဒေသတွင် ဧပြီ ၂၈ ရက် ညနေပိုင်းက ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်းသေဆုံးပြီး ၁၀ ဦးထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ကာရာဒါ ဘာယူရိုယာဉ်ရပ်နားရာနေရာတွင် အဆိုပါကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး လူငါးဦးသေဆုံးကာ ၁၀ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် ကားရပ်နားရာနေရာရှိ မော်တော်ယာဉ်အချို့ ပျက်စီးခဲ့ပြီး အနီးနားရှိအဆောက်အအုံအချို့လည်း ထိခိုက်ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကာရာဒါဒေသသည် တိုက်ဂရစ်မြစ် အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲမတိုင်မီက အထူးစည်ကားသော စီးပွားရေးဆိုင်ရာဒေသဖြစ်သည်။ ယင်းဒေသတွင် ၂၀၁၆ ခုနှစ်အတွင်းက ဗုံးဖောက်ခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၀၀ ခန့်မှာ သေဆုံး(သို့မဟုတ်)ထိခိုက်ဒဏ်ရာရခဲ့သည်။

**ဆင်ဟွာ။**





# ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၉**

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဘာသာပြန်စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။



ဘာသာပြန်စာပေစာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာ၌ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပလာသည်မှာ ယခုအကြိမ်ဆိုပါက တတိယအကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲနှင့် စာပေဆွေးနွေးပွဲတို့ကဲ့သို့ ယဉ်ကျေးမှုဓလေ့များထွန်းကားစေရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

စာပေသမားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး ရေးသားထားကြသည်များကို ဝေဖန်သုံးသပ်ဖြည့်စွက်သည့် ဓလေ့ရှိရန်လိုကြောင်း၊ သို့မှသာ စာပေဖွံ့ဖြိုးတိုးတက်နေမည်သာဖြစ်ကြောင်း၊ ယင်းဓလေ့ကိုခိုင်မာသောမိတ်ဆွေများနှင့်တွဲ၍ ယခုကဲ့သို့ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပခြင်းဖြစ်ကြောင်း။

ပထမအကြိမ်က နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ ကျင်းပခဲ့ကြောင်း၊ နိုင်ငံရေးစာပေ(သို့)နိုင်ငံရေးအကြောင်းကို စာပေသမားများဆွေးနွေးခဲ့သည်ဆိုရာ၌ ယခင်က မရှိခဲ့ကြောင်း၊ ထို့နောက် ခေတ်ပြိုင်သမိုင်းဆိုင်ရာစာတမ်းဖတ်ပွဲ ကျင်းပခဲ့ကြောင်း၊ ၎င်းသည်မှာ စာပေနှင့် နိုင်ငံရေး နီးနွှယ်သောခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြကြောင်း၊ စာပေသမား၌ တူညီသောဆန္ဒသည် စာပေအကြောင်းအရာများကို လွတ်လပ်စွာဆွေးနွေးလိုပြီး ဓလေ့ထွန်းကားပြန့်ပွားရေးအတွက် တူညီသောဆန္ဒများရှိကြခြင်းဖြစ်ကြောင်း။

မြန်မာစာပေသမိုင်းကိုကြည့်ပါက ပထမဆုံးမြစေတီကျောက်စာသည် ပျူ၊ ပါဠိ၊ မွန်၊ မြန်မာဘာသာလေးမျိုးဖြင့် ရေးထိုးထားသည်ကိုကြည့်ခြင်းအားဖြင့် ထိုခေတ်ကတည်းက ဘာသာပြန်ဆိုခြင်းရှိနေပြီဟု ပြော၍ရပါကြောင်း၊ ဘာသာလေးရပ်စလုံးဖြင့် ရေးထိုးရန်လိုအပ်သည်ယူဆခြင်းကြောင့် ရေးထိုးခဲ့ပြီး ဘာသာလေးမျိုးစလုံးသုံးစွဲကြကြောင်း။

မြန်မာစာပေမြစ်ဖျားခံထွန်းကားခဲ့ပုံကို သုံးသပ်ကြည့်လျှင် ဘာသာပြန်စာပေများပေါ်၌ အမှီပြုသည်ဟု ဆိုရလောက်အောင် နိုင်ငံတကာစာပေများနှင့် ရင်းနှီးမှုက စတင်လာခဲ့သည်ကို တွေ့ရကြောင်း၊ မြန်မာစာပေသည် အိန္ဒိယဘက်မှ ဆင်းသက်လာသည့် ဗုဒ္ဓဘာသာစာပေ၊ ပါဠိ၊ သက္ကတစာပေများနှင့် နီးစပ်ကြောင်း၊ ထိုစာကြီးပေကြီးများကို ဘာသာပြန်ပြီးနောက် စိတ်ကူးဉာဏ်ထပ်မံကွန့်မြူးလျက် မြန်မာ့စာပေဖန်တီးသူ ပညာရှင်ပုဂ္ဂိုလ်ကြီးများက စာပေများရေးဖွဲ့ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ရှေးဆရာကြီးများပြောကြားချက်အရ မြန်မာစာပေသည် မိမိတို့ကိုယ်တိုင်အသိဉာဏ်ကွန့်မြူးကာ ရေးသားခြင်းများရှိသကဲ့သို့ ကိုယ်တိုင်ရှိသည့်လမ်းထက် အိန္ဒိယနိုင်ငံဘက်မှ စာပေများပေါ်အခြေခံပြီး မြန်မြန်ဆန်ဆန် ကွန့်မြူးခဲ့ကြောင်း၊ နောက်ပိုင်းခေတ်များတွင် ဥရောပတိုက်သားများ မိမိတို့ တိုင်းပြည်ရောက်ရှိလာချိန်တွင် ၎င်းတို့ဘာသာစကားရှိသည့် စာပေများကို ဘာသာပြန်ဆိုခြင်းများရှိခဲ့ပြီး အထူးသဖြင့် အင်္ဂလိပ်ဘာသာစာအုပ်စာပေများကို ဘာသာပြန်ခဲ့ကြောင်း။

ဗြိတိသျှကိုလိုနီခေတ်တွင်လည်း မြန်မာပညာရှိများ၊ စာတတ်ပေတတ်ပုဂ္ဂိုလ်များသည် နိုင်ငံခြားသားများနှင့် တွဲဖက်ဘာသာပြန်ဆိုခြင်းများ ရှိခဲ့ကြောင်း၊ သခင်ဘသောင်းသည် ဘာသာပြန်ဆိုခြင်းအလုပ်ဖြင့် တိုင်းပြုပြည်ပြုမြန်မာများကို ဘာသာပြန်ဆိုမှုနှင့် နား၊ မျက်စိဖွင့်ပေးကာ ကြွေးကြော်၍ လုပ်ဆောင်ခဲ့ကြကြောင်း၊ ယင်းနှင့်မရှေးမနှောင်း ထိုကဲ့သို့ပေါ်ပေါက်လာသည့် အသင်းအဖွဲ့ဖြစ်သည့် နဂါးနီစာအုပ်အသင်းဖြစ်ကာ မြန်မာလူငယ်လူရွယ်များကို နိုင်ငံရေးအသိပေးရန်နိုင်ငံတကာ၊ နိုင်ငံရေးသဘောတရားစာပေ၊ နိုင်ငံတကာရှိ နိုင်ငံရေးလှုပ်ရှားမှု၊ လွတ်လပ်ရေးလှုပ်ရှားမှုအတွေ့အကြုံ၊ အတ္ထုပ္ပတ္တိများကို အင်တိုက်အားတိုက်ဘာသာပြန်ဆိုခဲ့ကြောင်း။

နောက်ပိုင်းတွင် ဝန်ကြီးချုပ် ဦးနုသည် နဂါးနီစာအုပ်တိုက်ကို စတင်ထူထောင်ခဲ့သူဖြစ်ပြီး ဘာသာပြန်စာပေအသင်းဖွဲ့စည်းထူထောင်ခဲ့ကာ လက်စွဲဆောင်ပုဒ်သည် "အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဖြစ်ကြောင်း၊ တကယ်ကြွေးကြော်ခဲ့သလိုပင် ဘာသာပြန်စာအုပ်စာတမ်းတွေများစွာထွက်ရှိခဲ့ကြောင်း၊ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ လွတ်လပ်ရေးရပြီးခေတ်များ၌ ထင်ရှားသည့် မြန်မာစာရေးဆရာကြီးများကိုကြည့်ပါက အများစုသည် ဘာသာပြန်သည့်အလုပ်များကို လုပ်ဆောင်ခဲ့ကြကြောင်း။ စာရေးဆရာကြီးဖြစ်သည့် ဒဂုံရွှေမျှား၊ ရွှေဥဒေါင်း၊ သခင်ဘသောင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့ ဘာသာပြန်ဆိုခဲ့ကြကြောင်း။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန် ဘာသာပြန်မှုသည် များစွာလိုအပ်နေကြောင်း၊ ယနေ့ခေတ်ကူးလူးဆက်ဆံမှု၊ အသိပညာ၊ ဆက်သွယ်ရေးကွန်ရက်များ တိုးတက်မြန်ဆန်လာသည်နှင့်အမျှ ဘာသာပြန်လုပ်ငန်းကိုပိုမိုကာ များများပြားပြား မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်လိုအပ်လာကြောင်း၊ နိုင်ငံတကာတွင် စာအုပ်စာတမ်းထွက်ရှိမှု အင်မတန်များပြားလာပြီး ယခုအခါ ပြောင်းလဲမှုမြန်ဆန်လာသကဲ့သို့ ပြောင်းလဲမှုကို သုံးသပ်ရေးသားထားမှုများလည်း အလျှင်အမြန် ထွက်ပေါ်လျက်ရှိကြောင်း၊ အယူအဆအသစ်များနှင့်စပ်လျဉ်း၍ သုံးသပ်သည့်စာအုပ်စာတမ်းများ ထွက်ပေါ်လျက်ရှိပြီး ကမ္ဘာတွင် လတ်တလောပေါ်ပေါက်နေသည့် အယူအဆ၊ သုံးသပ်မှု စဉ်းစားတွေးတောနေသည့်အမြင်များကို ကမ္ဘာနှင့်အမီလိုက်လံဘာသာပြန်ဆိုမှုလိုအပ်နေသည်ဟု ယူဆကြောင်း။

နိုင်ငံတော်တော်များများကိုကြည့်ပါက ဂျပန်နိုင်ငံသည် ဘာသာပြန်လုပ်ငန်းထွန်းကားခဲ့ပြီး အိမ်နီးချင်းထိုင်းနိုင်ငံသည်လည်း လတ်တလောရောင်းအားအကောင်းဆုံးစာအုပ်များကို အမြန်ဆုံးဘာသာပြန်ထုတ်ဝေလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ဘာသာပြန်နှုန်းအသင့်အတင့်ရှိသော်လည်း ထိုအတိုင်းအတာရှိရန် လူအင်အားလိုအပ်နေကြောင်း၊ ထို့ကြောင့် စာပေဦးဆောင်ရေးသားနေသည့် ပုဂ္ဂိုလ်များအနေဖြင့် ဘာသာပြန်မှုကို အမှီပြုဆောင်ရွက်ရန် လိုအပ်နေသည်ဟု ယူဆပါကြောင်း။

ယခုစာတမ်းဖတ်ပွဲမှတစ်ဆင့် စာပေတိုးတက်ထွန်းကားရေး၊ ထိုမှတစ်ဆင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ထွန်းကားရေးအတွက် မျှော်လင့်ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကိုကျင်းပရာ သဘာပတိများအဖြစ် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)နှင့် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဒေါက်တာအောင်ကြီးက "ယဉ်ကျေးမှုကို ဘာသာပြန်ခြင်း" စာတမ်းနှင့် စာတမ်းရှင် ဦးအေးကျော်(မောင်ကြည်သစ်)က "ဒသနဝေါဟာရ ဘာသာပြန်ပြဿနာ" စာတမ်းကိုဖတ်ကြားကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် ဦးအောင်ရှင်(မုံရွာအောင်ရှင်)နှင့် ဒေါက်တာအောင်ကြီးတို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်ဒေါက်တာသန့်လွင်မောင်(ကိုတာ)က "ဦးကြည်မောင်၏ ဘာသာပြန်" စာတမ်း၊ စာတမ်းရှင်ဒေါက်တာမြင့်ဇံက ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မြန်မာဘာသာပြန်ဆိုမှုနှင့် စပ်လျဉ်းသည့် သုံးသပ်ချက်အချို့ "စာတမ်းနှင့် စာတမ်းရှင် ဒေါက်တာဇော်ထွန်း(မောင်ဇော်ထွန်း) က "မြန်မာကဗျာကို အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း" စာတမ်းများကိုဖတ်ကြားကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ စာတမ်းရှင်များဖြစ်ကြသည့် ဒေါ်ခင်ဖုဏ်းရည် (နတ်မောက်အနီချို)၊ ဦးဝင်းထွန်း(မောင်ဝင့်သူ)၊ မင်းတင်၊ ဒီနိုဗိုနှင့် ဦးခင်မောင်မြင့် (ပန်းတနော်ခင်မောင်မြင့်)တို့က သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းများကို ဖတ်ကြားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရုပ်သံလွှင့်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိသူ ပုဂ္ဂလိကကုမ္ပဏီငါးခုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်သံလွှင့်လုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ရရှိသူ ပုဂ္ဂလိကကုမ္ပဏီငါးခုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရုပ်သံလွှင့်လုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ရရှိသူ ပုဂ္ဂလိကကုမ္ပဏီငါးခုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

ဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် အဆိုပါကုမ္ပဏီငါးခုမှ တာဝန်ရှိသူများသည် ရုပ်သံလွှင့်မှုနည်းပညာပိုင်းဆိုင်ရာများ၊ မူဝါဒပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ရုပ်သံလွှင့်လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ထုတ်လွှင့်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါလုပ်ကိုင်ခွင့်ရရှိသူ ကုမ္ပဏီငါးခုမှာ Mizzima Media Co., Ltd.၊ Young Investment Group Co.,Ltd.၊ Kaung Myanmar Aung Co., Ltd.၊ Fortune International Ltd.၊ DVB Multi Media Group Co., Ltd. တို့ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Multi Channel Playout System တွင် ရုပ်သံလွှင့်လုပ်ငန်း Digital Free- to- Air လုပ်ကိုင်ခွင့်ရရှိသူ Content Provider များအဖြစ် မေ ၁၁ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ကျောင်းကုန်းကျေးရွာအုပ်စု၌ သောက်သုံးရေပေးလှူ

**ဖျာပုံ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ကျောင်းကုန်းကျေးရွာ၌ သောက်သုံးရေရှားပါးမှုကြောင့် မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် တာဝန်ရှိသူများ၊ အမာ နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ကျော်စိုးနှင့်တပ်ဖွဲ့ဝင် ၂၀ တို့က ဖျာပုံမြို့နယ် မီးသတ်ဦးစီးဌာနမှ သန္ဓေတပ်ဖွဲ့ တပ်ကြပ်ကျော်ထွန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလင်းထိုက်တို့ပူးပေါင်း၍ တစ်အိမ်ထောင်လျှင် သောက်သုံးရေရှစ်ဂါလန်နှုန်းဖြင့် ရေဂါလန်ပေါင်း ၁၅၀၀ ပေးလှူခဲ့ကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

# အင်းလေးရပ်ဝန်းနယ်မြေထိန်းသိမ်းရေး တာဝန်သိသူတိုင်း တာဝန်ရှိရမည်

## မြန်ဂုဏ်ဆောင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန်တိမ်ကောပပျောက်မှု လျော့နည်းကင်းဝေးစေရန် အတွက် အင်းလေးကန်စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးကော်မတီနှင့် ဆည်မြောင်းဦးစီးဌာနတို့က ဝယ်ယူထားသော Bell ၂၅၀ သောင်တူးစက်အမျိုးအစားကို UMG Myanmar ကုမ္ပဏီက ၂၀၁၆ ခုနှစ် မေ ၈ ရက်တွင် ဒေသခံအင်းလေးသားတို့အား လွှဲပြောင်းပေးခဲ့သည်။

အဆိုပါသောင်တူးစက်သည် ရေအနက်နှစ်ပေအထိ သဲနုန်းနှင့် နွံများကို စုပ်ယူဖယ်ရှားနိုင်စွမ်းရန် ဒီဇိုင်းပြုလုပ်ထားပြီး ဂျာမနီနိုင်ငံ Dcutz ကုမ္ပဏီကထုတ်လုပ်သော ၄၆၀ HP မြင်းကောင်ရေ စွမ်းအားရှိအင်ဂျင်ကို သုံး၍ အီလက်ထရွန်နစ်နှင့် ကွန်ပျူတာစနစ်တို့ဖြင့် ထိန်းချုပ်မောင်းနှင်သည်။

အင်းလေးကန်ရပ်ဝန်းအောက်ခြေရှိ သဲနုန်းနှင့် နွံများကို တစ်နာရီလျှင် ၁၃၀ M3 မှ ၂၀၀ M3အထိ စုပ်ယူနိုင်သည်။ သဲနုန်းနှင့် နွံများကို ပေ ၄၀၀၀ အကွာအဝေးအထိ ၁၀ လက်မအချင်းရှိ စတီးပိုက်များ အသုံးပြုကာ ဖယ်ရှားပေးမည် ဖြစ်သည်။

၂၀၁၆ ခုနှစ် မတ်လက အင်းလေးကန်ဒေသရပ်ဝန်းသို့ စက်ပစ္စည်းများရောက်ရှိလာပြီး ဆည်မြောင်းဦးစီးဌာန အင်ဂျင်နီယာ၊ နယ်သာလန်နိုင်ငံ Bell ကုမ္ပဏီမှ အင်ဂျင်နီယာ၊ UMG Myanmar အင်ဂျင်နီယာများ ပါဝင်သော ပူးပေါင်းအဖွဲ့က ရေချစမ်းသပ်အောင်မြင်ခဲ့သည်။

အင်းလေးကန်ဒေသရပ်ဝန်း စိုပြည်သာယာရေးအတွက် ခေတ်မီသောသောင်တူးစက်ကို အင်းလေးဒေသခံပြည်သူများအား လွှဲပြောင်းပေးမည်ဖြစ်ရာ သောင်တူးစက်နှင့်ပတ်သက်သော စာရွက်စာတမ်းများ လက်ဝယ်ရယူပိုက်ထွေးပြီးသည်နှင့် ဒေသခံသွေးချင်းများက မိမိတို့အင်းလေးရပ်ဝန်းဒေသနယ်မြေကို ထိန်းသိမ်းဖို့လိုအပ်လာသည်။ မိမိတာဝန် မိမိသိဖို့ လိုလာသည်။

အင်းသူအင်းသားများက အသိပညာ အတတ်ပညာပိုင်း၊ စက်ကိရိယာပိုင်းဆိုင်ရာများကို သေသေချာချာ ဂဃနဏသိရှိအောင် ကြိုးစားပြီး မိမိတို့ပိုင်ဆိုင်သော အင်းလေးဒေသ မတိမ်ကောရေးကို ဖောင်းပေးတာဝန်ယူကြပေမည်။

ပြည်သူက ရွေးချယ်တင်မြှောက်သော ပြည်သူ့အစိုးရပေါ်ပေါက်လာပြီးနောက် မျက်နှာစာကဏ္ဍတိုင်းတွင် အစိုးရကိုချည်းအားမကိုးဘဲ မိမိတို့ဒေသဝန်းကျင်အတွက် မိမိတို့အားလုံးက တာဝန်ယူရဲရပါမည်။ တာဝန်ခံရဲရပါမည်။ တာဝန်သိစိတ် မွေးရပါမည်။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က ‘အမှိုက်’ ကောက်ပြသော ခေတ်ကြေးမုံပြင်မြင်ကွင်းဝယ် မိမိကိုယ်တိုင်က လမ်းမပေါ် အမှိုက်တစ်စပစ်ရမည်ကို စိုးရိမ်ကြောက်ရွံ့ ရှက်သွေးဖြာသင့်ပါသည်။

ဒေသတွင် တာဝန်ကျ၍ တာဝန်ယူနေကြသော ဝန်ထမ်းများက ပြည်သူများထဲမှပြည်သူများသာဖြစ်၍ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်၊ ပြည်သူ့ခံစားချက်၊ ပြည်သူ့အသံကို ကောင်းစွာနားစွင့်ထားသကဲ့သို့ ဒေသခံတိုင်းရင်းသား အင်းသူအင်းသားများဘက်ကလည်း မိမိကိုထမင်းတစ်လုပ်ကျွေးနေသော၊ မိမိအာဟာရအတွက် ငါးတစ်ကောင်မွေးပေးနေရသော ရပ်ဝန်းဥယျာဉ်ခြံမြေပေါ် တာဝန်ယူရဲရပါမည်။ တာဝန်ခံရဲရပါမည်။

အတိတ်က အင်းလေးကန် ဇီဝရပ်ဝန်းနယ်မြေအခြေအနေကို ပြန်လည်၍ သမင်လည်ပြန်ကြည့်ကြပါစို့။ မြန်မာနိုင်ငံတွင် ယူနက်စကို၏ ဇီဝအဝန်းနယ်မြေအဖြစ်အသိအမှတ်ပြု၍ မြန်မာကိုကမ္ဘာက သိမြင်လာခြင်းသည် အင်းလေးရပ်ဝန်းဒေသကြောင့်သာဖြစ်သည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၂၀၁၅ ခုနှစ် ဇွန်လ ၈ ရက်မှ ၁၂ ရက်အထိကျင်းပခဲ့သော (၂၇)ကြိမ်မြောက် ယူနက်စကို၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကောင်စီ အစည်းအဝေး (27th Session of the MAB International Co-ordinating Council - ICC)တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ရပ်ဝန်းဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံး ဇီဝရပ်ဝန်း (Biosphere Reserve) အဖြစ် ၂၀၁၅ ခုနှစ် ဇွန် ၉ ရက်က အသိအမှတ်ပြုခဲ့သည်။ ၂၀၁၄ ခုနှစ် နိုင်ငံပေါင်း ၁၁၉ နိုင်ငံ၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ၏ ၆၅၁ ခုမြောက်နယ်မြေဖြစ်သည်။

အင်းလေးကန်၏ ပထဝီမြေအနေအထားသည် တောင်ကြီးခရိုင်အတွင်း နမ့်လတ်ချိုင့်ဝှမ်း၊ ညောင်ရွှေချိုင့်ဝှမ်း၏ တောင်ဘက်စွန်းတွင်တည်ရှိပြီး ထုံးကျောက်ပျော်ကန်မြေအမျိုးအစားအဖြစ် နှစ်သန်းပေါင်းများစွာ သက်တမ်းရှိ သက်တမ်းရင့်ကျောက်အဖြစ် ဘူမိဗေဒပညာရှင်တို့က ခန့်မှန်းခြင်းခံခဲ့ရသည်။ ထုံးကျောက်လွှာ တောင်တန်းများဝန်းရံထားသည်။ ရေဝေရေလဲဧရိယာအဖြစ် ညောင်ရွှေ၊ တောင်ကြီး၊ ကလော၊ ပင်လောင်း၊


ဓာတ်ပုံ - အင်တာနက်

**“အင်းလေးကန်ဒေသရပ်ဝန်း စိုပြည်သာယာရေးအတွက် ခေတ်မီသော သောင်တူးစက်ကို အင်းလေးဒေသခံပြည်သူများအား လွှဲပြောင်းပေးမည်ဖြစ်ရာ သောင်တူးစက်နှင့်ပတ်သက်သော စာရွက်စာတမ်းများ လက်ဝယ်ရယူပိုက်ထွေး ပြီးသည်နှင့် ဒေသခံသွေးချင်းများက မိမိတို့အင်းလေးရပ်ဝန်းဒေသနယ်မြေကို ထိန်းသိမ်းဖို့လိုအပ်”**

ပင်းတယ၊ ရပ်စောက်၊ ဖယ်ခုံတို့နှင့် ထိစပ်နေသည်။

အင်းလေးကန်ရပ်ဝန်းနယ်မြေသည် သန့်ရှင်းလတ်ဆတ်သော လေ၊ ရေ၊ ရာသီဥတုပေးစွမ်းနိုင်သည်။ ငါးသယံဇာတအရင်းအမြစ် ပေါကြွယ်ဝသည်။ ဂေဟစနစ်ဝန်ဆောင်မှုများ ထောက်ပံ့ပေးနိုင်သည်။ ယူနက်စကို၏ လူသားနှင့် ဇီဝဝန်းကျင်နယ်မြေအဖြစ် သတ်မှတ်ခံရအောင် နှစ်ပေါင်းရာချီကပင် ဒြပ်ဝတ္ထု အပြည့်အဝရှိခဲ့ပြီးဖြစ်သည်။

အင်းလေးကန်ရပ်ဝန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ကီလိုမီတာ ၁၅၀၀၊ အလျား ၂၁ ကီလိုမီတာ၊ အနံ ၁၁ ကီလိုမီတာ၊ ဧရိယာ ၄၈၉၇၂၁ ဟက်တာ ရှိသော ကုန်းတွင်းရေချိုအိုင်ဖြစ်သည်။ တာယောချောင်း၊ သန်းတောင်ချောင်း၊ အင်းတိမ်ချောင်း၊ သလဲဦးချောင်းတို့ စီးဆင်းပြီး တောင်ဘက်ကယားပြည်နယ်သို့ ဘီလူးချောင်းအဖြစ် တသွင်သွင်စီးဆင်းနေဆဲဖြစ်သည်။

အင်းလေးကန်ရပ်ဝန်းဧရိယာတွင် ငှက်မျိုးစိတ် ၂၇၀၊ ငါးမျိုးစိတ် လေးမျိုး၊ လိပ်မျိုးစိတ် သုံးမျိုး၊ လိပ်ပြာမျိုးစိတ် ၉၄ မျိုး၊ ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ် ၃၄ မျိုး ကျက်စားကြသည်။ ဆေးဖက်ဝင်သစ်ပင် ၅၂၇ မျိုး၊ သစ်ခွ ၁၃၅ မျိုး ပေါက်ရောက်ရှင်သန်ကြသည်။ ရှားပါးငှက်မျိုးစိတ်သတ္တဝါနှင့် ဇီဝမျိုးစိတ်တို့က ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ညှို့ယူနေသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရွှေဖောင်တော်ဦး၊ အလိုတော်ပေါက်၊ ရွှေအင်းတိန် ဗုဒ္ဓပူဇနိယပွဲများ၊ ငါးဖယ်ချောင်း ဈေးဟောင်းကျောက်တိုင်၊ ရေပေါ်ဈေး၊ နမ့်ပန်ဈေး၊ ဟဲယာရွာမဈေးနှင့် ညောင်ရွှေ၊ ဖယ်ခုံငါးရက်တစ်ဈေးတို့ကား ကမ္ဘာလှည့်ရွှေညော့်သည်များ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

အင်းလေးအလှကား ကမ္ဘာလှည့်ရွှေညော့်သည်တို့၏ မြင်ကွင်းဝယ် မရိုးနိုင်သော ထာဝရလောကအလှပင် ဖြစ်သည်။

ဇီဝမျိုးကွဲများကို ဒေသခံအင်းသူအင်းသားတို့က ထိန်းသိမ်းနိုင်ခြင်းဂုဏ်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ခြင်းဂုဏ်၊ လူမှုဘဝဖူလုံဖွံ့ဖြိုးနိုင်ခြင်းဂုဏ်၊ နည်းပညာလက်မှုအတတ်ဖြင့် ရန်ပုံငွေ ငွေကြေးအခွင့်အလမ်းရရှိနိုင်ခြင်းဂုဏ်တို့က အင်းသူအင်းသားတို့ဘဝအလှကို ဂုဏ်ဝင့်စေလျက်ရှိသည်။ ဝမ်းရေးဘဝ ဖူလုံစေသည်။

အင်းလေးကန်ရပ်ဝန်း ခိုင်မာတည်တံ့ရန် ရေပြင်တစ်လျှောက်ဝယ် စက်ယန္တရားများဖြင့် နုန်းထိန်းတမံတည်ဆောက်ခြင်း၊ နုန်းဖမ်းဆည်များတည်ဆောက်ခြင်း၊ သဲနုန်းတူးဖော်ခြင်း၊ ရေလမ်းကြောင်းဖောက်ခြင်း၊ ခြံစည်းရိုးသတ်မှတ်ခြင်း၊ ကျွန်းမျော၊ ရေမှော်ရှင်းလင်းခြင်းတို့ကို နိစ္စဓူဝဆောင်ရွက်နေမှုများက ‘အိမ်သာ၍ ဧည့်လာ’ကြသူ ကမ္ဘာလှည့်ရွှေညော့်သည်များအတွက် ကျေနပ်အားရမှု အပြည့်အဝပေးလျက်ရှိသည်။

ကမ္ဘာ့ယူနက်စကိုအဖွဲ့၏ လူသားနှင့် သဘာဝဇီဝအဝန်းနယ်မြေ ထိန်းသိမ်းခြင်းလုပ်ငန်းကို ၁၉၇၂ ခုနှစ်မှစတင်၍ ၁၉၇၆ ခုနှစ်တွင် တိတိပပ အကောင်အထည်ဖော်မှု၌ ဒေသခံတိုင်းရင်းသားပြည်သူ အင်းသူအင်းသားများက သဘောပေါက်၍ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ စည်းကမ်းဥပဒေသတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်မှုကြောင့်သာလျှင် အင်းလေးကန်ရပ်ဝန်းသည် ကမ္ဘာတွင် ဂုဏ်ထည်နိုင်ခဲ့ခြင်းသာဖြစ်သည်။

ရေဝေရေလဲဒေသများ သစ်တောပြုန်းတီးမှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုထိန်းသိမ်းရန် အမေရိကန်ဒေါ်လာ ၄၃ သန်း အကုန်အကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အင်းလေးကန်ရပ်ဝန်းဒေသဖွံ့ဖြိုးတိုးတက်ရန်၊ မြေဆီလွှာတိုက်စားမှုရှောင်ကြဉ်ရန် နုန်းပို့ချမှုကို တူးဖော်ခြင်း၊ ကျွန်းမျောစိုက်ခင်းများတွင် ဓာတုပိုးသတ်ဆေးလျော့ချအသုံးပြုခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သစ်တောထိန်းသိမ်းခြင်း၊ အမှိုက်နှင့်ရေဆိုးစနစ်တကျစွန့်ပစ်ခြင်း၊ ထင်းအစားထိုးမီးဖိုသုံးစွဲခြင်းတို့ကို ဒေသခံအင်းသူအင်းသားများက တိတိပပဆောင်ရွက်သင့်ပါသည်။ အရပ်ဘက်လူမှုရေးအဖွဲ့အစည်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မိခင်ဌာနနှင့် ရှမ်းပြည်နယ်အစိုးရတို့၏ပူးပေါင်းမှုဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဖောင်းပေးဆောင်ရွက်သင့်ပါသည်။

အင်းလေးကန်စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသများထိန်းသိမ်းရေးအတွက် ကမ္ဘာ့ယူနက်စကိုက ထိုက်တန်စွာထောက်ပံ့မှု၊ ပံ့ပိုးကျားကန်မှု အပြည့်အဝဆောင်ရွက်နေသကဲ့သို့ အင်းလေးကန် ရပ်ဝန်းနယ်မြေဇုန်ကလည်း အမိနိုင်ငံ၏ အဓိက ရေအားလျှပ်စစ်ထုတ်လုပ်မှု လောပိတရေအား လျှပ်စစ်စက်ရုံ၏ ရေအရင်းအမြစ်ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

သို့ရာတွင် အယ်လ်နီညို (El Nino)အပူလှိုင်း၏ ရိုက်ချက်ကြောင့် အင်းလေးကန်မှာ ရေဝင်ရောက်မှုနည်းလာပြီး ညောင်ရွှေ-အင်းလေးဆက်သွယ်သော နမ့်လတ်ချောင်းရေလမ်းကြောင်း အခက်အခဲကြုံလာသည်။ သဲနုန်းပို့ချမှုကြောင့် တိမ်ကောလာသည်။ ညောင်ရွှေ-ဖယ်ခုံ ရေလမ်းကြောင်း ကျဉ်းလာသည်။ ဒေသခံတိုင်းရင်းသားတို့ နေအိမ်တိုးချဲ့မှုနှင့် တောင်ယာခုတ်ထွင်မှုကြောင့် နွေရာသီတွင် ရေလျော့နည်းသွားရသည်။

အင်းလေးကန်ရပ်ဝန်း ရေဝေရေလဲဒေသတွင် နှစ်စဉ်မိုးရေချိန် လက်မ ၄၀ ဝန်းကျင်ဖြစ်လာရသည်။ မိုးရေချိန် ၂၃ လက်မမှ ၄၇ လက်မအနေအထား၊ အပူချိန် ၅ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ် ဖြစ်လာရသည်။

အင်းလေးကန်ရပ်ဝန်းတွင် စီးဆင်းနေသော ချောင်း ၂၉ ချောင်းတွင် အရှေ့ဘက် ၁၇ ချောင်း၊ အနောက်ဘက် ၁၁ ချောင်းနှင့် မြောက်ဘက် တစ်ချောင်းသာရှိသည်။ ရေဝေရေလဲဧရိယာကျဉ်းပြီး ချောင်းများတို့၏ ရေစီးဝင်အားနည်းလာရသည်။ ၁၂ လ ရာသီရေစီးသော နမ့်လတ်၊ နယ်ခြား၊ ကလောနှင့် ဘီလူးချောင်းတို့သာ ထီးထီးမားမားရပ်တည်နေပြီး ရေစီးအားမှန်သည်။ ချောင်း ၂၉ ချောင်း၏ ရေစီးဆင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်တွင် သဲနုန်းကျင်း ငါးသိန်းခန့်ပို့ချရာ မိခင်ဌာနမှ တစ်နှစ်လျှင် သဲနုန်းကျင်း တစ်သိန်းသာ တူးဖော်ခွင့်ရ၍ ရေအခက်အခဲကြုံတွေ့နေရခြင်းသာ ဖြစ်သည်။

အင်းလေးဒေသခံပြည်သူ အင်းသူအင်းသားများ၏ ဘဝရှေ့ရေးအဆင်ပြေရေး၊ လူမှုဘဝဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုလာရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ချရေး၊ ကမ္ဘာ့အသိအမှတ်ပြု ရေရှည်ခံယူနိုင်ရေး အတွက် ‘ဥစ္စာရင်လို ဥစ္စာရင်ခဲ’သောအနေဖြင့် နှစ်ပေါင်းသန်းချီ၍စောင့်ထိန်းခဲ့သော အင်းလေးကန်အလှ ထာဝရလှပစိုပြည်နိုင်ရေးအတွက် နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်ရေး၊ ရေမှော်၊ စွန့်ပစ်အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ရေး၊ ရေကောင်းရေသန့်သုံးစွဲရေး၊ ကျွန်းမျော၊ ရေမှော်၊ ဗေဒါများရှင်းလင်းရေး၊ အာဆီယံ၏ အမွေအနှစ် သက်ရှိသက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရေးအတွက် ပူးပေါင်းသင့်ပါသည်။

အင်းလေးကန်စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော သောင်တူးစက်အားဖြင့် မိမိတို့ဘဝ သာယာလှပရေး၊ မိမိတို့ အင်းလေးရပ်ဝန်းနယ်မြေထိန်းသိမ်းရေးတို့ကို သဲနုန်းနှင့်နွံများ စုပ်ယူဖယ်ရှားခြင်းဖြင့် အင်းလေးအလှ၊ အင်းလေးဒေသ သာယာလှပရေး၊ ဒေသခံသွေးချင်းများ ဘဝဖူလုံရေး၊ ဝင်ငွေပိုမိုရရှိရေး၊ အသက်မွေးဝမ်းကျောင်းကို အထောက်အကူဖြစ်ရေးအတွက် တာဝန်သိသူတိုင်းက တာဝန်ရှိရမည်သာဖြစ်သည်။ တာဝန်ရှိနိုင်အောင် ဖန်တီးကြရပေမည်။

အင်းလေးကန်ရပ်ဝန်းနယ်မြေထိန်းသိမ်းရေးကို နှလုံးသားအလှဖြင့် ခြယ်သကြပါစို့။ ။

# မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး



**ရန်ကုန် ဧပြီ ၂၉**

မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်ပြခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာတွင် ယနေ့တွင် မည်သည့်အတိုင်းအတာအထိ အဖြေရလဒ်များပေးနိုင်သည်ကို မသိသော်လည်း အပြန်အလှန် ဆွေးနွေးမှုများစွာရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ယခုဆွေးနွေးခြင်းသည် အဖြေရလဒ်များ ထွက်ပေါ်မည်ဟု ယုံကြည်ကြောင်း၊ ရုပ်ရှင်လောကတိုးတက်ရေးကို အဓိကခေါင်းစဉ်တင်ထားသော်လည်း ဆွေးနွေးမည့်အကြောင်းသည် ရုပ်ရှင်လောက၌ ပြောဆိုနေကြသည့် ရုပ်ရှင်လောကသားများက လွတ်လပ်စွာ ရိုက်ကူးတင်ဆက်ပြသလိုသော်လည်း ဆင်ဆာအဖွဲ့က ဆောင်ရွက်ချက်များနှင့် အနည်းငယ် အငြင်းပွားနေမှုရှိကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆွေးနွေးအဖြေရှာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ရုပ်ရှင်လောကသားများနှင့် ဆင်ဆာအဖွဲ့များက ယခုဆွေးနွေးပွဲကိုကျင်းပရေး အကြံပြုထားကြောင်း၊ ယခုဆွေးနွေးပွဲတွင် လွတ်လွတ်လပ်လပ်ဆွေးနွေးကြရန်နှင့် ထိုမှတစ်ဆင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ဆုံးဖြတ်ချက်များရရှိပါစေကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ အတွင်းရေးမှူး ဦးသိန်းနိုင်က ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများတွင် အငြင်းပွားဖွယ်ဖြစ်နေသည့် အပြော၊ အပြများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းနှင့် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်တို့က ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ဦးသူရ(ဇာဂနာ)က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရန် ဖိတ်ခေါ်ရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဖေက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆွေးနွေးပွဲမှရရှိလာသည့် ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းနှင့် သတင်းမီဒီယာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဘာသာပြန်စာပေစာတမ်းဖတ်ပွဲမှ စာတမ်းရှင်များ၏ အတွေးအမြင်များ

တွေ့ဆုံမေးမြန်း- ရီရီမြင့်၊ မြတ်စန္ဒီ
ဓာတ်ပုံ- ဇော်မင်းလတ်

**ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့၌ စတင်ကျင်းပသည်။ ယနေ့စာတမ်းဖတ်ပွဲတွင် ပါဝင်ဖတ်ကြားသူ စာတမ်းရှင်များ၏ ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲနှင့် ဘာသာပြန်စာပေအပေါ် ၎င်းတို့၏ အတွေးအမြင်များကို ကောက်နုတ်စုစည်း ဖော်ပြအပ်ပါသည်။**



ဒေါက်တာအောင်ကြီး



ဦးအေးကျော်(မောင်ကြည်သစ်)



ဒေါက်တာဇော်ထွန်း



ဒေါက်တာမြင့်ဇံ



ဒေါက်တာသန့်လွင်မောင်(ကိုတာ)

**ဘာသာပြန်တဲ့အခါ ယဉ်ကျေးမှုကို ဘာသာပြန်တာပိုအရေးကြီးတယ်**
**ဒေါက်တာအောင်ကြီး**

ယဉ်ကျေးမှုကို ဘာသာပြန်ဆိုခြင်း စာတမ်းကိုဖတ်ပါမယ်။ ဘာသာပြန်ကို ပထမ ရိုးရိုးတန်းနားလည်တာက နိုင်ငံခြားဘာသာတစ်ခုကို တိုင်းရင်းဘာသာထဲကို စကားလုံးပြောင်းတယ်လို့ပဲ သဘောပေါက်တယ်။ ဘာသာပြန်တဲ့အခါ ယဉ်ကျေးမှုကို ဘာသာပြန်တာ ပိုအရေးကြီးတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ယဉ်ကျေးမှုမတူဘူး။ ယဉ်ကျေးမှုဓလေ့တွေမတူတဲ့အတွက် ဘာသာပြန်တဲ့အခါ အရေးကြီးပါတယ်။ ဘာသာပြန်စာတမ်းဖတ်ပွဲလုပ်တာ အင်မတန်ကောင်းတဲ့အလုပ်ပါ။ စာတမ်းရှင်အနေနဲ့ ပညာရှင်တွေမေးတဲ့အခါ ပြန်ဖြေနိုင်အောင် ပိုပြီးပြင်ဆင်ရတယ်။ စာတမ်းဖတ်ပွဲ မတူတာကိုတင်တယ်။ တွေးခေါ်စရာအပြင် ဘာသာပြန်စာပေအတွက် ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ ဘာသာပြန်စာပေအသင်းဖွဲ့ဖို့ လိုသလား၊ ဘာသာပြန်ရာမှာ အလွဲတွေတွေ့ရတယ်။ ရုပ်ရှင်တွေ၊ ရုပ်သံဇာတ်လမ်းတွေမှာ ဘာသာပြန်တာ အဓိကကျတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပိုင်းတွေမှာလည်း ဘာသာပြန်တာ အရေးကြီးတယ်။ နိုင်ငံရေးဆို ပိုဆိုးတယ်။ ဘာသာပြန်မှားရင်မလွယ်ဘူး။ ဒါကို အရေးတယူလုပ်ပြီး ဒီပွဲမှာ ပညာရှင်တွေ နှီးနှောဖလှယ်ကြမယ်၊ ညှိနှိုင်းကြမယ်ဆိုတာ သင့်မြတ်တယ်လို့ ယူဆပါတယ်။

**ဒီစာတမ်းဖတ်ပွဲက ဘာသာပြန်စာပေ ထွန်းကားဖို့ ခြေလှမ်းသစ်စတယ်လို့မြင်တယ်**
**ဦးအေးကျော်(မောင်ကြည်သစ်)**

ဒဿနစာပေကို အင်္ဂလိပ်ဘာသာကနေ မြန်မာပြန်ဆိုတဲ့အခါ ဝေါဟာရတွေ၊ အယူအဆတွေ မှားကြတယ်။ အယူမှားတဲ့အတွက်ကြောင့် ဘာသာပြန် အကြောင်းအရာတွေလည်း မှားကြတယ်။ ဒါတွေကို မီးမောင်းထိုးပြပြီး ဒဿနစာပေမှာ ပညာရပ်ဆိုင်ရာ ဝေါဟာရဖြစ်တဲ့အတွက်ကြောင့် ဝေါဟာရဘာသာပြန်ဟာ အရေးကြီးကြောင်း အဲဒါကိုဆရာ အဓိကထားတာပါ။ ဘာသာပြန်ဆိုတာ နိုင်ငံတိုင်းမှာ ဟိုတုန်းကတည်းကရှိခဲ့ပါတယ်။ ခုပိုလိုအပ်တယ်။ ဘာသာပြန်စာပေဖြစ်တဲ့ တစ်ခုနဲ့တစ်ခု ပညာရပ်တွေ ဖလှယ်တဲ့အခါပဲ ဖြစ်ဖြစ် ရသပိုင်း၊ သုတပိုင်းတွေအတွက် လိုအပ်တာချည်းပဲ။ ဘာသာပြန်ကို ပိုချဲ့ထွင်ပြီး စနစ်တကျ လုပ်ဖို့လိုအပ်တယ်။ ဆရာတို့ နိုင်ငံမှာ ဟိုတုန်းက ဘာသာပြန်စာပေအသင်းဆိုတာရှိတယ်။ လူထုစာပေက အထောက်အကူရတယ်။

ဒါကြောင့် ဘာသာပြန်စာပေပိုပြီး ထွန်းကားစေချင်တယ်။ ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲလုပ်တာ ကောင်းပါတယ်။ အများကြီး လိုအပ်တယ်။

နောက်ထပ် ဘာသာပြန်အဖွဲ့အစည်းတွေ၊ ဘာသာပြန်သင်တန်းကျောင်းတွေ လိုအပ်တယ်။ အခြားနိုင်ငံမှာ ဘာသာပြန်လုပ်ငန်းက တကယ်ပရော်ဖက်ရှင်နယ် အလုပ်ပဲ။ အဲဒီအဆင့်ထိ ရောက်အောင်လုပ်ပေးဖို့လိုတယ်။ ဒါကြောင့်မို့ ဒီစာတမ်းဖတ်ပွဲက ဘာသာပြန်စာပေထွန်းကားဖို့ ခြေလှမ်းသစ်စတယ်လို့ မြင်တယ်။ ဒီထက်လည်း ခိုင်ခိုင်မာမာသွားမယ်လို့ ထင်တယ်။

**နှစ်စဉ်ကျင်းပမယ်လို့ မျှော်လင့်ပါတယ်**
**ဒေါက်တာဇော်ထွန်း**

မြန်မာဘာသာကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းခေါင်းစဉ်နဲ့ ဒီနေ့ ဖတ်ကြားမှာပါ။ အကြောင်းအရာအကျဉ်းချုပ်ကတော့ မြန်မာကဗျာကို အင်္ဂလိပ်လို ဘာသာပြန်တာ ဒီဘက်ခေတ်မှာ ပိုပြီးဖွံ့ဖြိုးလာတယ်။ အရင်ခေတ်က ရှားရှားပါးပါး စာရေးဆရာကြီးတွေလောက်ပဲ များတယ်။ ခုခေတ်မှာ ဝါသနာရှင် လူငယ်လေးတွေ တော်တော်များများ ဘာသာပြန်လာကြတာ တွေ့ရတယ်။ မြန်မာဘာသာကို အင်္ဂလိပ်ဘာသာနဲ့ တိုးတက်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖတ်တာပါ။ ကျွန်တော်က မြန်မာကဗျာ ၃၅ အုပ်လောက် အင်္ဂလိပ်ဘာသာပြန်ပြီးပါပြီ။ ဝတ္ထုတို/ရှည်တွေလည်းပါတယ်။ ဒါတွေ အခြေခံပြီးတော့လည်း ထည့်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီကဏ္ဍက မဖြစ်မနေ ဖွံ့ဖြိုးအောင်လုပ်ရမယ့်ကဏ္ဍထဲမှာ ပါဝင်တာကြောင့် နှစ်စဉ်ကျင်းပမယ်လို့ မျှော်လင့်ပါတယ်။ အရင်က ဘာသာပြန်စာပေအသင်းဆိုပြီး ရှိခဲ့တယ်။ အခုနောက်ပိုင်းတော့ ပထမဆုံး ပြန်လည်စတင်တဲ့ ခြေလှမ်းလို့ ယူဆပါတယ်။

**တချို့ဘာသာပြန်တဲ့နေရာတွေမှာ သိပ်မတိကျဘူးလို့ ယူဆတယ်**
**ဒေါက်တာမြင့်ဇံ**

ဒီနေ့တင်ပြမယ့် စာတမ်းကတော့ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က မြန်မာဘာသာသို့ ဘာသာပြန်ထားတဲ့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဖြစ်ပါတယ်။ ဒါကို ဘာသာပြန်တာနဲ့ပတ်သက်ပြီး မှတ်ချက်ပေးတာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် တချို့ဘာသာပြန်တဲ့နေရာတွေမှာ သိပ်မတိကျဘူးလို့ ယူဆတယ်။ ဘာသာပြန်ရာမှာ လိုအပ်ချက်မဟုတ်သည့်တိုင် ဒီထက်ပိုကောင်း၊ သင့်လျော်တဲ့ ဘာသာပြန်မှုကို ၁၀ နေရာလောက် ပြောပြမှာပါ။ အခုစာတမ်းကို တင်သွင်းရာမှာ စကားပြောသလို တင်သွင်းထားတယ်။ စာတမ်းဖတ်ကြားမှုနဲ့ပတ်သက်ပြီး အင်မတန် နှစ်ထောင်းအားရဖြစ်ပါတယ်။ ပြုလုပ်သင့်ပါတယ်။

**ဘာသာပြန်ဆိုတာ အရေးကြီးပါတယ်**
**ဒေါက်တာသန့်လွင်မောင်(ကိုတာ)**

ဦးကြည်မောင်၏ ဘာသာပြန်စာတမ်းကို တင်မှာပါ။ ဦးကြည်မောင်ဆိုတာ ဗိုလ်မှူးကြီးဟောင်းတစ်ယောက်ပါ။ ပြဇာတ်တွေလည်း ရေးတယ်။ ဂီတကိုလည်း စုံမက်တယ်။ ဘာသာပြန်လည်းရေးတယ်။ သူဘယ်လို ဘာသာပြန်တယ်ဆိုတာကို တင်ပြမှာဖြစ်ပါတယ်။ ဘာသာပြန်ဆိုတာ အရေးကြီးပါတယ်။ မြန်မာစာပေမှာမရှိတဲ့ ဗဟုသုတတွေ၊ အတွေ့အကြုံတွေ၊ အယူအဆတွေကို တခြားဘာသာကနေ ဘာသာပြန်ပြီးထည့်တာ၊ ကိုယ့်နိုင်ငံအကြောင်းပဲသိလို့မရဘူး။ အခြားနိုင်ငံကအကြောင်းတွေလည်း သိဖို့လိုတယ်။ ဒါတွေသိဖို့ ဘာသာပြန်ဆိုတာ လိုအပ်တယ်။ အရေးကြီးတယ်။

**❒ ဘက်စုံထူးချွန်မှ**

မြနန်းဘုံ ROYAL EMERALD RIVER VIEW RESORT ရှိ ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်း(ပုဂံ)တွင် ခေတ္တအနားယူပြီး ညနေစာစားခြင်း၊ တစ်ဦးချင်းမိတ်ဆက်စကားပြောကြားခြင်းတို့ဆောင်ရွက်ကာ ပုဂံစခန်းတာဝန်ခံများက ခရီးစဉ်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

**(နိုင်လင်းကြည်)**

စာပေမြင့်မှ လူမျိုးတင့်မည်

## ပြည်တွင်းရေးရာ

**ရှေ့ဖုံးမှ**

ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံစီးပွားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယအာဆီယံအတွင်းရေးမှူးချုပ်များ၊ အာဆီယံညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပမှ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို အာဆီယံသီချင်းဖြင့် ဖွင့်လှစ်ပြီး ဖိလစ်ပိုင်ရိုးရာ အဆို၊ အကများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် အာဆီယံရိုးရာအကများကို စုပေါင်းကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**အကြိမ်(၃၀)မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး**ကို ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အဆိုပါ ကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်သည်။

အစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက အဖွင့်မိန့်ခွန်းပြောကြားသည်။

အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြားကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Coconut Palace ၌ ကျင်းပသည့် **အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး**သို့ တက်ရောက်သည်။

ယင်းနောက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ASEAN Declaration on the Role of the Civil Service as Catalyst for Achieving the ASEAN Community Vision 2025 လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကြေညာချက်တွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ လက်မှတ်ရေးထိုးသည်။

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတက အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ လက်မှတ်ရေးထိုးထားသည့် အာဆီယံကြေညာချက်ကို အာဆီယံအတွင်းရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် **အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာဆီယံပါလီမန်များညီလာခံ ကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူငယ်ကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲနှင့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းဝေး ပိတ်ပွဲအခမ်းအနား**များသို့ တက်ရောက်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် Nino Aquino International Airport မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာပြီး ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**အကြိမ်(၃၀)မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ASEAN Declaration on the Role of the Civil Service as Catalyst for Achieving the ASEAN Community Vision 2025 လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာဆီယံပါလီမန်များညီလာခံ ကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ တက်ရောက်စဉ်။** (သတင်းစဉ်)

## ပျောက်ဆုံးကင်မရာ နိုင်ငံခြားသားပိုင်ရှင်ထံ ပြန်လည်အပ်နှံ

**မန္တလေး ဧပြီ ၂၉**

ရန်ကုန်မှထွက်ခွာလာသော အမှတ်(၃) အဆန် ရန်ကုန်-မန္တလေး ရထားသည် ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးဘူတာကြီးသို့ ဆိုက်ရောက်စဉ် ခရီးစဉ်လုံခြုံရေး လိုက်ပါလာသော တပ်ဖွဲ့ဝင်များက တွဲဆိုင်းများအား တွဲလျှောက်စစ်ဆေးစဉ် အထက်တန်းတွဲ အိပ်စင် တွဲ(၁)၊ အခန်း(F)၌ လက်ကိုင်ကင်မရာတစ်လုံးကိုတွေ့ရှိပြီး ပိုင်ရှင်အား လိုက်လံစုံစမ်းရှာဖွေခဲ့ရာ မတွေ့ရှိသဖြင့် မန္တလေး ခွဲ(၄) ရထားရဲစခန်းထံ အပ်နှံထားရှိခဲ့သည်။

ယင်းနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် မန္တလေးဘူတာကြီးအတွင်း မေ့ကျန်ကင်မရာ ပြန်လည်လာရောက်စုံစမ်းသော ပေါ်တူဂီနိုင်ငံသား Mr. JOAOPEDRO ကို တွေ့ရှိမေးမြန်းပြီး ပိုင်ရှင်ဖြစ်သူထံ မေ့ကျန်ကင်မရာ HERO-4 အမျိုးအစား လက်ကိုင်ကင်မရာတစ်လုံး(တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၀)ကို မန္တလေးရထားစခန်းမှူး ရဲအုပ် စိုးဦး၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်တို့အား သီးခြားစီတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုတို့ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒူလာတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

**မနီလာ ဧပြီ ၂၉**

အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် Sofitel Philippines Palaza Hotel ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုနှင့်လည်းကောင်း၊ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ဖိလစ်ပိုင်အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒူလာနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတွင် ယခုနှစ်အတွင်း ပိုမိုတိုးတက်လာလျက်ရှိပြီး စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုမြှင့်တင်ရေး၊ စိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ငှက်အော်စမ်းလူငယ်သင်တန်းသားများကို အသက်မွေးဝမ်းကျောင်းပညာရပ် အတတ်သင်ကြားပေးမည်

**နေပြည်တော် ဧပြီ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ရောက်ရှိကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ရှေးဦးစွာ ဘိုးဘွားများအတွက် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၅၄၉၀၀၀၀ ကို ပေးအပ်ကာ ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ အဘိုးဆောင်၊ အဘွားဆောင်၊ ထမင်းစားဆောင်၊ ဘိုးဘွားများ ဆေးရုံ၊ ကိုယ်ကာယကုသဆောင်နှင့် ဓမ္မာရုံတို့ကို လေ့လာကြည့်ရှုပြီး အသက် (၁၀၃)နှစ်ရှိ အဘိုး ဦးကျော်ရှိန်နှင့် အဘွားဒေါ်တင်မြတို့အား သီးခြားထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ ရောက်ရှိကာ လူငယ်များအတွက် အသက်မွေးအလုပ်အကိုင်များ ကျွမ်းကျင်တတ်မြောက်စေပြီး ရပ်ရွာနှင့် မိသားစု အသိုင်းအဝိုင်းအတွင်း ကိုယ်တိုင်ဝင်ငွေဖြင့် ရပ်တည်နိုင်စေသည့် ယုံကြည်မှုမျိုးဖြင့် ဆက်လက်ဆောင်ရွက်စေနိုင်ရန်ရည်ရွယ်၍ ဝါး၊ ကြိမ်၊ ဗေဒါများဖြင့် လက်မှုပစ္စည်းများပြုလုပ်ခြင်း၊ ပြုလုပ်ပြီးလက်မှုပစ္စည်းများကို ဈေးကွက်အတွင်း တင်ပို့နိုင်ရေးတို့အတွက် Myanmar Rattan and Bamboo Enterpreneus Association၊ Royal Modern Furniture၊ ရွှေကော့မှူးလုပ်ငန်းစုတို့နှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်း ဝါးစိုက်ပျိုးမည့်နေရာ၊ ဗေဒါစိုက်ပျိုးရန် လျာထားသည့်နေရာ၊ သက်မွေးပညာရပ်များဖြစ်သော ပန်းရန်သင်တန်း၊ လက်သမားသင်တန်း၊ စက်ပြင်သင်တန်း၊ အပ်ချုပ်စက်သင်တန်းနှင့် အိမ်တွင်း လျှပ်စစ်ပြုပြင်ခြင်းသင်တန်းများကို လှည့်လည်ကြည့်ရှုပြီး သင်တန်းကျောင်းခန်းမ၌ သင်တန်းသား လူငယ်များနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ယခုသင်တန်းကျောင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာကြသော်လည်း မိမိတို့သင်တန်းကျောင်းတွင် နေရမည့်ကာလကို သင်တန်းလာတက်သည်ဟု ယူဆစေလိုကြောင်း၊ သင်တန်းကိုအကျိုးရှိစွာ ပြီးဆုံးအောင် သင်ယူမှုမျိုးဖြစ်စေလိုကြောင်း၊ ဤသင်တန်းကျောင်းတွင်နေထိုင်သည့်ကာလ ပြီးဆုံးပြီး မိသားစုနှင့် ပြန်လည်နေထိုင်သောအချိန်တွင် မိမိ၌သက်မွေးပညာရပ်တစ်ခုခုပါသွားပြီး မိသားစုအတွက် ကောင်းသော အသက်မွေးမှုဖြင့် ရပ်တည်သွားနိုင်သည့် အခြေအနေရောက်ရှိအောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး သင်တန်းသားလူငယ်များ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

အဆိုပါ သင်တန်းကျောင်းတွင် အမျိုးသားလူငယ်လူရွယ် ၄၆၃ ဦးကို လေ့ကျင့် စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**❖အာရှဖလားမှ**

မြန်မာအသင်းသည် အဖွင့်ပွဲတွင် အိန္ဒိယအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် လက်ကျန်ပွဲများတွင် အမှားလုပ်၍မရတော့ဘဲ နိုင်ပွဲများရယူနိုင်ရန် ကြိုးပမ်းရတော့မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ တတိယအဆင့်ခြေစစ်ပွဲတွင် ယှဉ်ပြိုင်နေသည့် အသင်း ၂၄ သင်းအနက် ၁၂ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၉ အာရှဖလားပြိုင်ပွဲ တတိယအဆင့် ခြေစစ်ပွဲအုပ်စု ဒုတိယပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအဖြစ် မကာအိုအသင်းနှင့် ဇွန် ၁၃ ရက်မှ ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း လေ့ကျင့်ပြင်ဆင်ချိန်ရရှိရန်အတွက် ကြိုတင်လေ့ကျင့်နေခြင်းဖြစ်သည်။ လက်ရွေးစင်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် MNL အမှတ်ပေးပြိုင်ပွဲမှာ မေ ၆ ရက်တွင် စတင်မည်ဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် မကာအိုအသင်းနှင့် အာရှခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်ချိန်ရက်အနည်းငယ်သာရရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် အိန္ဒိယအသင်းနှင့် ခြေစစ်ပွဲအတွက် ရွေးချယ်ခဲ့သော ကစားသမား ၂၆ ဦးကို ပြန်လည်ရွေးချယ်ထားပြီး ဧပြီ ၂၆ ရက်က လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မေလတွင်လည်း အပတ်စဉ် ဗုဒ္ဓဟူးနေ့တွင် လေ့ကျင့်မည်ဖြစ်ပြီး မေ ၃၊ ၁၀၊ ၁၇၊ ၂၄ ရက်တွင် လေ့ကျင့်မှုများ ထပ်မံပြုလုပ်ရန်လျာထားကြောင်း သိရသည်။ သို့သော် ကြားရက်များတွင် AFC Cup ပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကျင်းပရန်ရှိနေသောကြောင့် ကစားသမားစုံလင်စွာ လေ့ကျင့်နိုင်ဖွယ်မရှိပေ။ မြန်မာ့လက်ရွေးစင်အသင်းသည် မကာအိုအသင်းနှင့် အာရှဖလားခြေစစ်ပွဲ မတိုင်မီ ဇွန် ၆ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူနှင့် ပွဲအပြီးတွင် စင်ကာပူနိုင်ငံ၌ ရက်အနည်းငယ်ကြာ လေ့ကျင့်မည်ဖြစ်ပြီး ဇွန် ၁၁ ရက်တွင် မကာအိုသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲတွင် အိန္ဒိယအသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ အုပ်စုပွဲများမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နိုဝင်ဘာလတွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

**(ရှိုင်းထက်ဇော်)**

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အဖွဲ့ ဘူးသီးတောင်အကျဉ်းထောင်သို့ တတိယအကြိမ် သွားရောက်လေ့လာ

**နေပြည်တော် ဧပြီ ၂၉** - အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)အဖွဲ့မှ Mr.Jacque Ducros De Lafarga De Romefort(Delegate in Charge ICRC Maung Daw)နှင့် အဖွဲ့ဝင် ၁၀ ဦးတို့သည် ဧပြီ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် အကျဉ်းဦးစီးဌာန ဘူးသီးတောင်အကျဉ်းထောင်သို့ တတိယအကြိမ် ထပ်မံရောက်ရှိကြသည်။

အဆိုပါအဖွဲ့သည် အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား ၂၀၊ အကျဉ်းသူ ရှစ်ဦးနှင့် အချုပ်သား ၁၃ ဦးတို့အား ထပ်မံတွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် အဖွဲ့ခေါင်းဆောင် Mr.Jacque Ducros De Lafarga De Romefort(Delegate in Charge ICRC Maung Daw)ပါ ငါးဦးအဖွဲ့သည် အကျဉ်းထောင်၏ တာဝန်ခံရုံးခန်း၌ တာဝန်ခံအရာရှိ၊ ဒုတိယတာဝန်ခံအရာရှိ၊ ကျန်းမာရေးမှူးနှင့်အဖွဲ့အားတွေ့ဆုံ၍ အကြံပြုဆွေးနွေးကြသည်။

အဖွဲ့ခေါင်းဆောင် Mr.MaKoto Abe ဦးဆောင်သော အဖွဲ့ဝင် ငါးဦးတို့သည် အကျဉ်းထောင်ရှိ အကျဉ်းသားတစ်ဦးအား တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အာဖရိကတိုက်အတွင်း သာသနာပြန့်ပွားရေးအတွက် သီတဂူဆရာတော်ကြိုးပမ်း

**ရန်ကုန် ဧပြီ ၂၉**

အာဖရိကတိုက် ယူဂန္ဓာနိုင်ငံသို့ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ တိပိဋကဆရာတော် အရှင်ဂန္ဓမာလာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ ကျောင်းအုပ်ဆရာတော်များ သွားရောက်ကာ ယူဂန္ဓာထေရဝါဒဗုဒ္ဓစင်တာရှိ သိမ်တော်အား သွားရောက်ဖွင့်လှစ်ပေးခဲ့ပြီး ယူဂန္ဓာနိုင်ငံ၌ ဘာသာရေးနှင့် လူမှုရေးအကျိုးပြုလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

အဘိဇ္ဇမဟာရဋ္ဌဂုရု သီတဂူဆရာတော်သည် သံဃာတော်များနှင့် သီတဂူသာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးကျော်မိုးနိုင် ပါဝင်သည့် ၁၃ ဦးအဖွဲ့သည် အာဖရိကတိုက် ယူဂန္ဓာနိုင်ငံသို့ ဧပြီ ၂၀ ရက်မှ ၂၆ ရက်အထိ သာသနာပြုခရီးစဉ်အဖြစ် သွားရောက်ခဲ့ခြင်းဖြစ်သည်။

အာဖရိကတိုက်ဖွား အမေရိကန်နိုင်ငံတွင် နေထိုင်ခဲ့သည့် အာဖရိကန်တစ်ဦးသည် ၂၀၀၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ ထေရဝါဒဗုဒ္ဓစင်တာတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် ပြောင်းလဲလာခဲ့ပြီး အဆိုပါစင်တာတွင် မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ ပထမဆုံး ပါမောက္ခချုပ်ဆရာတော်ကြီးဖြစ်သည့် ဦးသီလာနန္ဒာဘိဝံသထံတွင် ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သူဖြစ်သည်။ ရဟန်း၏ ဘွဲ့အမည်မှာ အရှင်ဗုဒ္ဓရက္ခိတဖြစ်သည်။ မွေးရပ်ဇာတိ ယူဂန္ဓာနိုင်ငံတွင် ပထမဆုံး ထေရဝါဒဗုဒ္ဓစင်တာကို တည်ထောင်ခဲ့သူလည်းဖြစ်သည်။

သိမ်ဖွင့်ပွဲတွင် သီတဂူဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်တို့တက်ရောက်ချီးမြှင့်ခဲ့ပြီး အဆိုပါဖွင့်ပွဲသို့ ယူဂန္ဓာနိုင်ငံ State Minister ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး သီတဂူဆရာတော်မှ အီဂျစ်နိုင်ငံသားတစ်ဦးနှင့် ယူဂန္ဓာနိုင်ငံသားတစ်ဦးတို့ကို ရဟန်းအဖြစ်သို့ရောက်ရှိရန် ဥပဇ္ဈာယ်ပြုပေးခဲ့သည့်အပြင် ယူဂန္ဓာနိုင်ငံသား ကလေးငယ်တစ်ဦးကိုလည်း ရှင်သာမဏေ ဝတ်ပေးခဲ့ကြောင်းသိရပြီး သီတဂူဆရာတော်သည် ယူဂန္ဓာနိုင်ငံအတွင်းရှိ ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကြသူများနှင့် လေ့လာသူများအား တရားဟောကြားပေးခဲ့သည်။



ထို့နောက် ယူဂန္ဓာနိုင်ငံအတွင်း မြန်မာဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်ရှိလာခဲ့သည့် အရှင်ဗုဒ္ဓရက္ခိတအား ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများနှင့် လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သီတဂူဆရာတော်မှ အမေရိကန်ဒေါ်လာ သုံးသောင်းခန့်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဧပြီ ၂၅ ရက်တွင် ယူဂန္ဓာနိုင်ငံ သမ္မတကြီး H.E Mr. Yoweri Museveni Kaguta ၏ ဖိတ်ကြားချက်ကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် လျှောက်ထားချက်အရ သီတဂူဆရာတော်နှင့် သံဃာတော်များသည် ယူဂန္ဓာနိုင်ငံ မြို့တော် ကန်ပါးလားရှိ လွှတ်တော်အဆောက်အအုံတွင် ဒုတိယသမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

"ယူဂန္ဓာရဲ့ ဒုတိယသမ္မတက သီတဂူဆရာတော်ရဲ့ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် အပြည်ပြည်ဆိုင်ရာ သာသနာရေးလုပ်ငန်းများနဲ့ လူမှုကူညီရေးလုပ်ငန်းများဖြစ်တဲ့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွေ တည်ထောင်ဖွင့်လှစ်မှုတွေ၊ ဝိပဿနာအကယ်ဒမီဖွင့်လှစ်နိုင်မှုတွေ၊ ဆေးရုံပေါင်း ၃၂ ရုံ ဖွင့်လှစ်ထားနိုင်တာ၊ ဆေးအလှူတွေ၊ စစ်ကိုင်းတောင်ရိုးတစ်လျှောက် ရေပေးလှူနေမှုတွေ၊ စာသင်ကျောင်းဆောက်လုပ်လှူဒါန်းမှုတွေ၊ သဘာဝဘေးအန္တရာယ်များအတွက် ကူညီကယ်ဆယ်နေမှုတွေစတဲ့ ဆရာတော်ကြီးရဲ့ မြန်မာနိုင်ငံအတွင်းက လုပ်ဆောင်ချက်တွေကို သိရှိရပြီး ဂုဏ်ယူလေးစားတဲ့အကြောင်း၊ ယူဂန္ဓာနိုင်ငံဟာလည်း ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တာကြောင့် ဆရာတော်ရဲ့ မေတ္တာကို ခံယူလိုပါကြောင်း လျှောက်ထားတင်ပြခဲ့ပါတယ်။ ဒါ့အပြင် ယူဂန္ဓာနိုင်ငံမှာ စာသင်ကျောင်းတွေနဲ့ ဆေးရုံတွေ ဆောက်လုပ်လှူဒါန်းပေးဖို့လည်း တောင်းဆိုခဲ့ပါတယ်။ သီတဂူဆရာတော်ကလည်း ဒုတိယသမ္မတကို အဲဒီလို လူမှုရေးအကျိုးပြုလုပ်ငန်းတွေ မဆောင်ရွက်ခင် ပထမဆုံးအနေနဲ့ ဥပမာပြောရရင် ရုပ်ခန္ဓာပိုင်းဆိုင်ရာ ကုစားမှုမပြုခင် စိတ်ဓာတ်ခွန်အားပိုင်းဆိုင်ရာ ပြည်သူတွေအားလုံး စိတ်နှလုံး အေးချမ်းစေဖို့အတွက် ရည်ရွယ်ပြီး ဗုဒ္ဓစင်တာတစ်ခုကို တည်ဆောက်ဖို့လိုအပ်တယ်လို့ ပြန်လည်မိန့်ကြားပါတယ်။ ဒါ့အပြင် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့တွေကနေ မျက်စိအထူးကုဆရာဝန်ကြီးတွေကို ယူဂန္ဓာနိုင်ငံကို ပို့လွှတ်ပြီး ပထမဆုံးအကြိမ်အဖြစ် မျက်စိကုသမှုတွေ စတင်ပေးမယ်လို့ သီတဂူဆရာတော်က မိန့်ကြားပါတယ်။ ယူဂန္ဓာနိုင်ငံရဲ့ ဒုတိယသမ္မတကလည်း ဆရာတော်ကြီးရဲ့ ဗုဒ္ဓဘာသာပြန့်ပွားရေးနဲ့ လူမှုကူညီစောင့်ရှောက်ရေး လုပ်ဆောင်ချက်များကို အကောင်းဆုံးကူညီပေးသွားမယ်လို့ လျှောက်ထားခဲ့ပါတယ်"ဟု ယူဂန္ဓာနိုင်ငံသို့ သာသနာပြုခရီးလိုက်ပါသွားခဲ့သူ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့မှ အတွင်းရေးမှူး ဦးကျော်မိုးနိုင်က ပြန်လည်ပြောပြသည်။

ထို့နောက် သီတဂူဆရာတော်နှင့်အဖွဲ့သည် ယူဂန္ဓာနိုင်ငံ သမ္မတကြီးနှင့် တွေ့ဆုံခဲ့ပြီး သမ္မတကြီးကလည်း ယူဂန္ဓာနိုင်ငံအတွင်း သာသနာပြုလုပ်ငန်းများနှင့် လူမှုအကျိုးပြုလုပ်ငန်းများ ကူညီလုပ်ဆောင်ပေးနိုင်ပါရန် တောင်းဆိုလျှောက်ထားခြင်းကို လက်ခံတော်မူခဲ့သည်။

ယူဂန္ဓာနိုင်ငံသည် အာဖရိကတိုက်အတွင်းရှိ နိုင်ငံတစ်ခုဖြစ်ပြီး ဗြိတိသျှကိုလိုနီလက်အောက်တွင် နှစ်ပေါင်း ၆၀ ကျော် နေထိုင်ခဲ့ရသဖြင့် အင်္ဂလိပ်စကားကိုသာ အဓိကသုံးစွဲသည့် နိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ ကိုးကွယ်ယုံကြည်မှုတွင် ခရစ်ယာန်ဘာသာကိုးကွယ်သူများပြားပြီး ဟိန္ဒူနှင့် အစ္စလာမ်ဘာသာကိုးကွယ်မှုများရှိသည်။ ထေရဝါဒဗုဒ္ဓဘာသာအတွက် အရှင်ဗုဒ္ဓရက္ခိတ တည်ထောင်တော်မူသည့် ယူဂန္ဓာထေရဝါဒဗုဒ္ဓစင်တာ တစ်ခုသာရှိသေးသည့်အတွက် သီတဂူဆရာတော်က အားရဝမ်းသာစွာဖြင့် ပံ့ပိုးကူညီပေးခဲ့ခြင်းဖြစ်သည်။

"ဆရာတော်ကြီးကိုယ်တိုင် ကြွချီပြီး တရားဓမ္မတွေ ဟောကြားပေးခဲ့တာ၊ သမ္မတကြီးနဲ့ ဒုတိယသမ္မတတို့နဲ့ တွေ့ဆုံခွင့်ရတာတွေကြောင့် အရှင်ဗုဒ္ဓရက္ခိတရဲ့ ထေရဝါဒဗုဒ္ဓစင်တာကို ပိုပြီးလူသိများလာခဲ့ပါပြီ။ ဒါက ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် အများကြီးအထောက်အကူဖြစ်မယ်လို့ သီတဂူဆရာတော်က မိန့်ပါတယ်။ သဲကန္တာရအတွင်းက အိုအေစစ်လေးတစ်ခုတည်ဆောက်နိုင်ခဲ့ပြီ။ သဲကန္တာရအတွင်းမှာ ပဒုမ္မာကြာပွင့်ခဲ့ပြီလို့ ဆရာတော်ကြီးက ဝမ်းသာအားရမိန့်တယ်"ဟု လိုက်ပါသွားခဲ့သူ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့၏ အတွင်းရေးမှူး ဦးကျော်မိုးနိုင်က ပြောသည်။

အာဖရိကတိုက်၏ နိုင်ငံတစ်ခုတွင် ပြည်သူများအား စိတ်ဓာတ်ပိုင်းဆိုင်ရာမြှင့်တင်ရေး၊ မြတ်ဗုဒ္ဓ၏ ငြိမ်းချမ်းစွာနေထိုင်ခြင်း နည်းလမ်းများဖြင့် ကုစားတည်ဆောက်ရေးနှင့် ထေရဝါဒဗုဒ္ဓသာသနာတော်ပြန့်ပွားရေး၊ ကလေးသူငယ်များအတွက် ပညာရေးဖြည့်ဆည်းမှုများ စသည်တို့အတွက် ဆောင်ရွက်စရာများစွာ ကျန်ရှိနေသေးကြောင်း သီတဂူဆရာတော်က မိန့်ကြားခဲ့သည်။

ဧပြီ ၂၆ ရက်တွင် သီတဂူဆရာတော်နှင့် သာသနာပြုအဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

**သတင်း-နေသန်၊ ဓာတ်ပုံ-အောင်သန်းဝင်း(သီတဂူ)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဧပြီ ၃ ရက်မှ ဧပြီ ၂၄ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ရုပ်ပုံပဟေဠိ | ဘဒ္ဒေးကြည် | ၁၅၀၀ | တူဒေး |
| ၂ | စကားပွင့်လေးတွေ | မောင်နိုင်လင်း(ကောလင်း) | ၁၅၀၀ | Pica Media |
| ၃ | စာအမြည်းများ | ဇော်ဂျီ | ၂၅၀၀ | ငါတို့စာပေ |
| ၄ | မီးလျှံဦးနှောက်၏ လျှို့ဝှက်ချက်များ | ကောင်းသာ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၅ | ကလျာနရီနှင့်နိမိတ်ပုံ | မြဇင် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၆ | ကျေးရာကျေးကြောင်း | မောင်ပေါ်ကျွန်း | ၆၀၀၀ | ဘဝတက္ကသိုလ် |
| ၇ | ဟိတောပဒေသ | အဖျောက်ဆရာတော် | ၂၅၀၀ | စိတ်ကူးချိုချို |
| ၈ | အမျိုးသမီးရောဂါစာများ ၁+၂ | ဒေါက်တာတင့်ဆွေ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၉ | လူငယ်များအတွက် သိပ္ပံသုတ | ကျော်ဝင်းဟိန်း(ပခုက္ကူ) | ၃၀၀၀ | ရှင်မတောင် |
| ၁၀ | ပြောပြစမ်းချင် မရှိမတစ်ခွင် | ကမ္ဘာလှည့်တင်တင်စိန် | ၃၀၀၀ | ဗညား |
| ၁၁ | အင်န်ဂျီအိုကောင်း ဖြစ်မြောက်ရေး | ဘုန်းသက်ပိုင် | ၃၀၀၀ | The Key |
| ၁၂ | ကျွန်မနှင့်အဲလ်ဗွပရက်စလေ | စိုးသိဏ်း | ၄၀၀၀ | နန်းဒေဝီ |
| ၁၃ | ပျော်ပါတယ် မောင်ပြည်သိမ်း | မင်းသိခ် | ၈၀၀၀ | မျက်ပွင့် |
| ၁၄ | ဣန္ဒပတ္ထနှလုံးသား | ချစ်ဦးညို | ၃၀၀၀ | ဓူဝံ |
| ၁၅ | ရုက္ခစိုးမယားနှင့် အခြားပြိတ္တာများ | ချစ်ဦးညို | ၃၀၀၀ | ဓူဝံ |
| ၁၆ | အောင်မြင်သူဖြစ်လာနည်း၊ လက်တွေ့အောင်မြင်ရေးနည်းလမ်းများနှင့် ကံကောင်းအောင်လုပ်နည်း | ဒေါက်တာမောင်မောင်သိမ်း | ၂၅၀၀ | wisdom house |
| ၁၇ | ဘဝပြဿနာအဖြေရှာနှင့် ထိရောက်ဘေးကင်းကိုယ်အလေးချိန်ချနည်းများ | ဟိန်း (ဘူမိ) | ၁၅၀၀ | မရှိမ |
| ၁၈ | ဝတ္ထုတိုများပေါင်းချုပ် | ခင်နှင်းယု | ၁၃၀၀၀ | စိတ်ကူးချိုချို |
| ၁၉ | ကျွန်တော်မမုန်းဘူး | ဇင်ဝေသော် | ၄၀၀၀ | ကမ်းလက် |
| ၂၀ | တောပြောတောင်ပြော | ဂျက်(ကွမ်းခြံကုန်း) | ၂၈၀၀ | စိတ်ကူးချိုချို |
| ၂၁ | သူပုန်ကျမ်း | အိုရှိုး /အောင်သူရ | ၄၀၀၀ | ဝါးလည် |
| ၂၂ | ကံကောင်းလေစွ ဗုဒ္ဓဘာသာဘဝ | ဦးလှသိန်းထွန်း | ၁၂၀၀ | ဓမ္မရောင်ခြည် |
| ၂၃ | တစ်ပင်းပွိုင့် တစ်မုဟုတ်ချင်းအကြီးအကျယ် ပြောင်းလဲသွားစေနိုင်တဲ့ အသေးအဖွဲလေးတွေအကြောင်း | ဘိုဘိုဟန် | ၃၅၀၀ | စာပေနန်းတော် |
| ၂၄ | သမိုင်းဆရာတို့၏ သမိုင်းဝင်စာများ | မြင့်ကြိုင် | ၂၀၀၀ | မျိုးဆက်သစ် |
| ၂၅ | ခရေလေးတွေမွှေးပါစေ | အရှင်ကောသလ္လ(ရေဦး) | ၂၀၀၀ | - |
| ၂၆ | လောကဓံကိုရင်ဆိုင်ခြင်းနှင့် ဓမ္မရသအတွေးဆောင်းပါး | အရှင်ပညာသီရိ | ၂၅၀၀ | - |
| ၂၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥပဒေ၊နည်းဥပဒေနှင့် ခုံရုံးဆုံးဖြတ်ခြင်းစုစည်းမှု | - | ၃၅၀၀ | ရှုတိုင်းယဉ် |
| ၂၈ | နှင်းမုန်တိုင်းထဲက (၂၆)ရက် | အောင်မှိုင်ဆန်း | ၂၀၀၀ | နှစ်ကာလများ |
| ၂၉ | မိုးအဆုံးမြေအဆုံး | မြသန်းတင့် | ၂၀၀၀ | တိုးမြစ် |
| ၃၀ | လမင်းနှစ်ခုကလေးကဗျာများ | မောင်စန်းသော် | ၂၀၀၀ | နှစ်ကာလများ |
| ၃၁ | ဇာတိရန့်နှင့်အရက်ဆိုင် ရသစာစုများ | ကေမင်း | ၁၅၀၀ | ခေတ်ပြတိုက် |
| ၃၂ | အမျိုးကောင်းသားသမီးတို့ ထိတ်လန့်စရာ | ဥပဒေ ဦးစိန်လှိုင် | ၂၀၀၀ | - |
| ၃၃ | စကျွဲအာရုံ | မြန်မာ့အသံကျော်မင်း | ၁၀၀၀ | unity |
| ၃၄ | ဥတုကျော်ဝေဒနာညည်းချင်း | မောင်အောင်ပွင့် | ၁၅၀၀ | နှစ်ကာလများ |
| ၃၅ | မြေပြင်စစ်သဘော(သို့) သံချပ်ကာ(တင့်ကား) | ဦးထွန်းရီ | ၃၀၀၀ | - |
| ၃၆ | ဆူးလေလမ်းမပေါ် အငွေ့ပျံခြင်း - လမ်း | ကလောင်စုံ | ၄၀၀၀ | ကျော်မွှေး |
| ၃၇ | ခုနစ်သံချီကဗျာများ | ကလောင်စုံ | ၁၅၀၀ | Pica Media |
| ၃၈ | ခဏလူများ ကဗျာစုစည်းမှု | ကလောင်စုံ | ၁၅၀၀ | Pica Media |
| ၃၉ | ကြယ်ပန်းပွင့်များ | ဝိုင်ချို | ၁၅၀၀ | Pica Media |
| ၄၀ | မြတ်သောပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ | သစ္စာပါရမီ-ဒေါက်တာဦးဇေယျ | ၁၅၀၀ | - |
| ၄၁ | နောင်တစ်ခေတ်ရဲ့ အကြွင်းအကျန်တွေ | မောင်သိန်းအောင် | ၁၅၀၀ | နှင်းဆီဖြူ |
| ၄၂ | ရုပ်သေးရုပ်လေးပီနိုချီယို | ခင်မောင်တိုး(မိုးမိတ်) | ၁၅၀၀ | ပင်ဝါးရုံ |
| ၄၃ | ရွှေရောင်အချိန်များသည် စွန့်စားသူများအတွက်သာ | ခင်စောတင့် | ၂၀၀၀ | မျိုးဆက်သစ် |
| ၄၄ | မေတ္တာနိုင်ငံနှင့်လေလှိုင်းထဲမှ စာရေးဆရာဆရာဝန်၏အတွေးများ | လက်ာရည်ကျော် | ၃၀၀၀ | နန်းဒေဝီ |
| ၄၅ | အကြည့်တစ်ချက် အပြုံးတစ်ပွင့်အနမ်းတစ်ရှိုက် | မမသဒ္ဒါမောင် | ၁၇၀၀ | ရွှေပဒေသာ |
| ၄၆ | ကိုယ်မပိုင်သည့်ပန်း | မိုးစက်ပွင့် | ၁၆၀၀ | ရွှေပဒေသာ |
| ၄၇ | ယနေ့မှစ၍ ကျွန်တော်ကျွန်မတို့သည် | လှိုင်ကြာဖြူ (လာရှိုး) | ၁၆၀၀ | ရွှေပဒေသာ |
| ၄၈ | အမုန်းတစ်ရစ်-အချစ်မြစ်ဖျား | ကြယ်စင်မျှးဝေ | ၁၆၀၀ | ရွှေပဒေသာ |
| ၄၉ | ဗုဒ္ဓါဘိသေကပူဇာ ဘုရားအနေကဇာတင်မင်္ဂလာ | တင်အောင်ထွန်း(သုတေသန) | ၇၀၀ | ရွှေကျောင်းပျော်စာပေ |



## လောက်ကိုင်တိုက်ပွဲရှောင် အမျိုးသား အမျိုးသမီးများအား သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်မှ ကြိုဆိုနေရာချထားပေး

**လားရှိုး မေ ၂၉**

ရှမ်းပြည်နယ် အရှေ့မြောက် လောက်ကိုင်ဒေသ၌ တိုက်ပွဲများဖြစ်ပွားခဲ့စဉ်က တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံရှိ အကျဉ်းထောင်တွင် ထိန်းသိမ်းထားခဲ့သည့် မြန်မာနိုင်ငံသား တိုက်ပွဲရှောင်အမျိုးသား ၁၁၀ နှင့် အမျိုးသမီး ၅၁ ဦးတို့သည် မေ ၂၈ ရက် ည ၁၁ နာရီက လားရှိုးမြို့ ရပ်ကွက်(၁၂)ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိခဲ့ကြသည်။

အဆိုပါလက်ကျန် လောက်ကိုင်တိုက်ပွဲရှောင် အမျိုးသား အမျိုးသမီးများအား သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒက ကြိုဆိုနေရာချထားပေးပြီး အစားအသောက်များ ကျွေးမွေးခဲ့သည်။ ဆက်လက်၍ လက်ကျန်လောက်ကိုင်တိုက်ပွဲရှောင်များအား မန်ဆူရှမ်းကျောင်းဆရာတော် ဦးဆောင်လျက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(လားရှိုး)နှင့် လားရှိုးမြို့မှလူမှုကူညီရေးအဖွဲ့များ၊ စေတနာရှင်များက ထမင်းထုပ်များ၊ စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကူညီပြီး ယင်းတို့၏နေရပ်ဒေသများသို့ ပြန်လည်သွားရောက်နိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့ရာ မေ ၂၉ ရက် နံနက် ၈ နာရီတွင် မော်တော်ယာဉ်ကြီးသုံးစီးဖြင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၁၁၂၀၊ သွင်းကုန်အစီး ၆၁၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၈၆ စီးဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးကျပ် ၈ ဒသမ ၅၉၆ သန်းခန့်)ရှိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၇ ရက်တွင် မြဝတီမှရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် PSI Full Receiver (100)U စလောင်းဗန်း (60)Uနှင့် စလောင်းဒေါက်တိုင် (200)U စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၂ ဒသမ ၂၈ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အချိန်တိုင်း မီး သတိပြု**

## မြင်းလွတ်မြို့ အလယ်ပိုင်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြင်းလွတ်မြို့ အလယ်ပိုင်းရပ်ကွက်၌ ယမန်နေ့ နံနက်ပိုင်းက နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းလွတ်မြို့ အလယ်ပိုင်းရပ်ကွက် ရွာဟောင်းရွာနေ မော်လဝီမာမတ်နိုရ်၏အိမ်၌ ယမန်နေ့ နံနက် ၆ နာရီခွဲခန့်က ဆိုလာဘက်ထရီမီးထွန်းရာမှ ဝါယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရသဖြင့် မာမတ်နိုရ်အား အလယ်သံကျော် နယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးသက်လေပြင်း တိုက်ခတ်၍ ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ ဓာတ်အားလိုင်း တာဝါတိုင်လေးတိုင် ပျက်စီး

**နေပြည်တော် မေ ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်သူလူထုနှင့် စက်ရုံအလုပ်ရုံများသို့ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ ဓာတ်အားလိုင်းမှ တာဝါတိုင်လေးတိုင်သည် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ပျက်စီးပြိုလဲသွားကြောင်း သိရသည်။

သပြေဝ ဓာတ်အားလိုင်းမှ ပျက်စီးခဲ့သော တာဝါတိုင်အမှတ် ၉၆-၉၇-၉၈-၉၉ တို့အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစီး၍ ဝန်ထမ်းအင်အား ၁၄၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုသို့ပျက်စီးမှုကြောင့် ဓာတ်အားပြတ်တောက်မှု မရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဥတုရာသီ တောကိုမီး၏**



## နမ့်စန်မြို့နယ် ဟိုက်ဖတ်ကျေးရွာအုပ်စုတွင် လေပြင်းတိုက်ခတ်၍ နေအိမ်များအမိုးလန်ပျက်စီး

**နမ့်စန် မေ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဟိုက်ဖတ်ကျေးရွာအုပ်စုတွင် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီမှ ၁ နာရီ ၁၅ မိနစ်ခန့်အတွင်း လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံများ အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဟိုက်ဖတ်ကျေးရွာအုပ်စုအတွင်းရှိ ဟိုက်ဖတ်ရွာမ၊ နောင်ဖာကျေးရွာ၊ နောင်ဗိန်ကျေးရွာနှင့် ခုတ်လောင်းကျေးရွာတို့တွင် စုစုပေါင်းအိမ်ခြေ ၈၀ ခန့်၊ အမက ဝမ်မိုင်-၂ ကျောင်း၏ ကျောင်းဆောင်အဖီ၊ နောက်ခြမ်းနှင့် အိမ်သာနှစ်ခန်းတွဲနှစ်လုံး၊ နားတုံကျေးရွာ ဘုန်းကြီးကျောင်းတွင် အမိုးလန်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး နောင်ဗိန် ကျေးရွာနေ အသက်(၅၅)နှစ်အရွယ် ဒေါ်ဂိုလ်မား လက်ဝဲဘက်လက်ကျိုးခဲ့ကာ ဟိုက်ဖတ်ရွာမမှ ဦးကျတား၏ ခိုင်းနွားတစ်ကောင် မိုးကြိုးစက်ကွင်း ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ရာနေရာတွင် နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်မိုးသက်နှင့် အရာရှိစစ်သည်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထိုက်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်း၍သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ အပျက်အစီးများရှင်းလင်းခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

■

## နောင်ချိုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၉**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက်က မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ် နောင်ချိုမြို့အဝင် မိုင်တိုင်(၈၀/၄)၌ မျိုးမင်းဆက် မောင်းနှင်ပြီး မမေဦးကြည်လင်နှင့် ကျော်စွာမင်းတို့ လိုက်ပါလာသည့် TOYOTA COROLLA မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ၃၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မျိုးမင်းဆက်၊ ကျော်စွာမင်းနှင့် မမေဦးကြည်လင်တို့သုံးဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# ရာဖေးလ်နာဒယ် ဘာစီလိုနာအိုးပင်း ဆီမီးဖိုင်နယ်ပွဲစဉ်သို့တက်လှမ်း

ဂရင်းစလင်းချန်ပီယံတစ်ဦးဖြစ်သူ ရာဖေးလ်နာဒယ်ဟာ တောင်ကိုရီးယား ကစားသမား ချန်ဟွန်းကို အနိုင်ကစားခဲ့ပြီးနောက် (၁၀)ကြိမ်မြောက် ဘာစီလိုနာအိုးပင်းပြိုင်ပွဲကြီးရဲ့ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရပါတယ်။

ရာဖေးလ်နာဒယ်ဟာ ဂရင်းစလင်းချန်ပီယံဆုကို ၁၄ကြိမ် ဆွတ်ခူးထားနိုင်ခဲ့တဲ့ ကစားသမားဖြစ်ပြီး သူနဲ့တစ်ကြိမ်မှ ကစားခဲ့ဖူးခြင်းမရှိသေးတဲ့ ချန်ဟွန်းနဲ့ ယှဉ်ပြိုင်ခဲ့စဉ်မှာတော့ အခက်အခဲတွေအကြားက အနိုင်ယူခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။ ချန်ဟွန်းဟာ လတ်တလောမှာ အသက် (၂၀)သာရှိသေးတဲ့ တင်းနစ်မျိုးဆက်သစ်တစ်ဦးလည်း ဖြစ်ပါတယ်။

ချန်ဟွန်းနဲ့ပတ်သက်ပြီး နာဒယ်က "ရိုးရိုးသားသားပြောရမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ချန်ဟွန်းကစားတာကို တွေ့ခဲ့တာ အတော်ကိုနည်းပါတယ်။ ကျွန်တော်တွေ့ခဲ့ရသမျှကတော့ မနေ့ကမှ ကြည့်ခဲ့တဲ့ ဗီဒီယိုဖိုင်တွေပါပဲ။ ဒီမျိုးဆက်သစ်ကစားသမားလေးဟာ အတော်ကို အရည်အချင်းရှိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်သူ့ကိုတော်တော်လေး လေးစားပါတယ်"လို့ မီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာပြောကြားခဲ့ပါတယ်။

နာဒယ်ဟာ ဘာစီလိုနာအိုးပင်းပွဲစဉ်သမိုင်းတစ်လျှောက် ဆီမီးဖိုင်နယ်ပွဲစဉ်တိုင်းကို အနိုင်ရခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်တာကြောင့် လာမယ့်စနေနေ့မှာ ကျင်းပသွားမယ့် (၁၀)ကြိမ်မြောက် ဘာစီလိုနာအိုးပင်းပြိုင်ပွဲကြီးရဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်မှာတော့ သူ့အနေနဲ့ အနိုင်ယူနိုင်ဦးမလားဆိုတာကို စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။

**အေးပြည့်**

## ဂျော့ဂျ်မန်းဒပ်စ်နဲ့အတူ ညစာစားခဲ့တဲ့ ကော်စတာ

ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ ဒီရေဂိုကော်စတာဟာ ပြီးခဲ့တဲ့ သောကြာနေ့က သူ့ရဲ့မန်နေဂျာဖြစ်သူ ဂျော့ဂျ်မန်းဒပ်စ်နဲ့ လန်ဒန်ကစားသောက်ဆိုင်တစ်ဆိုင်မှာ အတူညစာစားခဲ့ကြောင်းနဲ့ သူတို့နှစ်ဦးနဲ့အတူ စီးပွားရေးသမားတစ်ဦးလည်း ညစာစားပွဲမှာ ပါဝင်နေတာကြောင့် လတ်တလောမှာ တရုတ်ကလပ်အသင်းတွေကို ပြောင်းရွှေ့တော့မှာဖြစ်ကြောင်း ကောလာဟလတွေပေါ်ထွက်နေတဲ့ ကော်စတာအတွက် သံသယတွေပိုစေခဲ့ကြောင်း ဂိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အီတလီစားသောက်ဆိုင်တစ်ဆိုင်အတွင်း ဂျော့ဂျ်မန်းဒပ်စ်၊ ကော်စတာနဲ့ အခြားသောစီးပွားရေးသမားတစ်ဦးတို့ အတူညစာစားနေပုံတွေကို မီဒီယာတွေက ဓာတ်ပုံရိုက်ကူးခဲ့ကာ သယ်စန်းသတင်းစာမှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ကော်စတာဟာ အသင်းသစ်အတွက် အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ တရုတ်စူပါလိဂ် (CSL)တို့နဲ့ ဆက်သွယ်ခဲ့ကြောင်းလည်း သိရပါတယ်။

**အေးပြည့်**




# ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ဝင်ဘလေကွင်းအား အိမ်ကွင်းအဖြစ် စပါးအသင်း အသုံးပြုမည်

စပါးအသင်းသည် ၎င်းတို့၏ ကွင်းသစ်အား တည်ဆောက်လျက်ရှိနေခြင်းကြောင့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်း၏ ဝင်ဘလေကွင်းအား အိမ်ကွင်းအဖြစ်ထားရှိကာ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးအသင်း၏ ပရိသတ် ၆၁၀၀၀ ဆံ့ ဘောလုံးကွင်းသစ်ကို လက်ရှိဝိုက်ဟက်ဒ်လိန်းကွင်း၏ ဘေးတွင် တည်ဆောက်လျက်ရှိသည်။ စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ယူရိုပါလိဂ်ပြိုင်ပွဲများကို ဝင်ဘလေကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး လေးပွဲကစားခဲ့ရာတွင် တစ်ပွဲသာနိုင်ပွဲရရှိခဲ့သည်။

စပါးအသင်း တည်ဆောက်လျက်ရှိသော ဘောလုံးကွင်းသစ်သည် ပေါင်သန်း ၇၅၀ ကုန်ကျမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးသွားပါက အလုပ်အကိုင်အခွင့်အလမ်း ၃၅၀၀ အထိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းလည်း စပါးအသင်းက ပြောကြားခဲ့သည်။

စပါးအသင်းသည် ဝင်ဘလေကွင်း၌ နောက်ဆုံးပွဲစဉ်အဖြစ် ချယ်လ်ဆီးအသင်းနှင့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်ကို ကစားခဲ့ပြီး အဆိုပါပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ကစားရန် ငါးပွဲအလိုတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၌ အဆင့်(၁)နေရာမှ ချယ်လ်ဆီးအသင်းနှင့် လေးမှတ်အကွာဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိပြီး လက်ကျန် ပွဲစဉ်များအနက် နောက်ဆုံးပွဲစဉ်မှာ မန်ယူအသင်းနှင့် မေ ၁၄ ရက်တွင် လက်ရှိဝိုက်ဟက်ဒ်လိန်းကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

# ပရီမီယာလိဂ်ဖလားလုရမည့် ချယ်လ်ဆီးနှင့် စပါးအသင်း လက်ကျန်နောက်ဆုံးသုံးပွဲ တစ်ချိန်တည်းကစားသင့်ဟုဆို

ပရီမီယာလိဂ်ဆုဖလားကို ဆွတ်ခူးရန်အတွက် ယခုနှစ်တွင် အပြိုင်ဖြစ်နေသည့် ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့သည် ယခုနှစ်ဘောလုံးရာသီ၏ လက်ကျန်ပွဲစဉ်များပွဲအနက် နောက်ဆုံးသုံးပွဲကို တစ်ချိန်တည်းကစားသင့်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြကွန်တီက ထုတ်ဖော်ပြောကြားလိုက်သည်။

ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၁)နေရာ၌ ရပ်တည်လျက်ရှိသည့် ချယ်လ်ဆီးအသင်းသည် မေ ၁၀ ရက်တွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်အနိုင်ရရှိပါက စပါးအသင်းကို ခုနစ်မှတ်ဖြတ်ထားနိုင်မည်ဖြစ်သည်။ စပါးအသင်းမှာမူ လာမည့်ပွဲစဉ်အဖြစ် ချယ်လ်ဆီးအသင်းနှင့် အဲဗာတန်အသင်း ကစားပြီးမှသာ အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သို့ရာတွင် ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီကမူ ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့၏ နောက်ဆုံးသုံးပွဲကို တစ်ချိန်တည်း တစ်ပြိုင်တည်းယှဉ်ပြိုင်ကစားသင့်ကြောင်း ပြောကြားခဲ့သည်။ ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့သည် လက်ကျန်ပွဲစဉ်များအနက် မေ ၂၁ ရက်တွင် ကစားမည့် ပွဲစဉ်တစ်ပွဲသာ တစ်ချိန်တည်းကစားရမည်ဖြစ်သည်။ အဆိုပါပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် ဆန်းဒါးလန်းအသင်းနှင့်လည်းကောင်း၊ စပါးအသင်းသည် ဟားစီးတီးအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။




ချယ်လ်ဆီးအသင်း၏ နောက်ဆုံးငါးပွဲမှာ အဲဗာတန်၊ မစ်ဒယ်ဘရော့၊ ဝက်စ်ဘရွန်း၊ ဝက်ဖို့ဒ်၊ ဆန်းဒါးလန်းအသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး စပါးအသင်းမှာမူ အာဆင်နယ်၊ ဝက်စ်ဟမ်း၊ မန်ယူ၊ လက်စတာ၊ ဟားစီးတီးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ငွေကြယ်**

## ကာဒစ်ဖ်အား အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံရှစ်ဆုဖလားရရှိရန်ပင် နယူးကာဆယ်နီးစပ်လာ

နယူးကာဆယ်အသင်းသည် ချန်ပီယံရှစ်ပွဲစဉ် ၄၅ အဖြစ် ကာဒစ်ဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကာဒစ်ဖ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံရှစ်ဆုဖလားရရှိရန်ပင် နီးစပ်မှုရှိလာခဲ့ပြီဖြစ်သည်။ နယူးကာဆယ်အသင်းသည် ဒုတိယပိုင်းပွဲကစားချိန် ၅၅ မိနစ်တွင် သွင်းယူခဲ့သည့် အက်ဆူ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ၆၅ မိနစ်တွင် ဒုတိယဂိုးထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် ချန်ပီယံရှစ်ဆုဖလားရရှိရန် နီးစပ်မှုရှိနေသော်လည်း ဘရစ္စတိုးစီးတီးအသင်းကို ဘရိုက်တန်အသင်း အနိုင်ရရှိပါက ဘရိုက်တန်အသင်းကသာ ဆုဖလားကိုရရှိမည်ဖြစ်သည်။ လက်ရှိ ဘရိုက်တန်အသင်း ပွဲစဉ်(၄၅)မကစားရသေးချိန်တွင် ဘရိုက်တန်အသင်းနှင့် နယူးကာဆယ်အသင်းတို့သည် တစ်မှတ်သာ ကွာဟမှုရှိနေပြီး နယူးကာဆယ်အသင်းမှာ ချန်ပီယံရှစ်ဆုဖလား မရရှိသော်လည်း လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ ပြန်လည်တန်းတက်လာမည့်အခွင့်အရေးတစ်ရပ်ကို ဘရိုက်တန်အသင်းနှင့်အတူ ပိုင်ဆိုင်ခွင့်ရရှိသွားခဲ့ပြီ ဖြစ်သည်။

**ငွေကြယ်**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏အာဘော်သာဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# တွင်းထွက်သယံဇာတ မူဝါဒအခြေခံများ

**ယမန်နေ့မှအဆက်**

**ဓ ညီညီ(ဘော်တွင်း)**

**အလုပ်ခွင် ဘေးကင်းကျန်းမာရေး**

လုပ်ငန်းခွင်ဘေးကင်းကျန်းမာရေးကိစ္စသည် ယခုမှပေါ်သော အရေးကိစ္စမဟုတ်၊ စက်မှုထွန်းကားသော နိုင်ငံများတွင် ရှေးနှစ်ပေါင်းများစွာကပင် ကောင်းစွာလေ့ကျင့်ပျိုးထောင် ထိန်းသိမ်းလုပ်ဆောင်လာခဲ့သော အလုပ်ဖြစ်၏။ မြန်မာနိုင်ငံတွင်လည်း ဘော်တွင်း၊ မော်ချီး၊ ဟိန္ဒားစသော မိုင်းများကို စတင်လုပ်ကိုင်ကြစဉ် ဟိုရှေးကိုလိုနီခေတ်ကတည်းက ဥပဒေစည်းကမ်း စနစ်ဖြင့် လုပ်ကိုင်ခဲ့ရသော အရေးကိစ္စ ဖြစ်သည်။ ကျွန်တော်တို့လည်း ဘော်တွင်းမိုင်းတွင် ၁၉၈၀ ပြည့်လွန်နှစ်များအထိ အစဉ်အလာမပျက် 'စာအုပ်ကြီးအတိုင်း' လုပ်ကိုင်ခဲ့ကြရသည်။ ၁၉၈၈ နောက်ပိုင်းတွင်မူကား စာအုပ်တွေလည်းမရှိ၊ စည်းကမ်းတကျလည်း ဘာမျှ မဖြစ်ဟု ဆိုကြသည်။

ရှေးကိုလိုနီခေတ်ကတည်းက ဥပဒေ၊ စည်းကမ်း စနစ်ဖြင့် လုပ်ကိုင်ခဲ့ရသော အရေးကိစ္စဖြစ်သည်။ ကျွန်တော်တို့လည်း ဘော်တွင်းမိုင်းတွင် ၁၉၈၀ ပြည့်လွန်နှစ်များအထိ အစဉ်အလာမပျက် 'စာအုပ်ကြီးအတိုင်း' လုပ်ကိုင်ခဲ့ကြရသည်။ ၁၉၈၈ နောက်ပိုင်းတွင်မူကား ဘာက ဘာမှန်းမသိ အားလုံး ပေါက်ကရတွေ ဖြစ်ကုန်သည်။ စာအုပ်တွေလည်းမရှိ၊ စည်းကမ်းတကျလည်း ဘာမျှ မဖြစ်ဟု ဆိုကြသည် (၁၉၈၉ တွင် ကျွန်တော် အစိုးရ အလုပ်မှ စွန့်ခွာခဲ့ပြီ)။ ယခုအခါ ဘော်တွင်းမိုင်အကြောင်း တိမ်မြုပ်နေသော်လည်း နေ့စဉ်သတင်းစာများတွင် အခြားမိုင်းတွေပြို၊ လူတွေ ပိသေ၊ မြေစာပုံတွေ မြစ်ရေလိုလျှောဆင်း၊ စက်တွေမြေမြုပ်ဖြင့် အဆိုးဆုံး အချိန်အခါ ဖြစ်နေ၏။

ယနေ့ဥပဒေပြုကြရာတွင် ယခင်ခေတ်အဆက်ဆက်က သုံးခဲ့သော မိုင်းတွင်းအလုပ်ခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နည်းလမ်းများကို စနစ်တကျ ပြန်ကောက်ကြရလိမ့်မည်။ ပြီးနောက်မှ အသစ်ပေါ်လာသော မိုင်းတူးနည်းနာနိဿျများ တိုးတက်အသုံးပြုလာသော စက်ယန္တရားများနှင့် လိုက်လျောညီထွေဖြစ်အောင် နည်းဥပဒေနှင့် မိုင်းတစ်ခုချင်းလိုက် ဘိုင်လောများ (လုပ်ထုံးလုပ်နည်းများ)ကို ရေးဆွဲပြဋ္ဌာန်းကာ လေ့ကျင့်လိုက်နာစေကြရလိမ့်မည်။ အရေးကြီးသည်မှာ မိုင်းလုပ်ငန်းလုပ်သူများက မိုင်းလုပ်ငန်းအကြောင်း တတ်တတ်သိသိဖြင့် မိုင်းဥပဒေကို တတ်ကျွမ်းနားလည်သူများ၊ ဥပဒေစည်းကမ်း လိုက်နာတတ်သူများ ဖြစ်လျက် ဝန်ထမ်းများကို လေ့ကျင့်လိုက်နာအောင် လုပ်ဆောင်ကြရပါမည်။ လုပ်ထုံးလုပ်နည်းနှင့် သုံးသည့် ပစ္စည်း၏ အရည်အသွေး အသေးစိတ် စံသတ်မှတ်ချက်များ (Standardization) သည် အလုပ်ခွင်တွင် အငြင်းပွားမှုမရှိ အညီအညွတ်ဖြစ်စေသဖြင့် လုပ်ငန်းခွင် သာယာမှုလည်းရှိစေသည်ဆိုသည့်အချက်ကို ခံယူကြရမည်ဖြစ်သည်။ ထိုသို့ မလုပ်လျှင် လုပ်ငန်းခွင်တွင် ဘေးအန္တရာယ် အလွန်များပြီး လုပ်ပုံလုပ်နည်းတွေ ဖရိုဖရဲအကွဲကွဲဖြစ်တတ်သည်။

အချုပ်ကိုဆိုရသော် သတ္တုတွင်းစစ်ဆေးရေး အင်စပက်တော်အရာရှိချုပ်(Mines Inspector General)နှင့် ၎င်း၏ တပည့်များက မြန်မာပြည်တွင်း ရှိရှိသမျှ မိုင်းဟူသမျှကို လမ်းခင်းကျောက်တွင်း သဲတွင်းပါမကျန် ပုံမှန်အစီအစဉ်တကျ လှည့်လည်စစ်ဆေးရေးအလုပ်ကို ပုံမှန်လုပ်နေကြရပါမည်။ ဝန်ထမ်းမလုံလောက်ဟူသော ဆင်ခြေမျိုးကို ကြားဖူးသည်။ တာဝန်ယူ၊ တာဝန်ခံသူ မရှိသည့်ပုံပေါ်သည်။ ယင်းဌာနကြီးတွင် အင်စပက်တော်ချုပ်သည် ဝါအရင့်ဆုံး အကျွမ်းကျင်ဆုံး ပညာရှင်ဖြစ်အပ်ပေသည်။ သူ၏ ကိုယ်ခွဲအနေဖြင့် ပြည်နယ်၊ တိုင်းဒေသအလိုက် မိုင်းစစ်ဆေးရေးရုံးခွဲများထားပြီး မိုင်းလုပ်ငန်းများကို အချိန်ဇယားတစ်ခုဖြင့် ပုံမှန် (အကြောင်းကိစ္စပေါ်မှမဟုတ်) လှည့်ပတ် စစ်ဆေးပြီး မှန်ကန်တိကျသော အစီရင်ခံစာရေးလျက် မှန်ကန်တိကျစွာ လိုအပ်သလို အရေးယူဆောင်ရွက်ကြရပါမည်။

စင်စစ် မိုင်းအင်စပက်တော်လုပ်ငန်းသည် အလုပ်ခွင်ဘေးအန္တရာယ်ကာကွယ်ရေး တာဝန်တစ်ခုတည်းမဟုတ်၊ မိုင်းနှင့်ပတ်သက်သည့် တတ်သိပညာများကိုပါ မျှဝေလေ့ကျင့်ပေးခြင်းဖြင့်လည်း မိုင်းလုပ်ငန်းများကို ကူညီရန် တာဝန်ရှိပေသည်။ အလုပ်တစ်ခုတွင် မတတ်ကျွမ်းသူကို အန္တရာယ်များသော အလုပ်မလုပ်စေရပါ။

အလုပ်ခွင်နှင့်မိသားစုကျန်းမာရေးအတွက်မူ လုပ်ငန်းအရွယ်အစားအလိုက် ဆေးပစ္စည်းအပြည့်အစုံနှင့်တကွ ဆရာဝန်နှင့် သူနာပြုများဖြင့် ဆေးခန်းတစ်ခု အမြဲဖွင့်ပေးထားရန်၊ သို့မဟုတ် အနီးကပ် ဆေးခန်းတစ်ခုကို လက်လှမ်းမီရန်နှင့် အရေးကြီး လူနာများအတွက် ဆေးရုံကြီးတစ်ခုသို့ အလျင်အမြန် ပို့ဆောင်နိုင်ရန် အစီအစဉ်တစ်ခုရှိထားရန်လည်း လိုအပ်ပေ၏။

**လူမှုဝန်းကျင်နှင့်သဘာဝဝန်းကျင်အား ထိခိုက်ခြင်း**

မိုင်းလုပ်ငန်းဟူသည် ကမ္ဘာမြေအရပ်ရပ် မည်သည့်နေရာတွင်လုပ်လုပ် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးရသည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို တိုက်ရိုက်ထိခိုက်ဖျက်ဆီးသလို လူမှုဝန်းကျင် (Human Habitat)ကိုလည်း တစ်နည်းနည်းဖြင့် ထိခိုက်ပျက်စီးစေသည်။ မြန်မာတို့အတွက် ထင်ရှားသော အနီးကပ် သာဓကမှာ လက်ပံတောင်းတောင်မိုင်းဖြစ်သည်။ လူမှုဝန်းကျင်အတွင်း ဝင်ရောက်လုပ်ကိုင်သော မိုင်းလုပ်ငန်း ဖြစ်သော်လည်း လူမှုဝန်းကျင်ကို ပေါ့ပေါ့တန်တန် သဘောထားသော အစိုးရဖက်စပ်ကုမ္ပဏီနှင့် ကျေးလက်တောင်သူများအကြား အငြင်းပွားမှုကြောင့် ရဟန်းရှင်လူများ ပြင်းထန်သော ဒဏ်ရာအနာတရဖြစ်ရုံမက လူသေသည်အထိ အကြမ်းဖက်မှုများ ဖြစ်လာခဲ့သည်။ ယနေ့ထက်တိုင်လည်း ပြေလည်မှုမရရှိသေးချေ။

ဒုတိယသာဓကမှာ ဖားကန့်ကျောက်စိမ်းတွင်းများဖြစ်သည်။ သဘာဝနှင့် လူမှုပတ်ဝန်းကျင် လုံးဝပျက်စီးသွားပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်၊ လူမှုဝန်းကျင်အန္တရာယ်များ ကြီးမားစွာ ကျရောက်နေ၏။ အလုပ်ခွင်ဘေးကင်းရေး၊ ကျန်းမာရေးနှင့် လူမှုနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုသည် လုံးဝမရှိ၊ ရှိခဲ့ပါလျှင်လည်း အကျိုးသက်ရောက်မှုနည်းလှပေသည်။ ဖားကန့်ဒေသ မြေမျက်နှာပြင် လမျက်နှာပြင်အလား သစ်ပင်သစ်တော ပေါက်ရောက်နိုင်တော့မည့်အလားအလာ မမြင်ရပါချေ။ အဖိုးတန် ကျောက်မျက်ကို ထုံးကျောက်၊ သံကျောက်တူးသလို အလုံးအရင်းနှင့် တူးဖော်ထုတ်လုပ်ရောင်းဝယ်ကြသဖြင့် တန်သည်ထက် ဈေးပေါပေါဖြင့် ထုနှင့်ထည်နှင့် တရားဝင်ရော၊ တရားမဝင်ပါ ဖြုန်းတီးပစ်သည့်အဖြစ်သို့ ရောက်ခဲ့ရလေသည်။

သည်လိုအဖြစ်မျိုးမှ ကာကွယ်ရန် EIA, SIA မျှ လောက်ဖြင့်မလုံလောက်၊ အလုပ်မစခင်က ကြိုတင်ညှိနှိုင်း အဖြေရှာထားဖို့ လိုသည်။ ဒေသခံ အရပ်သားအလုံးစုံ၏ သဘောတူ ခွင့်ပြုချက်ကို ကြိုတင်ရယူထားဖို့လိုသည်။ ဒါကို Social License to Operate ဟု ခေါ်သည်။ လူမှုလိုင်စင်ဟု ဆိုကြပါစို့။ ကနေဒါနိုင်ငံ၌ ဤလိုအပ်ချက်မျိုး တရားဝင်လုပ်ဖို့ မလိုချေ။ သို့သော် မြန်မာလို မဖွံ့ဖြိုးသေးသေးသော နိုင်ငံတစ်ခုအတွက်ကား ဥပဒေအရ အကျုံးဝင်ဖို့ လိုလိမ့်မည်။ အနည်းဆုံး ထိုသဘောတူညီချက်မျိုးရရှိပါမှ အစိုးရက ပါမစ်ထုတ်ပေးသည့်အဆင့် ရောက်သင့်သည်။ လူနေရပ်ဝန်းနှင့် ဝေးသီခေါင်ရာ အခေါင်အဖျား မြစ်ကြီးများ မြစ်ဖျားခံရာ ရေဝေရေလွှဲဒေသများတွင် မိုင်းလုပ်ငန်းလုပ်လိုလျှင်ပင် မြစ်ကြောင်းတစ်လျှောက်နေ အများပြည်သူကို အသိပေး လက်ခံကြပြီးမှ လုပ်ငန်းစသင့်ကြသည်။ လူမှုပတ်ဝန်းကျင်ထိခိုက်မှုရှိမည်ဆိုလျှင် မည်မျှပင် အဖိုးတန်သော လုပ်ငန်းကြီးဖြစ်ပါစေ မလဲလှယ်အပ်ပါချေ။ ဒါကို တန်ဖိုးမထားတတ်သူ အစိုးရတာဝန်၊ အစိုးရ ဂုဏ်ကျက်သရေနှင့် မထိုက်တန်ပါချေ။

**အစိုးရ၏ အခန်းကဏ္ဍ**

အစိုးရ၏ အခန်းကဏ္ဍကို ကျွန်တော် မြင်သည်မှာ နိုင်ငံသားတို့၏ ဘဝလူနေမှုကို ချုပ်ကိုင်ဆုပ်ဆွဲ အတင်းအဓမ္မ မိမိစိတ်ကြိုက် ဖန်တီးရန်မဟုတ်၊ မည်သို့ပင် ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်သည်ဆိုစေကာမူ ပြည်သူလူထုမှာ အကျိုးစီးပွားတိုးတက်လာလျှင် အကြောင်းမဟုတ်၊ ပြည်သူလူထုအတွက် အကျိုးစီးပွားဖြစ်ပေါ်မလာလေလျှင်မူကား ပြည်သူလူထု၏ မကောင်းသော ဆုတောင်းဖြင့် ဒေါမနဿ သစ္စာဆိုခြင်းကိုခံကြရမည်သာဖြစ်၏။ အာဏာရှင်ခေတ်တွင် မပြောနိုင် မဆိုနိုင် ကြိတ်ခံကြရသည်မှတစ်ပါး ဘာမျှမတတ်နိုင်။ သို့သော် ဒီမိုကရေစီ ပြည်ထောင်စုခေတ်တွင်မူ အစိုးရဟူသည် 'ပြည်သူက တင်မြှောက်ပြီး ပြည်သူ့ကိုယ်စား ပြည်သူအတွက်' အလုပ်လုပ်သော အစိုးရမျိုးဖြစ်ရလေသည်။

အချို့က အမြင်လွဲသည်တို့ ရှိသည်။ ပြည်သူ့အကြိုက် အစိုးရက လိုက်လုပ်ပေးရမည်ဟူ၍။ မမှားပါ၊ သို့သော် တစ်ပိုင်းသာ မှန်သည်။ လွဲချော်နေသည့်အပိုင်းမှာ ပေါက်ကရပြောတိုင်း ဟုတ်မှန်သည်၊ ပြည်သူ့အကျိုးဆောင်သည်မဟုတ်၊ မိမိတို့အုပ်စုအတွက် သီးသန့်အကျိုးအတွက် သက်သက်ပြောနေကြခြင်း ဖြစ်နိုင်သည်။ စင်စစ်၎င်းတို့အကျိုးအတွက် အများပြည်သူ၏ အကျိုးမဲ့ဖြစ်မည့် အလုပ်ကို အစိုးရအား လုပ်စေလိုခြင်းများ ရှိနိုင်၏၊ ရှိလည်းရှိ၏။ အစိုးရနှင့် ရိုးသားစွာ အမြင်မတူ ကွဲပြားခြင်းလည်းဖြစ်နိုင်၏။ သို့သော် အစိုးရ၏ တာဝန်မှာ သူတကာပြောတိုင်း ထလုပ်ရန်မဟုတ်၊ ပြည်သူပြောသမျှ နားထောင်မှတ်သားထားရန် လိုသော်လည်း၊ ကြောင်းကျိုးညီညွတ်သည်ကိုသာ လက်ခံပြီး ယင်း၏ မူဝါဒလမ်းစဉ်အတိုင်းသာ မဖောက်မပြန် မှန်မှန်ကန်ကန် အလုပ်လုပ်ရပါသည်။ မယိမ်းမယိုင် ဖြောင့်မှန်ရ၏။ လူတစ်စုမဟုတ်သည့် အများပြည်သူအပေါ် သစ္စာရှိရ၏။ ပိုင်းခြားဝေဖန်၊ တိုးသာဆုတ်သာ လုပ်သင့်တာလုပ်ရ၏၊ အကျေအလည်ဖြစ်စေရေးကို ဦးတည်၍ အချိန်ယူ ညှိနှိုင်းဆွေးနွေးနေရသည်တို့လည်း ရှိနိုင်၏။ အလုပ်တတ်လျှင် အတွေ့အကြုံကိုရှာ သင်ယူရသည်တို့လည်းရှိနိုင်၏။ မိမိ၏မူဝါဒနှင့်ဆန့်ကျင် အဆိုပြုနေသည်တို့လည်းရှိနိုင်၏။ သို့သော် အမြဲသန့်ရှင်းသပ်ရပ်စွာ ပုံမှန်အလုပ်လုပ်နေသော အစိုးရဖြစ်ဖို့လိုသည်။ အများပြည်သူအကျိုးနှင့် မဆန့်ကျင်၊ ပွင့်လင်းမြင်သာ သိက္ခာသမာဓိရှိရှိ ကျင့်ကြံအားထုတ်လျှက် ပြည်သူ့အစိုးရပီသသော အစိုးရကောင်းတစ်ခုဖြစ်ရလိမ့်မည်။

နောက်တစ်ချက်မှာလည်း အစိုးရတို့မည်သည် နိုင်ငံ၏ တည်ဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ကို မကျော်ရ။ ကျော်လျှင်မှားသည်။ ဒါက သမာရိုးကျ သမုဒ္ဒိသစ္စာတရား၊ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် သဘာဝကျကျ အများပြည်သူ၏ ဆန္ဒအမှန်ဖြင့် အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေတော့ ဖြစ်ဖို့လိုသည်။ ထိုသို့ဆိုသဖြင့် ယခုပင် ထိုဥပဒေဘောင်ကို ကျော်လွှားလုပ်ကိုင်နိုင်သည်ဟု မဆိုနိုင်ပါချေ။ တရားမျှတမှု မရှိဟု အများပြည်သူက အဆုံးအဖြတ်ပေးလျှင် ပြင်ရလိမ့်မည်၊ သို့မဟုတ် အသစ်တစ်ဖန် ပြန်လည်ရေးဆွဲရလိမ့်မည်။ တည်ငြိမ်အေးချမ်းမှု၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များကို အဟန့်အတားဖြစ်သည်ဆိုလျှင် ပြင်ရလိမ့်မည်။ သို့မဟုတ် အသစ်ပြန်လည် ရေးဆွဲရလိမ့်မည်။ ဒါက အစိုးရ၏ အလုပ်ပီပီပြင်ပြင်လုပ်၍မရလျှင် ပြုပြင်ရမည့် အချက်ကိုပြဆိုခြင်း သက်သက်ပါ။ ကျွန်တော်ဆိုလိုသည်မှာ -

အစိုးရ၏ အခန်းကဏ္ဍသည် ပြည်သူလူထုဘဝထဲ ဝင်ရောက် ကိုယ်ရောင်ပြကာ နှောင့်ယှက်ရန်မဟုတ်၊ လူမြင်ကွင်းသို့ ခဏခဏထွက်မလာဘဲ မိမိအလုပ်ဌာနမှာ၊ ရုံးထဲမှာ ဆိတ်ငြိမ်ပြီး အပြင်မှာ ကြွားလုံးလိုမ့် လုံးမပါ။ အလုပ်ကို အလုပ်နှင့်တူအောင် လုပ်မှ အချိန်တိုတို လူနည်းနည်းဖြင့် အကျိုးသက်မှု (Performance Efficiency) ကောင်းလိမ့်မည်။ အများပြည်သူ့အကျိုးကို ဆောင်ကြဉ်းရာ၌ လူကောင်းများအတွက် တရားမျှတသော ဥပဒေများပြုပြီး လူမှုစီးပွားတိုးတက်ရေးကို စနစ်တကျ ဖန်တီးပေးနိုင်ရလိမ့်မည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းဟူသမျှတွင် ယင်းက တိုက်ရိုက်ဝင်ရောက် ပတ်သက်ခြင်းမရှိ (အရောင်းအဝယ်မလုပ်၊ ပွဲစားမဟုတ်၊ ငွေစကား ပစ္စည်းစကားမပြော၊ ကိုယ်ပိုင် ကုမ္ပဏီမရှိ၊ အစုရှယ်ယာဝင်လည်းမလုပ်၊ မည်သည့် အစိုးရဌာနကိုမျှလည်း စီးပွားရေးလုပ်ပိုင်ခွင့်မပေး)၊ လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းအသစ်များကို စိစစ်ပြီး ပါမစ်ပေးရန်၊ ပေးပြီးပါမစ်ပါ စည်းကမ်းချက်များအတိုင်း၊ မိုင်းဆိုလျှင် အစိုးရဌာနအနေဖြင့် သတ္တုတွင်း ဥပဒေ (Mines Law)၊ နည်းဥပဒေ (Rules)နှင့် စည်းမျဉ်းဥပဒေ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ (Regulations)ဖြင့် နိုင်ငံနှင့် နိုင်ငံသားများ အကျိုးအတွက် ထိန်းကျောင်းကွပ်ကဲသွားရန် (Regulatory Role) သာရှိသည်။ ယင်းတွင် စီးပွားရေးလုပ်ငန်းများ၌ မည်သို့မျှ ပါဝင်ပတ်သက်ရန် အကြောင်းမရှိချေ။ ဆိုရှယ်လစ်စိတ် မပျောက်သေး၍ ဖက်စပ်လုပ်ငန်းများ ရှိနေသေးလျှင်လည်း မိမိက ဥပဒေအရ တိကျမှန်ကန်စွာ ထိန်းကျောင်းကွပ်ကဲရေးမှတပါး အခြားနည်း ပါဝင်ပတ်သက်မှု မရှိစေရာ၊ အခွန်ကောက်ခြင်းစသည့် ကိစ္စတို့မှာ သတ္တုတွင်းဌာနနှင့် မဆိုင်၊ ဆိုင်သည်ဆိုလျှင် သယံဇာတကျိန်စာ ဆက်သင့်နေဦးတော့မည်။

ရေနံ၊ သတ္တု၊ ကျောက်မျက်စသော တွင်းထွက်လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ အလုပ်မှာ ငွေနှင့် ပစ္စည်းမကိုင်တွယ်ရသော ဥပဒေအရာ ထိန်းကျောင်းကွပ်ကဲရေးကဏ္ဍ (Regulatory Role)ကိုသာ အပိုင်အနိုင် တာဝန်ယူ တာဝန်ခံကာ အလုပ်လုပ်သင့်ပေသည်။ ယနေ့လိုအပ်နေသော စီးပွားရေးမူဝါဒ ပြုပြင်ရေးကိစ္စများတွင် ဤအချက်သည် အဓိကအချက်တစ်ချက်ဖြစ်သည်။ ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းပြီးသည်နှင့် အခြား အဂတိလိုက်စားမှု တိုက်ဖျက်ရေးများ လွယ်ကူသွားလိမ့်မည်။ မြန်မာပြည်ကြီးလည်း သာယာဝပြောလျက် တည်ငြိမ်အေးချမ်းမှု ထာဝရတည်လိမ့်မည်။

**ရင်းနှီးမြှုပ်နှံမှုကို အားပေးကူညီခြင်း**

ဆင်းရဲသားတို့သည် အများအားဖြင့် ယဉ်ကျေးမှုအရ သို့မဟုတ် လိုအပ်၍သာ ပြုံးပြကောင်းပြမည်၊ သူဌေးဆိုသူတို့အား မိတ်ဆွေသဘောထားခဲ၏။ သူဌေး အချို့ကလည်း ဆင်းရဲသားကို မရှိတောင်းနိုး ခိုးနိုးထင်တတ်ကြ၏။ ဆင်းရဲသားလည်း လူ၊ သူဌေးလည်းလူ ဆိုသည့် အဖြစ်ကို မေ့ပျောက်ထားလေ့ ရှိကြသည်။ သို့သော် အကြိုက်တွေ့ချင်မှတွေ့မည်ဖြစ်သော်လည်း လောကအမှန်တရားကား ဆင်းရဲသားလည်း ကိုယ့်ဘဝကိုယ် မထူထောင်နိုင်လျှင် သူဌေးကို လိုအပ်နေဦးမည်။ သူဌေးကလည်း စက်ရုပ်တွေ မဝယ်နိုင်သေးလျှင် ဆင်းရဲသား အလုပ်သမားကို လိုအပ်နေလိမ့်ဦးမည်။

တိုင်းပြည်တစ်ခု သာယာစည်ပင်သည် ဆိုရာမှာ သူဌေးဘဝကို မြှင့်တင်ရန် မဟုတ်၊ ဆင်းရဲသားဘဝကို မြှင့်တင်ရန်ဖြစ်သည်။ သူဌေးဘဝကို မနိမ့်ကျစေဘဲ ဆင်းရဲသားဘဝကို မြှင့်တင်နိုင်သောနည်းမှာ သူဌေးများက ယင်းတို့၏ အမြတ်အစွန်းငွေကို တိုက်အိမ်နံရံများထဲ အခေါင်းသွင်း ကွယ်ဝှက်မထားဘဲ လုပ်ငန်းကိုင်ငန်းအသစ်များ တိုးချဲ့ကာ အလုပ်အကိုင်သစ်များ ဖော်ဆောင်သင့်သည်။ ဒါက ငွေကို အရှင်ထားခြင်း၊ ပညာရှိခြင်းဖြစ်သည်။ အလုပ်သမား စွမ်းဆောင်ရည် တိုးတက်ရန်လည်း ယင်းကပင် စွမ်းဆောင်ရလိမ့်မည်။ အစိုးရက ဒါကို လှုံ့ဆော်နှိုးဆွ အားပေးရလိမ့်မည်။ အသစ်အသစ်သော လုပ်ငန်းများ ပေါ်ထွန်းလာအောင် ကြိုးပမ်းကြရလိမ့်မည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း အားပေးဖော်ဆောင်ရလိမ့်မည်။


ရင်းနှီးမြှုပ်နှံမှုကို အားပေးကူညီသည်ဆိုရာတွင် လက်ဖြန့်ခံ၊ သို့မဟုတ် အပေါ်မှစီး၍ တောင်းဆိုခြင်းမျိုးမဟုတ်၊ နည်းလမ်းတကျ မျှတသော အကျိုးခံစားခွင့်ပေးပြီး ခေါ်ယူလက်ခံခြင်းမျိုးကို ဆိုလိုသည်။ ရင်းနှီးမြှုပ်နှံချိန်တွင် အကျိုးအမြတ် မထွက်မီ အခွန်သက်သာခွင့်၊ လုပ်ငန်းသစ်ထူထောင်တိုင်း သင့်တော်ရာ အကျိုးခံစားခွင့်များ ပေးခြင်းဖြင့် ဆွဲဆောင်နိုင်မည် ထင်သည်။

**စာမျက်နှာ ၂၀ သို့**




မိကွက်




ရဲချက်




ချစ်ချစ်

# လူမှုအကျိုးပြု စီးပွားရေး ဆင်းရဲမွဲတေမှု တိုက်ဖျက်နိုင်

ကိုရင်ကြူ

မိမိ၏ ပုဂ္ဂလိက ကိုယ်ကျိုးစီးပွားရရှိရေး တစ်ခုတည်းကို မကြည့်ဘဲ ဆင်းရဲနွမ်းပါး သူများကိုယ်တိုင် စီးပွားရေးလောက အတွင်း တစ်နိုင်တစ်ပိုင် ပါဝင်လုပ်ကိုင် လာစေရန် ရည်ရွယ်သည့် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း(Social Business) သည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများ၏ ဆင်းရဲမှု မှ ထွက်ရပ်လမ်းအဖြစ် ရှုမြင်ရလေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဆင်းရဲသားနင်းပြား ပြည်သူများ၏ လူနေမှုဘဝ ပြဿနာများ အား ဖြေရှင်းနိုင်စေရန်အတွက် သာမန် ပြည်သူပြည်သားများ စီးပွားရေးအသိုက် အဝန်းအတွင်း ပါဝင်လုပ်ကိုင်လိုသည့် စိတ် ဓာတ်ခွန်အားကို ပေးစွမ်းရန်မှာ လူမှုအကျိုး ပြုစီးပွားရေးလုပ်ငန်း၏ ကြီးမြတ်လှသော ရည်ရွယ်ချက်ဖြစ်သည်။

လူမှုအကျိုးပြု စီးပွားရေး လုပ်ငန်း သဘောတရားအား လက်ခံယုံကြည်သူ ဦးရေ တိုးပွားလာမှုကို ထင်ဟပ်သည့် သတင်းတစ်ပုဒ်အဖြစ် ဗြိတိန်နိုင်ငံ အီဒင် ဘာရာမြို့၌ လူမှုအကျိုးပြု စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပုံနှင့်ပတ် သက်၍ သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရ လေသည်။

စကော့တလန်အစိုးရအဖွဲ့သည် ပြီးခဲ့ သည့်နှစ်ကုန်က အသေးစားငွေရေးကြေး ရေးလုပ်ငန်း ကုမ္ပဏီတစ်ခုကို ပေါင် စတာလင်ခြောက်သန်း ရန်ပုံငွေတစ်ရပ်နှင့် အတူ ထူထောင်ပေးခဲ့သည်။ ယင်းကုမ္ပဏီ က အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်လိုသူများအတွက် ချေးငွေများ ကို ထုတ်ပေးသွားမည်ဖြစ်သည်။

စကော့တလန်တစ်ဝန်းရှိ ကုမ္ပဏီများ အနေဖြင့်လည်း ချေးငွေများ ရယူနိုင်ကာ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်နိုင်ကြပြီ ဖြစ်သည်။

လူဦးရေ ၁၀ ဦးအောက်သာ ပါဝင်သော အစုအဖွဲ့များအား ချေးငွေများထုတ်ပေး ကာ အသေးစားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ကြသည်။ ချေးငွေအတွက် အတိုးနှုန်းမှာ သက်သာပြီး ကာလအတိုင်း အတာအတစ်ရပ်အထိ ငွေချေးကာလခွင့် ပြုပေးသည်။

လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ ကျယ်ပြန့်လာရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံ များရှိ အစိုးရအဖွဲ့များက အသေးစားငွေ ရေးကြေးရေးလုပ်ငန်းကို အလေးပေးလာ ကြောင်း တွေ့မြင်ရသည်။

လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်စေခြင်းမှာ ရပ်ရွာလူထု၏ နိစ္စဓူဝ လူမှုဘဝ ပြဿနာများကို ဖြေရှင်းပေးရန် ရည်ရွယ်သဖြင့် ဆင်းရဲမွဲတေမှု တိုက်ဖျက် ရေး မဟာဗျူဟာနှင့် ကိုက်ညီလှသည်။

လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းဟူ သော သဘောတရားမှာ စီးပွားရေးအကျိုး မြတ်သက်သက်အတွက် စီးပွားရေးလုပ်ငန်း ကို လုပ်ကိုင်ခြင်းမဟုတ်မူ၍ ဆင်းရဲမွဲတေ မှု လျှော့ချပေးရန်သာဖြစ်သည်။ လူမှု အကျိုးပြု စီးပွားရေးလုပ်ငန်း သဘော တရားကို ကမ္ဘာတစ်လွှားသို့ ဖြန့်ချိပေးခဲ့ သူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပါမောက္ခ ယူနုပ်စ်ဖြစ်လေသည်။

**လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းဌာန**

နယူးဇီလန်နိုင်ငံရှိ လင်ကွန်းတက္ကသိုလ် ၌ ယူနုပ်စ် လူမှုအကျိုးပြု စီးပွားရေး လုပ်ငန်းဌာနကို နယူးဇီလန်နိုင်ငံ၌ ပထမ ဆုံးအကြိမ် ဖွင့်လှစ်ခဲ့သည်။ ယခု နောက်ဆုံး ဖွင့်လှစ်လိုက်သည့် ဌာနအပါ အဝင် အလား တူဌာနပေါင်းမှာ ကမ္ဘာတစ်ဝန်းတွင် ၃၅ ခုရှိပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းဌာနသည် လူမှုရေးနှင့် ဆက်နွှယ်မှုရှိသော စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ တက္ကသိုလ်ပညာရေးပုံစံ သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်တန်း များ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်သည်။

ယူနုပ်စ်အမည်ရှိ ပုဂ္ဂိုလ်ကြီးမှာ ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၏ ပါမောက္ခကြီးတစ်ဦးလည်း ဖြစ်၊ လူမှုရေးဆိုင်ရာ စွန့်ဦးတီထွင် စီးပွား ရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သူပေ တည်း။

အသက် ၇၆ နှစ်ရှိ ယူနုပ်စ်သည် ၂၀၀၆ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိခဲ့ သည်။ ၁၉၈၃ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၌ ဂရာမင်းဘဏ် (Grameen Bank) ကို ထူထောင်ခဲ့ပြီး အသေးစား ငွေရေးကြေး ရေးလုပ်ငန်းနှင့် အသေးစား ငွေချေး လုပ်ငန်းဆိုင်ရာ အတွေးအမြင်သစ်များကို ဖော်ထုတ်နိုင်ခြင်းအတွက် နိုဘယ်ဆုကို ချီးမြှင့်ပေးအပ်ခံခဲ့ရသည်။

ဘောဂဗေဒပါမောက္ခ ယူနုပ်စ်သည် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းဆိုင်ရာ အယူအဆသစ်ကို ဖော်ထုတ်နိုင်ရန် သူ၏ ဘဝအတွေ့အကြုံတစ်ရပ်က ကြီးစွာ အထောက်အကူပြုခဲ့လေသည်။

ယူနုပ်စ်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ က ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဂျိုဘရာအမည်ရှိ ကျေးရွာတစ်ရွာသို့ ရောက်ရှိခဲ့ရာတွင် ဆင်းရဲနွမ်းပါးသူ မိသားစုများနှင့် တွေ့ဆုံ ခဲ့ပြီး ၎င်းတို့အား စာနာသနားသော စိတ် ထားဖြင့် ၎င်းပိုင် အမေရိကန်ဒေါ်လာ ၂၇ ဒေါ်လာအား ရွာသူအမျိုးသမီး ၂၄ ဦးကို လုပ်ငန်းမတည်ငွေအဖြစ် ထုတ်ချေးပေးခဲ့ သည်။ အဆိုပါ အမျိုးသမီးများမှာ ဝါးကို ကုန်ကြမ်းအဖြစ် အသုံးပြုသော ပရိဘောဂ ထုတ်လုပ်သူများဖြစ်ကြပြီး ၎င်းတို့လုပ်ငန်း ချဲ့ထွင်နိုင်ရေးအတွက် ပါမောက္ခကြီးထံမှ ချေးငွေကို လက်ခံရယူခဲ့ကြသည်။

ဝါးထည်ပရိဘောဂထုတ်လုပ်သူများမှာ ယခင်က အတိုးငွေကို နင့်နေအောင်ယူ သည့် ငွေတိုးချသူများထံမှ ချေးငွေရယူခဲ့ ကြရသူများဖြစ်ကြသည်။

ပါမောက္ခကြီးကမူ ယင်းအမျိုးသမီးများ ကို ကယ်တင် စောင့်ရှောက်လိုသော သဘောဖြင့် ငွေထုတ်ချေးပေးခဲ့သည်။

ယူနုပ်စ်သည် ရပ်ရွာအခြေပြု စီးပွားရေး လုပ်ငန်းငယ်များကို မြှင့်တင်ပေးနိုင်ရန် အသေးစား ငွေရေးကြေးရေးဘဏ်ကို ဖွင့် လှစ်လုပ်ကိုင်ခဲ့ရာ ယနေ့ကာလတွင် သူ၏ ဂရာမင်းဘဏ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ် ဝန်းရှိ လူပေါင်းကိုးသန်းခန့်အတွက် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော် ထုတ်ချေးပေးခဲ့ပြီးဖြစ်သော ဘဏ်အဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိလေပြီ။

ရွာသူရွာသားများအား ပထမဆုံး ငွေ ထုတ်ချေးခဲ့စဉ်က အသေးစားငွေရေးကြေး ရေးလုပ်ငန်း၏ သဘောသဘာဝနှင့် ပတ် သက်၍ အလေးအနက်ဆင်ခြင်မိကာ ထုတ် ချေးခဲ့ခြင်းမဟုတ်ပေ။ ထိုစဉ်က သူ၏စိတ် ဝယ် ခံစားချက်ဖြစ်ပေါ်မိသည်မှာ ရွာသူ ရွာသားများအနေဖြင့် အတိုးကြီးစား ခေါင်း ပုံဖြတ် အမြတ်ထုတ်သူများ၏ ဘေးမှ ကင်း ဝေးမှုရရှိစေလိုခြင်းသာဖြစ်သည်။ အရင်း အနှီးမရှိ၍ လုပ်ငန်းမစတင်နိုင်သော ရွာသူ ရွာသူများအား သမ္မာအာဇီဝ လုပ်ကိုင်စား သောက်နိုင်စေခြင်းငှာ စေတနာသက်သက် ဖြင့် ထုတ်ချေးခဲ့ခြင်းသာဖြစ်သည်။


ပါမောက္ခယူနုပ်စ်။ ဓာတ်ပုံ- New Zealand Herald

**ပါမောက္ခကြီး၏ ချေးငွေ**

ပါမောက္ခကြီးက ငွေထုတ်ချေးပေးနေ သည်ဟု သတင်းကြားသိရသော ဂျိုဘရာ ကျေးရွာနှင့် ရွာနီးချုပ်စပ်ရွာများမှ ရွာသူရွာ သားများက ငွေချေးရနိုင်ရန် တစ်ဖွဲဖွဲရောက် ရှိလာခဲ့ကြသည်။ တစ်စစဖြင့် ငွေချေးသူ တိုးပွားလာခဲ့ရာ ယူနုပ်စ်က ကျေးရွာဘဏ် ဟု အမိပ္ပာယ်ရရှိသော ဂရာမင်းဘဏ်ကို ထူထောင်ရန် အကြောင်းဖန်ခဲ့သည်။ ရွာသူ ရွာသားများ၏ဘဝကို တိုးတက်ပြောင်းလဲ စေသည့် လုပ်ငန်းအဖြစ် သူက ဂုဏ်ယူဝင့် ကြွားခဲ့ရသလို ပီတိလည်းဖြစ်ခဲ့ရသည်။

ယူနုပ်စ်သည် အစိုးရပိုင် ဂျနားတား ဘဏ်နှင့် အခြားသော ဘဏ်များထံမှ ချေး ငွေများရယူခဲ့ပြီး အသေးစားငွေရေးကြေး ရေးလုပ်ငန်းကို စတင်ခဲ့ကာ ၁၉၈၃ ခုနှစ် တွင် ဂရာမင်းဘဏ်ကို ထူထောင်ခဲ့ခြင်းဖြစ် သည်။

ပြန်လည်ပေးဆပ်ငွေ ရေရာသေချာစေ ဖို့ လုပ်ငန်းလုပ်ကိုင်သူများအား သမဝါယမ အစုအဖွဲ့ပုံစံမျိုး အုပ်စုငယ်များကို ဖွဲ့စည်း စေသည်။ လူတစ်ဦးငွေချေးလျှင် သူ၏ အစုအဖွဲ့မှ အခြားအဖွဲ့ဝင်များက အာမခံ သူများအဖြစ် အာမဝန္တာပြုကြရသည်။ အချင်းချင်း အပြန်အလှန် အာမခံစေသည့် စနစ်ဖြင့် ငွေချေးနိုင်ကြသည်။ ငွေချေးသူ အများစုမှာ အမျိုးသမီးများဖြစ်ကြသည်။

"ခုနရှင် စီးပွားရေးစနစ်မှာ စီးပွားရေး လုပ်ငန်းရှင် အများစုက အသေးစားငွေရေး ကြေးရေးလုပ်ငန်းကို အခွင့်အလမ်းတစ် ရပ်အနေနဲ့ မမြင်ကြဘူးဗျ။ သမားရိုးကျ နည်းလမ်းနဲ့ မျှမျှတတငွေချေးမယ့်အစား လုပ်ငန်းကြီးကြီး ထူထောင်နိုင်ရင် ဝင်ငွေ များများရနိုင်တယ်ဆိုတဲ့ အယူအဆကိုသာ စီးပွားရေးလုပ်ငန်းရှင်တွေ လက်ခံထားကြ တယ်" ဟု ယူနုပ်စ်က ပြောကြားသည်။


နယူးဇီလန်နိုင်ငံရှိ လင်ကွန်းတက္ကသိုလ်
ဓာတ်ပုံ- New Zealand Herald

လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းသည် ပရဟိတအများအကျိုးပြု လုပ်ငန်းတစ်ရပ် ဖြစ်သည်။ လုပ်ငန်းမှရရှိသော အမြတ်ငွေ ကို အရင်းအနှီးအဖြစ် ပြန်လည်အသုံးပြု နိုင်သည့်အပြင် အခြားသော အလားတူ လုပ်ငန်းများ စတင်နိုင်ရန်လည်း အသုံးပြု နိုင်သည်။ ယင်းလုပ်ငန်းမှရရှိသော ငွေ ကြေးအကျိုးအမြတ်ကို ရပ်ရွာအတွင်း၌ ဘုရားကျောင်းကန်များတည်ခြင်း၊ ပြည်သူ့ ဥယျာဉ်ထူထောင်ခြင်း၊ ဒေသန္တရ ဆေးပေး ခန်းဖွင့်လှစ်ခြင်း၊ ရပ်ရွာပြည်သူများစုဝေး ရာဌာန ဖွင့်လှစ်ခြင်း စသည့်လုပ်ငန်းများ အတွက် သုံးစွဲနိုင်သည်ကို တွေးတောမိရင်း **"လူမှုအကျိုးပြု စီးပွားရေး ဆင်းရဲမွဲတေမှု တိုက်ဖျက်နိုင်"** ဟု ကျွန်ုပ် ကျူးရင့်မိပါ သတည်း။ ။

*Ref: Bangladesh social entrepreneur says microfinance could solve NZ problems.*

# မော်လမြိုင် သံလွင်မြစ်ပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) တံတားကြီးပေါ်မှ ကားများဖြတ်သန်း မောင်းနှင်ခွင့်ပြုလိုက်ပြီ

ခရမ်းစိုးမြင့်

မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ်အတွက် သံလွင်မြစ်ကိုဖြတ်၍ မော်လမြိုင်မြို့ မုပွန်ရပ်ကွက်မှ ဘီလူးကျွန်း ချောင်းဆုံမြို့နယ် ကညော်ကျေးရွာတို့ကို ဆက်စပ်ဖောက်လုပ်ခဲ့သော ပင်မတံတားအရှည် (၅၂၀၃ ဒသမ ၄) ပေရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) တံတားကြီးမှာ ယခုအခါ တည်ဆောက်မှုရာနှုန်းပြည့် ပြီးစီးသွားပြီး တံတားခံနိုင်ဝန်သတ်မှတ်ချက်များလည်း စမ်းသပ်စစ်ဆေးပြီးသွားပြီဖြစ်သောကြောင့် ဒေသတွင်းမှ ပြည်သူများ အသုံးပြုနိုင်ရန်အတွက် တံတားကြီးပေါ် ယာဉ်ကားဖြတ်သန်းမောင်းနှင်ခွင့်ကို (၂၇-၅-၂၀၁၇) မှစ၍ သက်ဆိုင်ရာက ခွင့်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါ တံတားကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က စတင်၍ ယနေ့အချိန်ထိ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ၊ ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ၊ မွန်ပြည်နယ်ရန်ပုံငွေတို့ဖြင့် ချဉ်းကပ်လမ်းများ+တံတား စုစုပေါင်း ဘဏ္ဍာငွေကျပ်သန်း ၆၀၀၅၇ ဒသမ ၄၁ သန်း အကုန်ခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားအရှည်မှာ (၅၂၀၃ ဒသမ ၄) ပေရှိပြီး တံတားခန်းမဖွင့်ဖွဲ့စည်းပုံမှာ မော်လမြိုင်ဖက်ကမ်းတွင် Steel Plate Girder မီတာ ၃၀ တစ်ခန်း၊ Steel Box Girder မီတာ ၆၀ သုံးခန်း၊ Main Steel Truss (Arch Type) လေးခန်း၊ ချောင်းဆုံဖက်ကမ်းတွင် Steel Box Girder မီတာ ၆၀ အကျယ် ၁၄ ခန်းဖြစ်သည်။ ချဉ်းကပ်လမ်းမှာ မော်လမြိုင်ဖက်ကမ်းတွင် ၇၅၇ ပေရှိပြီး ချောင်းဆုံဖက်ကမ်းတွင် ၁၆၉၈၀ ပေရှိရာ ချဉ်းကပ်လမ်းအရှည် ၁၇၇၃၇ ပေ (၃ မိုင် ၂ ဒသမ ၇၅ ဖာလုံ) ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကြီးတည်ဆောက်ရာတွင် ပထမလမ်းအူကြောင်းရွေးချယ်မှု ငါးခုထဲကမှ အကောင်းဆုံးနဲ့ အသင့်လျော်ဆုံးဖြစ်တဲ့ ဘီလူးကျွန်းဖက်ခြမ်းမှ ကညော်ရွာနှင့် မော်လမြိုင်ဘက်ခြမ်းမှ ကျိုက်မုပွန်အရပ်တို့ကို ဆက်သွယ်တည်ဆောက်တဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှာ ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်ကာ စတင်တည်ဆောက်ခဲ့တာဖြစ်ကြောင်းသိရသည်။

ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)၏ တံတားအမျိုးအစားမှာ တံတားအုတ်မြစ်နှင့် တံတားအောက်ထည်သည် သံကူကွန်ကရစ်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်တံတားဖြစ်သည်။ တံတားသံပေါင်များကို ဂျပန်နည်းပညာဖြင့် ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ထားကြောင်း သိရသည်။ တံတားပေါ်၌ နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေ သုံးလက်မ၊ ရေလမ်းကင်းလွတ်အကျယ် ၄၂၆ ပေ၊ ရေလမ်းကင်းလွတ်အမြင့် (အမြင့်ဆုံးရေအမှတ်) ၄၆ ပေ ဖြစ်သည်။

ယခုလို တံတားကြီး တည်ဆောက်ပြီးစီးသွားသဖြင့် ပြည်သူများသွားလာရေး လွန်စွာ လွယ်ကူသွားမှာဖြစ်သလို ယခင်ကဲ့သို့ မော်လမြိုင်ဖက်ခြမ်းနှင့် ချောင်းဆုံဖက်ဆိပ်ကမ်းမှာပါ ဟိုဖက်ကမ်းမှ ဒီဖက်ကမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်တဲ့ စက်လှေပေါ် ကုန်တင်ကုန်ချလုပ်ငန်းတွေ လိုအပ်တော့မှာမဟုတ်သလို တံတားပေါ်ကနေပြီး ကားတွေနဲ့ တိုက်ရိုက် တင်ပို့မှာဆိုတော့ စရိတ်လည်းသက်သာ၊ အချိန်လည်းမကုန်တော့ဘဲ ကုန်စည်စီးဆင်းမှုများလည်း မြန်ဆန်လာတော့မှာ ဖြစ်သည်။ ထို့အပြင် ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်သည် ယခင်က ကားတစ်စီးသာ မောင်းနိုင်သော ကတ္တရာခင်းကျွန်းပတ်လမ်းတစ်လမ်းသာရှိသော်လည်း တံတားကြီး တည်ဆောက်ပြီးစီးသွားသဖြင့် ကျွန်းပတ်လမ်းကို ယခုအခါ ၁၈ ပေ ကတ္တရာလမ်းအဖြစ် တိုးချဲ့ ဖောက်လုပ်နေပြီး ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) တံတားကြီး၏ ကညော်ဘက်ရွာ ချဉ်းကပ်လမ်းမှာ ဘီလူးကျွန်း၊ ကျွန်းပတ်လမ်းနှင့် သွားရောက်ချိတ်ဆက်ပြီး မော်လမြိုင်မြို့သို့ မိနစ်ပိုင်းအတွင်း ကားနှင့် မောင်းနှင်သွားရောက်နိုင်တော့မည်ဖြစ်သောကြောင့် ဘီလူးကျွန်းတစ်ကျွန်းလုံးမှ ပြည်သူများ မော်လမြိုင်မှတစ်ဆင့် အနယ်နယ် အရပ်ရပ်သို့ ခရီးပေါက်တော့မည်ဖြစ်သည်။





## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးမြို့နယ်ဒေသခံပြည်သူလူထုတွေ့ဆုံ

**ပဲခူး ဧပြီ ၂၉**

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးမြို့နယ်ဒေသခံပြည်သူလူထု တွေ့ဆုံပွဲအခမ်းအနားကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် ပြောင်းလာသည့်အခြေအနေများ၊ အရွေ့တစ်ခုအနေဖြင့် ပြောင်းလဲခြင်းပြုလုပ်ရာတွင် အခက်အခဲများစွာရှိသည့်အတွက် ချက်ချင်းလုပ်ယူလို့မရ၊ တဖြည်းဖြည်းနှင့် စိတ်ရှည်စွာ အစိုးရ၊ ဌာနဆိုင်ရာနှင့် ပြည်သူ ဟန်ချက်ညီညီစည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲပြောင်းလဲကြရမှာဖြစ်ကြောင်း၊ မတူညီမှုများကိုတူညီအောင် လုပ်ယူ၍မရသော်လည်း ညီညွတ်မှုရှိအောင်လုပ်ယူ၍ရကြောင်း၊ ပဲခူးမြို့သည် တိုင်းဒေသကြီး၏ မြို့တော်တစ်ခုဖြစ်သော်လည်း အုပ်ချုပ်ရေးအဆက်ဆက်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့မှု အားနည်းခဲ့ကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ပဲခူးမြို့အား တိုင်းဒေသကြီး၏မြို့တော်အင်္ဂါရပ်နှင့်ညီအောင် ဖွံ့ဖြိုးတိုးတက်မှုများရှိလာအောင် ကြိုးစားဆောင်ရွက်လုပ်ကိုင်သွားမှာဖြစ်ကြောင်း၊ ပြည်သူများ၏ တင်ပြချက်များအား မှတ်သားပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ပဲခူတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ပြည်သူ့အသံသည်လွှတ်တော်၏ အသံ၊ ပြည်သူ၏ဆန္ဒသည်လွှတ်တော်၏ဆန္ဒဖြစ်သည်နှင့်အညီ ပြည်သူ့အတွက်၊ နိုင်ငံတော်အတွက်၊ တိုင်းဒေသကြီးအတွက် လွှတ်တော်အတွင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်သူများ၏အခက်အခဲများကို သိရှိဖြေရှင်းပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူများထံသွားရောက်ကြပြီး မေးမြန်းနားထောင်လွှတ်တော်သို့ တင်ပြရန်လမ်းညွှန်မှုပေးထားကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းပြီး အကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက်ပြည်သူများ၏ မေးမြန်းမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၅၀၀ တန်ထီကို အုပ်ရေ ၃၃ သိန်းကျော်ထိမှာယူ

**မုံရွာ ဧပြီ ၂၉**

လက်ရှိလူအများစိတ်ဝင်စားနေသော ကျပ် ၅၀၀ တန်ထီလက်မှတ်စာအုပ်မှာယူမှုသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အုပ်ရေပေါင်း ၃၃ သိန်းကျော်ရှိရာ ယခင်ကျပ် ၂၀၀ တန်မှာယူမှုအုပ်ရေ ၃၂၀၀၀၀ ကျော်ထက်မှာယူမှုအဆမှာ ၁၀ ဆကျော်တက်သွားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အခွန်များဦးစီးဌာနဦးစီးမှူးဦးကျော်ဇေယျထံက သိရသည်။

“စစ်ကိုင်းတိုင်းထဲမှာ ကျပ် ၅၀၀ တန်ထီဝယ်ယူခွင့်ပါမစ်ကျတဲ့လုပ်ငန်းရှင်တွေရှိတယ်။ သူတို့တွေဟာထီစာအုပ်တစ်အုပ်ထီစာရွက် ၁၁ ရွက်ကို ကျပ် ၅၀၀၀ နဲ့ ရောင်းပေးထားတယ်။ အများပြည်သူကို ပြန်ရောင်းချရင်တစ်စောင်ကျပ် ၅၀၀ ထက်ပိုမရောင်းရဘူးဆိုတဲ့ ကတိကဝတ်ပြုလက်မှတ်ထိုးထားကြပါတယ်။ အဲဒီအပေါ်မှာ အောင်ဘာလေ သိန်းဆုဌာနခွဲကလည်း ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် ဘယ်ထီဆိုင်တွေ ထီတစ်စောင်ချင်းအပေါ် ဘယ်လောက်အမြတ်တင်ရောင်းနေတာတွေ ရှိတယ်ဆိုတာကို သက်ဆိုင်ရာမြို့နယ်အခွန်တာဝန်ရှိသူတွေက စိစစ်တင်ပြပေးရတာတွေရှိပါတယ်။

တချို့ ထီအုပ်ရေ ၁၀၀၀ ရတဲ့ဆိုင် ထီကုန်သွားရင် ထပ်ဝယ်ရမယ့် ထီစာအုပ်တွေအတွက် အခြားထီဆိုင်တွေကတစ်ဆင့်ပြန်ဝယ်ရတဲ့အတွက် တစ်စောင်ကို ၅၅၀ နဲ့ ၆၀၀ နဲ့ရောင်းနေတယ်ဆိုတဲ့ သတင်းတွေတော့ကြားနေရပါတယ်” ဟု အခွန်များဦးစီးဌာနဦးစီးမှူး ဦးကျော်ဇေယျက ရှင်းပြသည်။

ကျပ် ၅၀၀ တန်ထီစတင်ထွက်ရှိချိန်ကစ၍ ရွှေဘိုမြို့မှ ထီနှစ်ဆိုင်နှင့် မုံရွာမြို့မှ တစ်ဆိုင်တို့သည် တစ်စောင်လျှင် ကျပ် ၅၀၀ ထက်ပိုရောင်းချနေသည့်အတွက်ဟုဆိုကာ အောင်ဘာလေသိန်းဆုဌာနခွဲကိုလှမ်း၍တိုင်ကြားရာ အဆိုပါကိစ္စကို သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်၍ ဆောင်ရွက်ထားသည်များကို အောင်ဘာလေသိန်းဆုဌာနခွဲသို့ ပြန်လည်တင်ပြထားကြောင်းသိရသည်။

ပြီးခဲ့သည့် ကျပ် ၅၀၀ တန်မဖွင့်ခင်ကျပ် ၂၀၀ တန်ထီလက်မှတ်များမှာယူမှုမှာ ၃၂၀၀၀၀ ကျော်ထီအုပ်ရေရှိရာမှ ကျပ် ၅၀၀ တန်ထီဖွင့်တော့မည့်အတွက် ထီလက်မှတ်လိုချင်သူများ မှာယူနိုင်ကြောင်း ဖိတ်ခေါ်လိုက်ရာ မှာယူမှုထီအုပ်ရေမှာ ၃၃၂၀၀၀၀ ကျော်အထိ အမှာထိုးတက်သွားကြောင်းသိရသည်။

“၅၀၀ တန်ထီက စနစ်တစ်ခုရဲ့ အလှည့်အပြောင်းမှာ တာဝန်ရှိသူတွေ၊ ထီရောင်းချသူတွေ၊ အဆင့်ဆင့်ပြန်ရောင်းသူတွေညှိနှိုင်းပြီးမှ ထီစာအုပ်ဘယ်လောက်တင်မယ်ဆိုတာကိုဆုံးဖြတ်ဆောင်ရွက်ကြရတာပါ။ ဒီလောက်အခြေအနေဖြစ်လာလိမ့်မယ်လို့မထင်ခဲ့ပါဘူး။ ၂၀၀ တန်ထီက တစ်သိန်းဖိုးရောင်းရတယ်ဆိုရင် အခု ၅၀၀ တန်ထီက သုံးသိန်း၊ လေးသိန်းဖိုးလောက်ရောင်းရပါတယ်။ ပြီးခဲ့တဲ့ ပထမအကြိမ်က မထင်မှတ်လောက်အောင်ကို အလွန်ပဲရောင်းကောင်းခဲ့သလို အခုအကြိမ်လည်း ရောင်းကောင်းနေပါတယ်။

တချို့ဆိုင်တွေဆိုရင် လကုန်ခါနီးကုန်တဲ့ဆိုင်တွေ တောင်ရှိနေပါတယ်။ တစ်ခုခက်နေတာက အောင်ဘာလေ ဖွင့်ရင်အကုန်ထည့်ဖွင့်နေတာပါ။ အက္ခရာနှစ်လုံးတွေ၊ အကြိမ်မပါတာတွေကိုတော့ ရောင်းရင် အတော်လေး ရှင်းပြပြီးမှ ရောင်းနေရတာပါ။

ထီထိုးမယ့် ပြည်သူတွေအနေနဲ့လည်း အောင်ဘာလေ ထီနဲ့ပတ်သက်ပြီး တရားဝင်ကြေညာတဲ့ သတင်းစာကို ဖတ်ကြဖို့တော့လိုပါတယ်။ ဖတ်ရင်တော့ တော်တော်ပြေလည်မှာပါ” ဟု မုံရွာမြို့ရှိ ‘မင်းမဟော်’ ထီဆိုင်ပိုင်ရှင် ဦးကျော်ဌေးက ပြောပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကရင်ပြည်နယ်အစိုးရ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံ

**ဘားအံ ဧပြီ ၂၉**
ကရင်ပြည်နယ် ဘားအံမြို့တွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများအကြား ပိုမိုခိုင်မာသည့်ယုံကြည့်မှုတည်ဆောက်ရန် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ ဒေသတွင်း အရေးတယူကိုင်တွယ်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကွန်ရက်ချိတ်ဆက်မှုပိုမိုအားကောင်းလာစေရန်အတွက် ကရင်ပြည်နယ်အစိုးရ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘားအံမြို့နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံပွဲကို ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၃)ရပ်ကွက် ဟိုတယ်ဂါဗာနာ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက် (KSCN) ဦးဆောင်ကော်မတီ ဦးကျော်ဇွာက တွေ့ဆုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြကာ ဘားအံမြို့နယ်အတွင်း ပညာရေးကဏ္ဍ၊ မြေယာကဏ္ဍ၊ လူငယ်ကဏ္ဍ၊ ငြိမ်းချမ်းရေးကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ လူမှုကူညီရေးကဏ္ဍ၊ လူမှုစီးပွားရေးကဏ္ဍများကို ဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများက အစုအဖွဲ့လိုက် လုပ်ဆောင်မှုများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**






**မြင်းခြံ ဧပြီ ၂၉**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် နယ်မြေခံတပ်ရင်း၏ ရှေ့တန်းပြန်စစ်သည်များအား မြို့ခံပြည်သူများနှင့် တပ်မိသားစုများမှ သောင်းသောင်းဖြိုးဖြိုးကြိုဆိုခြင်းကို နယ်မြေခံတပ်ရင်းရှေ့တွင် ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့၏ နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူးနှင့်စစ်သည်များသည် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်ပြီးနောက် တပ်ရင်းသို့ပြန်လည်ဝင်ရောက်လာခြင်းအား မြင်းခြံမြို့သူ၊ မြို့သားများနှင့် တပ်ရင်းမိသားစုများက အောင်သပြေပန်းများနှင့် ဝမ်းသာအားရကြိုဆိုခဲ့ကြပြီး "ရွှေ" စက်သုံးဆီရောင်းဝယ်ရေးမှ အချိုရည်ဘူးများ၊ တပ်ရင်းမိသားစုများမှ ခေါက်ဆွဲကြော်ဘူးများ၊ မြို့သူမြို့သားများမှ မုန့်များကို လှူဒါန်းကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ၂၀၁၇ ခုနှစ် ဘက်စုံထူးချွန်လူငယ်များအား ကြိုဆိုဂုဏ်ပြု

**မန္တလေး ဧပြီ ၂၉**
ပုဂံနှင့် ငွေဆောင်စခန်းများသို့ လေ့လာရေးအပန်းဖြေခရီးထွက်ကြမည့် ဘက်စုံထူးချွန်လူငယ်များအား ဂုဏ်ပြုကြိုဆိုပွဲနှင့် လူရည်ချွန်ကြီးများနှင့်တွေ့ဆုံပွဲကို ဧပြီ ၂၇ ရက် ညနေ ၃ နာရီက ချမ်းအေးသာစံမြို့နယ် စုရပ်စခန်းအမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေက ဘက်စုံထူးချွန်လူငယ်များအား ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ မန္တလေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(ငြိမ်း) ဒေါက်တာမောင်မောင်လေးတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ဘက်စုံထူးချွန်လူငယ်များအား ၁၉၆၄-၁၉၈၈ ခုနှစ်အထိ မြန်မာပြည်လူရည်ချွန်ကြီးများက အမှတ်တရစာအုပ်များ၊ သုတရသစာအုပ်များ ပေးအပ်ကြသည်။ ထူးချွန်လူငယ်များသည် ဧပြီ ၂၈ ရက်တွင် ငွေဆောင်စခန်းနှင့် ပုဂံစခန်းများသို့ ဆက်လက်ထွက်ခွာရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။အဆိုပါခရီးစဉ်တွင် ကြီးကြပ်သူ ၁၂ ဦး၊ ဘက်စုံထူးချွန်လူငယ် ၁၈၀ ပါဝင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

**ရေစကြို ဧပြီ ၂၉**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့ အမှတ်(၁)ရပ်ကွက် ထင်းတန်းရပ်ကွက် ချင်းတွင်းမြစ်ကမ်းဘေးရှိ လူနေအိမ်များသည် နှစ်စဉ် ချင်းတွင်းမြစ်ရေတက်ချိန် ကမ်းပြိုမှုများကြုံတွေ့နေရသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မူလခွင့်ပြုရန်ပုံငွေ ၂၆၆ ဒသမ ၁၀ သန်းဖြင့် ရေစကြိုမြို့ အမှတ်(၁)ရပ်ကွက် ထင်းတန်းရပ် ချင်းတွင်းမြစ်ရေတိုက်စားမှု ကမ်းပြိုကာကွယ်ရေးလုပ်ငန်း Steel Basket အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ပေ ၆၃၀ တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

**မင်းထီး-AKZ**




တွင်းထွက်သယံဇာတမူဝါဒအခြေခံများ စာမျက်နှာ ၁၅ မှ

သို့သော် လုပ်ငန်းသစ်တည်ထောင်သူတိုင်း နိုင်ငံသားအကျိုးစီးပွားကို မထိခိုက်မနစ်နာစေသည့် တာဝန်ယူမှုရှိကြရပါလိမ့်မည်။ အလုပ်သမား၏ လုပ်ရည်ကိုင်ရည်တိုးတက်ရေးကိုပါ တာဝန်ယူကြရလိမ့်မည်။ အစိုးရကသူ၏ အကျိုးစီးပွားပိုင်ဆိုင်မှုကို အာမခံရပေလိမ့်မည်။ သို့မှသာတိုးချဲ့ရင်းနှီးမြှုပ်နှံကာ အလုပ်တွေ ဖော်ပေးလိမ့်မည်။

**ပေါ်လစီသစ်၊ ဥပဒေသစ်**

၂၀၁၅ ခုနှစ် မြန်မာ့သတ္တုတွင်းဥပဒေသည် ယနေ့ကြုံတွေ့နေရသော မြန်မာနိုင်ငံ၏ တွင်းထွက်လုပ်ငန်းဆိုင်ရာ ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်စွမ်း မရှိသည့်အတွက် အစိုးရအနေဖြင့် တွင်းထွက်လုပ်ငန်းဆိုင်ရာ အမှောက်မှောက်အမှားမှား ကိုယ်ကျိုး၊ အုပ်စုကျိုးရှာသည့် မူဟောင်း၊ ပုံစံဟောင်းများအပါအဝင် ပုံမမှန်သော လုပ်ထုံးလုပ်နည်းများမှ ဖယ်ခွာပြီး ပြည်သူ့အကျိုးဆောင်ရာ ပေါ်လစီမူဝါဒအသစ်များ ချမှတ်လျက် ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းသင့်သည်ဟု ယူဆသည်။

ထိုသို့လုပ်ဆောင်ရာတွင် ဗြိတိသျှကိုလိုနီခေတ်အပါအဝင် ရှေးရှေးကရှိခဲ့သော အသုံးပြုရန်လည်း သင့်တင့်လျောက်ပတ် ကောင်းမြတ်သော ဥပဒေအရပ်ရပ်ကို သုတေသနလုပ်၊ ပြန်လည်လေ့လာသုံးသပ်ပြီး လိုအပ်သလို မှီငြမ်းပြုကာ ခေတ်မီအောင် အသစ်တစ်ဖန် ပြည်လည်ရေးဆွဲသင့်သည်ဟု ယူဆသည်။ ထိုသို့ရေးဆွဲရာတွင် အထောက်အကူရလိုရငြား ဤဆောင်းပါးရှည်စာတမ်းကို ရေးသားပြုစုခြင်းဖြစ်ပါသည်။ ကျွန်တော်ရေးသမျှ လုံးဝဥဿုံ မှန်သည်၊ လုံလောက်ပြီဟု မခံယူပါ။ အခြားပညာရှင်များ ဖြည့်စွက်အကြံပြုကောင်းမှု ပြုနိုင်ကြပါလိမ့်မည်။

## လူမှုရေးအသင်းအဖွဲ့များမှ စွန့်ပစ်အမှိုက်များစုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လူး ဧပြီ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် ဧပြီ ၂၈ ရက် နံနက် ၇ နာရီက မော်လူးစီးမော်ချောင်း RC ကွန်ကရစ်တံတားဘေးဝဲယာနှင့် ချောင်းအတွင်းစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

မော်လူးအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဦးဆောင်သောကျေးရွာများမှ ရာအိမ်မှူးများ၊ စည်ပင်သာယာဝန်ထမ်းများ၊ ဒေသအရန်မီးသတ်တပ်ခွဲမှူး ဦးခင်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်ခေါင်းဆောင် ဦးဝင်းမောင်နှင့်အဖွဲ့ မေတ္တာအားမာန်လူမှုကူညီရေးအဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ စုစုပေါင်းအင်အား ၁၀၀ ခန့်တို့က အဆိုပါစီးမော်ချောင်း RC ကွန်ကရစ်တံတားအောက်လမ်းဘေးဝဲယာတို့မှ စွန့်ပစ်အမှိုက်များနှင့် ချောင်းအတွင်း အမှိုက်သရိုက်များကို ကောက်ယူကာ ချောင်းသန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ကြသည်။

ယင်းနောက် အဆိုပါစုပေါင်းသန့်ရှင်းရေးအဖွဲ့တို့သည် မော်လူးမြို့ပေါ်ရှိ ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးဘေးဝဲယာတွင် ဟဲနုချောင်း RC ကွန်ကရစ်တံတားနှင့် ၎င်းချောင်းအတွင်းရှိ အမှိုက်များကိုလည်း စုပေါင်းကောက်ယူ၍ ဟဲနုချောင်းရေစီးရေလာကောင်းမွန်ရန်အတွက် လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**



## ဘက်စုံပညာထူးချွန် (ဒသမတန်း) ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၉**
ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေသို့ လေ့လာရေးခရီးသွားရောက်ကြမည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဘက်စုံပညာထူးချွန် ဒသမတန်းကျောင်းသား၊ ကျောင်းသူများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးဌာနမှ တာဝန်ရှိသူတို့နှင့်တွေ့ဆုံပွဲကို အ. ထ. က (၁) လမ်းမတော် စွမ်းအားခန်းမ၌ ဧပြီ ၂၈ ရက် ညနေ ၅နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပညာရေးမှူး ဆရာကြီးဦးဆန်းမြင့်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်တို့က ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများ၏လေ့လာရေးခရီးစဉ်အတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးထားသည့် အစီအစဉ်များ၊ လေ့လာရေးပို့ဆောင်ပေးမည့်နေရာများအား ပြောကြားပြီး စည်းကမ်းစနစ်တကျရှိရေး၊ ပျော်ရွှင်စွာနေထိုင်ရေး၊ ဗဟုသုတများမှတ်သားရေး၊ အစားအသောက်နှင့် ကျန်းမာရေးဂရုပြုရမည့်ကိစ္စများအား ရှင်းလင်းပြောကြားပြီး ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများသည် ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ငွေဆောင်ကမ်းခြေအနီးတစ်ဝိုက်တို့တွင် ဟိုတယ်လုပ်ငန်း၊ ပုသိမ်ထီးလုပ်ငန်း၊ ဟာလဝါလုပ်ငန်း၊ ငါးလုပ်ငန်းနှင့် အခြားစိတ်ဝင်စားဖွယ်ကဏ္ဍများအား လေ့လာသွားကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒသမတန်းဘက်စုံထူးချွန် ကျောင်းသား၊ ကျောင်းသူများသည် ကြီးကြပ်ဆရာ၊ ဆရာမများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရွှေတိဂုံဘုရားအား သွားရောက်ဖူးမြော်ပြီး အလှူငွေကျပ် ၁၃၀၈၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအဖွဲ့တွင် ကြီးကြပ်ဆရာ၊ ဆရာမ ၁၈ ဦး၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ဒသမတန်းဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူ ၁၇၈ ဦးပါဝင်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ကောလာဟလများကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

***ယခုသီတင်းပတ်အတွင်း ပေါ်ထွက်လာခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလ သတင်းတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ကြေးမုံပရိသတ်အတွက် ရွေးချယ်ဖော်ပြလိုက်ရပါတယ်။***

## တစ်ကိုယ်တည်းသမားဘဝမှာသာ ကျေနပ်ပျော်ရွှင်နေတာပါ



မကြာသေးမီက ဇနီးဖြစ်သူ ဂျနီဖာဂါနာနဲ့ တရားဝင်ကွာရှင်းခဲ့ပြီဖြစ်တဲ့ မင်းသားဘန်အက်ဖ်လက်ခ်ဟာ လတ်တလောမှာလက်တွဲနေတဲ့ ချစ်သူသစ်မရှိသေးပေမယ့် တစ်ကိုယ်တည်းသမားဘဝနဲ့ ရပ်တည်နေရတာကိုသာ ကြိုက်နှစ်သက်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၄၄) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘန်အက်ဖ်လက်ခ်က သူ့အနေနဲ့ ချစ်သူသစ်ကို လတ်တလောမှာ ရှာဖွေလိုစိတ်မရှိသေးကြောင်းနဲ့ လေးနက်တဲ့ သမီးရည်းစား ဆက်ဆံရေးမျိုးကိုလည်း ရှောင်ရှားလိုကြောင်း ဖွင့်ဟခဲ့ပါတယ်။ ဒ့ါအပြင် မင်းသားကြီးက သူ့ကိုယ်တိုင်အတွက်ပဲ သူ့ရဲ့အချိန်တွေကိုပေးကာ ကြီးကျယ်တဲ့ ရုပ်ရှင်တွေကို ဒါရိုက်တာအဖြစ်၊ သရုပ်ဆောင်တစ်ဦးအဖြစ် ဖန်တီးနိုင်ဖို့အတွက်သာ အာရုံစိုက်သွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့ဟာ ချစ်သူတွေအဖြစ်မှ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ နှစ်နှစ်ခန့်က ထုတ်ဖော်ပြောကြားလာခဲ့ခြင်းဖြစ်ကာ ဆယ်နှစ်ကျော်ကြာခဲ့တဲ့ အိမ်ထောင်ရေးကိုလည်း အဆုံးသတ်လိုက်ပြီဖြစ်ပြီး တရားဝင်ကွာရှင်းမှုတွေကို လုပ်ဆောင်နေပြီဖြစ်ကြောင်း ယခုလအစပိုင်းက တရားဝင်ပြောကြားခဲ့တာ ဖြစ်ပါတယ်။သူတို့နှစ်ဦးဟာ အတူလက်တွဲခဲ့စဉ်ကာလအတွင်း ရင်သွေးလေးသုံးဦးထွန်းကားခဲ့ကာ ဗိုင်အိုလက်အက်ဖ်လက်ခ် (၁၁နှစ်)၊ ဆယ်ရက်ဖီနာအက်ဖ်လက်ခ် (၈နှစ်)နဲ့ ဆမ်မြူရယ်အက်ဖ်လက်ခ်(၅ နှစ်)တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

အချစ်တွေကုန်လို့လမ်းခွဲခဲ့ကြတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတွေရဲ့ ဇာတ်လမ်းတွေထဲမှာတော့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့ရဲ့ ဇာတ်လမ်းဟာ အနည်းငယ်ထူးခြားနေပါတယ်။ လမ်းခွဲလိုက်တဲ့ စုံတွဲတွေဟာ နောက်ပိုင်းမှာ တစ်အိမ်တည်းအတူနေကြဖို့ရာဝေးလို့ အခေါ်အပြောမပျက်နေနိုင်သူတွေတောင် ရှားပါတယ်။ကွာရှင်းကြပြီးနောက် တစ်ဦးနဲ့တစ်ဦး ဒေါသတွေနဲ့ တရားစွဲဆိုမှုတွေပြုလုပ်ကြတာမျိုးကိုတောင် အချို့သောစုံတွဲတွေမှာ တွေ့မြင်ခဲ့ရပါတယ်။ ဒီလို လမ်းခွဲပြီးနောက်မှာ ကလေးတွေကို စောင့်ရှောက်ဖို့အတွက် တစ်အိမ်တည်းမှာအတူတူမိသားစုနဲ့ အတူ နေထိုင်ကာ နှစ်ဦးအကြားမှာလည်း သူငယ်ချင်းလို ဆက်ဆံရေးမျိုး ဆက်လက်တည်ရှိနေတဲ့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့ဟာ တကယ့်ကို ထူးခြားနေတာဖြစ်ပါတယ်။

## လွမ်းနေရတော့မှာလားဂျွန်နီဒပ်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားကြီးတစ်ဦးဖြစ်တဲ့ ဂျွန်နီဒပ်ဟာ ဒစ်စနေရုပ်ရှင်တွေမှာ နောက်ထပ်ပါဝင်နိုင်ခြင်းရှိ၊မရှိဟာ မသေချာတော့ကြောင်းနဲ့ "Pirates of the Caribbean"ရုပ်ရှင်သစ် Dead Man Tell No Tales"ဟာလည်း ဂျွန်နီဒပ်အတွက် နောက်ဆုံးသော ဒစ်စနေရုပ်ရှင်ဖြစ်လာနိုင်ကြောင်း ကောလာဟလတွေပေါ်ထွက်နေတာကြောင့် မင်းသားကြီး ဂျွန်နီဒပ်ရဲ့ ပရိသတ်တွေအတွက်တော့ သူ့ကိုလွမ်းနေရတော့မယ့် အခြေအနေမျိုးရောက်လာနိုင်ဖွယ်ရှိနေတာဖြစ်ပါတယ်။

အသက် (၅၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသား ဂျွန်နီဒပ်ဟာ ပြီးခဲ့တဲ့ ၂၀၁၆ခုနှစ် နှစ်လယ်ပိုင်းက ရှစ်လခန့်လက်တွဲလာခဲ့တဲ့ ဇနီးသည် အမ်ဘာဟာ့ဒ်နဲ့ ကွာရှင်းခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ ဂျွန်နီဒပ်ဟာ ဒစ်စနေနဲ့ နောက်ထပ်ရုပ်ရှင်တွေရိုက်ကူးဖို့အတွက် ဆွေးနွေးမှုတွေကို တစ်လကြာပြုလုပ်သွားမှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးက "ဒစ်စနေရုပ်ရှင် စတူဒီယိုက တာဝန်ရှိသူတွေဟာ ငါးကားမြောက် Pirates of the Caribbean: Dead Man Tell No Tales ရုပ်ရှင်ရိုက်ကူးစဉ်က ဂျွန်နီဒပ်ရဲ့ အနိုင်ကျင့်မှုတွေကို မပျော်ရွှင်နိုင်ဖြစ်နေကြပါတယ်။ သူနဲ့အလုပ်ဆက်လုပ်ပါက အကျိုးအမြတ်ရဦးမှာလားဆိုတာကိုလည်း သေချာအောင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

နောက်ဆုံးသာရုပ်ရှင် " Pirates of the Caribbean: Dead Man Tell No Tales "ကို ရိုက်ကူးစဉ်က ဂျွန်နီဒပ်ဟာ သူ့ရဲ့လက်ချောင်းထိခိုက်ခဲ့တဲ့အတွက် ခွဲစိတ်ကုသမှုခံယူဖို့ ရိုက်ကွင်းမှ အမေရိကန်နိုင်ငံသို့ ပြန်သွားကာ ယင်းကုသမှုကြောင့် အမေရိကန်ဒေါ်လာ သန်းပေါင်းဆယ်နဲ့ချီကာ ကုန်ကျခဲ့ကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် ဂျွန်နီဒပ်နဲ့ပတ်သက်တဲ့အခြားသော ကုန်ကျစရိတ်များစွာလည်း ရှိနေခဲ့တာဖြစ်ပါတယ်။

ဒ့ါကြောင့် ဂျွန်နီဒပ်ဟာ သူ့ရဲ့ရုပ်ရှင်သစ် " Pirates of the Caribbean: Dead Man Tell No Tales " အတွက် ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၈၀၀ခန့် ယူဆောင်လာပေးနိုင်ရမှာဖြစ်ပြီး မျှော်မှန်းဝင်ငွေမရခဲ့ပါက ဂျွန်နီဒပ်လည်း ဒစ်စနေရုပ်ရှင်လောကကနေ နှုတ်ဆက်သွားရတော့မှာဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ဝေဖန်ရေးသားဖော်ပြခဲ့ပါတယ်။ **အေးပြည့်-ရေးသားသည်**



# Mobile Payment လုပ်ငန်းဆောင်ရွက်ပေး

**နေပြည်တော် မေ ၂၉**

မြန်မာ့စီးပွားရေးဘဏ်သည် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၊ အင်းဝဘဏ်လီမိတက်၊ Myanmar Mobile Money(MMM) နှင့် အကျိုးတူပူးပေါင်းကာ ချင်းပြည်နယ်မှအပ နေပြည်တော်နှင့် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ် ခရိုင်၊ မြို့နယ် ဘဏ်ခွဲပေါင်း ၂၆၂ ခုတွင် Mobile Payment ဝန်ဆောင်မှုလုပ်ငန်းကို အောဂျင့်အဖြစ် (က) Cash in ငွေသား လက်ခံပေးခြင်း၊ (ခ) Cash out ငွေသား ထုတ်ပေးခြင်း၊ (ဂ) Top-up တယ်လီဖုန်း ပြောဆိုခ ဖြည့်တင်းပေးခြင်း Pension Payment အငြိမ်းစားလစာထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

MPT, MECTel Sim Card အသုံးပြုသူ ပြည်သူများနှင့် အငြိမ်းစားများသည် မိုဘိုင်းဝန်ဆောင်မှု စနစ် ချိတ်ဆက်ထားခြင်းဖြင့် မိမိတို့၏ မိုဘိုင်းဖုန်း အသုံးပြုကာ လွယ်ကူအဆင်ပြေစွာ ဝန်ဆောင်မှုများ ရယူနိုင်မည်ဖြစ်သည်။

ထို့ပြင် အငြိမ်းစားများသည် ဘဏ်သို့ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် Standing Instruction ပေးထားခြင်းဖြင့် ဘဏ်သို့ အကြိမ်ကြိမ်လာရောက်ရန် မလိုဘဲ ကိုယ်တိုင် အငြိမ်းစားလစာဖြစ်ပါက ခြောက်လတစ်ကြိမ်၊ မိသားစုအငြိမ်းစားလစာဖြစ်ပါက သုံးလတစ်ကြိမ် လူတွေ့စစ်ဆေးခံရန်လိုအပ်ပြီး နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) MMM က ခန့်အပ်ထားသော ပြင်ပအေးဂျင့်များတွင် ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်

**ဗဟန်း မေ ၂၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ခရိုင်အလိုက်ရေစီးရေလာလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက် နံနက်က ဗဟန်းမြို့နယ်ကြားတောရလမ်း၌ အနောက်ပိုင်းခရိုင်အတွင်းရှိမြို့နယ်များမှ သန့်ရှင်းရေးဌာန၊ လမ်းတံတားဌာနနှင့် စီမံရေးရာဌာနဝန်ထမ်းများ စုစုပေါင်းအင်အား ၁၂၅ ဦးနှင့် စက်ယန္တရားအကူအညီဖြင့် ဆယ်ယူရှင်းလင်းပေးခဲ့ကြသည်။

"ဌာနဆိုင်ရာတာဝန်ရှိသူတွေ ကြီးကြပ်ပြီး အခုလို အင်အားအပြည့်နဲ့ရေစီးရေလာဆောင်ရွက်ပေးတာ ပြည်သူတွေရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။ ဒီက တစ်ဆင့်မကျီးတန်းမြောင်းထဲကို စီးဝင်သွားတာပါ။ မြောင်းကတော့ကျယ်ပါတယ်။ ဒါပေမယ့် စည်းကမ်းမဲ့ ပြည်သူတချို့ကစွန့်ပစ်လိုက်တဲ့ ရေသန့်ဘူးခွံ၊ ဖော့ဘူးခွံ၊ အချိုရည်ဘူးခွံတွေက မြောင်းထဲမှာအပြည့်ဖြစ်နေတဲ့အတွက် ရေစီးရေလာကို အဟန့်အတားဖြစ်စေပြီး ရေလျှံတာတွေဖြစ်စေတာပါ။ မြောင်းထဲကိုအမှိုက်မချဖို့ မိဘပြည်သူတွေက အကူအညီပေးကြပါ" ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်နှင့် ဦးသောင်းထွန်းတို့က အကြံပြုပြောကြားသည်။

ယင်းလုပ်ငန်းဆောင်ရွက်ရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူးဦးချိုထွန်းအောင်၊ အနောက်ပိုင်းခရိုင်သန့်ရှင်းရေးဌာန ခရိုင်မှူး ဦးအောင်ထိုက်၊ စီမံရေးရာဌာနတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့်တာဝန်ရှိသူများကကြည့်ရှုအားပေးပြီး လိုအပ်ချက်များဖြည့်ဆည်းပေးခဲ့ကြသည်။ **မောင်မောင်**





# တပ်ကုန်းမြို့နယ်တွင် ရွှေ့တန်းပြန် တပ်မတော်သားများအား ဒေသခံပြည်သူများကြိုဆို

**တပ်ကုန်း မေ ၂၉**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် နယ်မြေခံတပ်ရင်းမှ ရှေ့တန်းထွက် အရာရှိ အရာခံနှင့်စစ်သည်တော်များသည် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက တပ်ရင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဒေသခံပြည်သူများ ကြိုဆိုကြသည်။

ရှေ့တန်းပြန်တပ်မတော်သားများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၃၀၀ ခန့် လာရောက်ကြိုဆိုကြပြီး 'ရွှေအမွှာ' (အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်)နှင့် စေတနာရှင်ပြည်သူတို့က အချိုရည် (SHARK) ဘူး၊ ရေသန့်ဘူးများပေးအပ်ကာ စံပယ်ပန်းကုံးနှင့်သပြေပန်းတို့ဖြင့် ကြိုဆိုကြကြောင်း သိရသည်။ **တင်စိုးလွင်**

# သက်ငယ်မုဒိမ်းမှု လျှော့နည်းကျဆင်းရေး အသိပညာပေး

**ပုဇွန်တောင် မေ ၂၉**

သက်ငယ်မုဒိမ်းမှု လျှော့နည်းကျဆင်းရေး အသိပညာပေးပွဲကို မေ ၂၈ ရက် ညနေ ၄ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အမှတ် ၅ ရပ်ကွက် အဏ္ဏဝါငါးလုပ်ငန်းဝင်းအတွင်း (ညောင်တန်း) ၌ ကျင်းပရာ ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လတ်က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **၁၁၈**

# ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာစီမံကိန်း

Yadanar Hninsi
Residence

ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ အိမ်ခန်းများစတင်ရောင်းချခဲ့သော (၄)လတာ ကာလအတွင်း အိမ်ခန်းပေါင်း(၄၄၀)ခန်း အား ရောင်းချခဲ့ပြီးဖြစ်ပါ၍ တခဲနက်ဝယ်ယူအားပေးခဲ့ကြသော ဝယ်ယူသူများအား လှိုက်လှိုက်လှဲလှဲကျေးဇူးဥပကာရတင်ရှိပါကြောင်း နှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်း ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာမိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနှစ်သစ်ကူးကာလ အထူးဈေးရောင်းပွဲအနေဖြင့် ပဲခူးမြစ်မြင်ကွင်း - River View ရတနာနှင်းဆီတိုက်အမှတ်(6A - 6B)ကို အရောင်းစတင်ဖွင့်လှစ်ပြီဖြစ်ကြောင်း ခင်မင်လေးစားစွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

## Diploma in Logistics and Supply Management

ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးနှင့်ကုန်ပစ္စည်းသိုလှောင်မှုစီမံခန့်ခွဲရေး လုပ်ငန်းနယ်ပယ်များတွင် ကျွမ်းကျင်စွာစီမံခန့်ခွဲနိုင်ရန်ရည်ရွယ်ဖွင့်လှစ်သောသင်တန်းဖြစ်ပါသည်။ ဤဒီပလိုမာဘွဲ့မှာ Singapore Institute of Purchasing and Materials Management (SIPMM) မှပေးအပ်မည်ဖြစ်ပြီး World Certification Institute (WCI) မှအသိအမှတ်ပြု၍ Logistics & Supply Management လုပ်ငန်းနယ်ပယ်တွင် နိုင်ငံတကာအသိအမှတ်ပြုပရော်ဖက်ရှင်နယ်တစ်ဦးအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

## Investment & Financial Qualifications

- FUNDAMENTALS OF FINANCIAL SERVICES
- INTRODUCTION TO SECURITIES & INVESTMENT

ဘဏ္ဍာရေးပိုင်းဆိုင်ရာလုပ်ငန်းများ၊ အာမခံနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများတွင်လုပ်ကိုင်နေသူများသာမက လုပ်ကိုင်ရန်စိတ်ဝင်စားသူများတက်ရောက်သင့်သောသင်တန်းဖြစ်သည်။

Diploma in Investment Operation
↑
Advanced Certificate in Global Securities Operations
↑
Managing Operational Risk in Financial Institutions
↑
Investment Operation Certificate
↑
Introduction to Securities and Investment
↑
Fundamentals of Financial Services

**Enroll now for May Intake!**
**Contact Us: 09-250793994, 09-421040741**

Shenton Institute of Applied Finance

လူ့ဘဝဆိုတာတိုတောင်းပါတယ်။ ရှင်သန်ရပ်တည်နေရက်တိုင်းမှာ တစ်ထောင့်တစ်နေရာမှ တတ်စွမ်းသလောက်ပြည့်စွက်ရန်ရည်ရွယ်၍ ....
စာသင်ကောင်း၍ စေတနာပါသော ဆရာ၊ ဆရာမများ၏ စုစည်းမှုဖြင့်
ဒေါက်တာဟိန်းထွဋ်တည်ထောင်သော
၁ဝလမ်းဝိုင်း
၅လပိုင်းတန်းခွဲသစ်
ကျောင်းအပ်လက်ခံပြီ
ကျောင်းခန်းမလိပ်စာ
အမှတ်(၁၂၆/၁၂၈)၊ ဒုတိယထပ် (ဓါတ်လှေခါးတွင် နံပါတ်-၂ကိုနှိပ်ပါ)
၁ဝလမ်း၊ (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၅၇ ၇၇၉ ၀၆၇ ၊ ၀၉-၇၆၇ ၃၇၄ ၇၀၉
၉ တန်း၊ ၁၀ တန်း (အယောက် ၂၀ သီးသန့်) (၁၀ ယောက် သီးသန့်) အထူးစာသင်ဝိုင်းများ

### အမြန်ရောင်းမည်

4F,5 လွှာ၊ တိုက်ခန်းကျယ်၊ သုခမိန်လမ်း၊ စမ်းချောင်း၊ L ခန်း အဆင့်မြင့်ပြင်ဆင်ပြီး။
သိန်း-၈၀၀
ပိုင်ရှင်
ဖုန်း-၀၉-၉၆၇၉၇၈၁၇၇

Yaung Chi Thit Lin Moving Service Co.,Ltd
YCT ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

### တိုက်ခန်းရောင်းရန်ရှိသည်။

| 12 ½' x 50' (ပထပ်) ထောင့်ခန်း၊ လှိုင်မြို့နယ်။ | ပြင်ဆင်ပြီး ညှိနှိုင်း အရစ်ကျ |
| --- | --- |

Ph : 09-77 25 20 772

MAGA Manufacturing Co.,Ltd
မာဃ ကုန်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်



စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်။
Ph: 09 450649641, 73494451, 5018522.

### ရောင်းမည်

၁။ ရန်ကုန်/မန္တလေးလမ်းဟောင်း မိုင်တိုင် ၂၆၂၊ ဇေယျာသီရိမြို့နယ်၊ နန်းသြကျေးရွာအုပ်စု မြေ(၁၂. ၆၉)ဧကခန့်၊ ခွင့်ပြုဆီဆိုင်လုပ်ငန်းအတွက် မြေ ၁ဧကအပါအဝင် (ညှိနှိုင်း)
၂။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း(၁၂၀)၊ အကျယ်အဝန်း ပေ(၃၀×၄၀)ရှိ မြေကွက် (ဂရန်အမည်ပေါက်) (ညှိနှိုင်း)
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၈၇၆၆၆၆၇၈၊**
**၀၉-၅၁၈၀၇၁၃၊ ၀၉-၃၁၃၁၄၃၃၆**

### တိုက်ခန်းသစ်ရောင်းရန်

၁။ သာကေတ၊ ကြယ်ငါးပွင့် သဘော်ဆိပ်ချွေ၊ အောင်သုခလမ်းမ၊ (18'x54') မြေညီ၊ ပထမထပ်၊ ပဥ္စမထပ်။
၂။ တောင်ဥက္ကလာပ၊ ရတနာလမ်းထိပ်၊ ဒေဝအာလမ်းမ၊ (15'x54') ဒုတိယထပ်။
Ph:09-252226848,09-790888090,09-250415559

### မြေရောင်းရန်ရှိသည်

ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး ရန်ကုန်အထွက် ၁၆မိုင် ၇ဖာလုံ၊ လ/န(၃၉)ပါပြီး အရှုပ်အရှင်းကင်း မြေ(၃)ဧက ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၅၀၉၁၅၇၀၊ ၀၉-၄၂၁၁၁၃၂၀၇

### ခြံရောင်းမည်

(၄၀'×၈၀')ပေ (ဘိုဘွား) ပြည်လမ်းအနီး ၊ ရှမ်းစု မင်္ဂလာဒုံ။ (၃၆၀ သိန်း)
ဖုန်း-၀၉ ၄၅၀၀၉၃၁၇၆
၀၉ ၄၅၀၀၀၇၃၇၅





Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.

Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991

Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05

Made In JAPAN | 3 YEARS MAZDA WARRANTY

---




edexcel | CAMBRIDGE

Institute of International Professionalism (IIP) မှ

ဘာသာစုံတစ်နေရာတည်းမှာအတွေ့အကြုံရှိ ဝါရင့်ဆရာ၊ဆရာမများနှင့် သင်ကြားနိုင်မည့်.....

**IGCSE SPECIAL CLASS**

1. ACCOUNTING
2. BUSINESS STUDIES
3. BIOLOGY
4. CHEMISTRY
5. ECONOMICS
6. ENGLISH
7. PHYSICS
8. MATHEMATICS
9. ADDITIONAL MATHEMATICS

2017 MAY တန်းခွဲသစ် ဖွင့်မည်။

အမှတ်-(၇/က)၊သိရိမင်္ဂလာလမ်း၊လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

09 450 4070 41
09 450 4070 42

2018 MAY-OCTOBER IGCSE EXAM

---

"ဝန်ထမ်းအလိုရှိသည်"

ကလေးထိန်း မ(၁)ဦး နေ့(၈)ည

လစာ-၁၃၀၀၀၀/-(နေ-စားငြိမ်း)

Ph: 09 791717552
09 974396398

---

**YAG ပန်းချီသင်တန်း**

အမှတ်-၂၇၃၊ ၅လွှာ၊ ဗညားဒလလမ်း၊ တာမွေ။

Ph-09 5065833, 0996 5065833

---

**NAY LIN AUNG**

FINANCE & ACCOUNTANCY ACADEMY

Enroll Now!

**ACCA (UK)**
**LCCI (UK)**

တာမွေကျောင်းခွဲ

For December 2017 Eaxm

အမှတ်(၃၆၁) ၂၈၊ ၂၁၊ ၅ ဒီ၊ ပထမထပ်၊ ပုလဲသီရိဆောက်လုပ်ရေးတိုက်၊ ဗညား ဒလလမ်း။ ကျောက်မြောင်းဈေးမှတ်တိုင် အနီး။ တာမွေမြို့နယ်။ ၀၁-၅၅၆၄၂၅၊ ၀၉-၃၀၁၆၇၂၇၂၊ ၀၉-၉၇၁၄၉၀၃၀၃

လှည်းတန်းကျောင်း-၀၁-၅၀၄၇၇၃၇၊ ၀၁-၅၁၂၉၀၀၊ ၀၉-၄၅၀၀၂၆၄၆၊ ၀၉-၇၈၂၅၁၅၃၀၆၊ ၀၉-၇၈၂၅၁၅၃၀၇

---

Columbus သင်တန်းကျောင်း (CVEC)

# Introductory course to Inbound Tour operations in Myanmar

**Tour Company** များတွင်ဝန်ထမ်းလိုအပ်ချက်အလွန် မြင့်မားနေတယ်ဆိုတာကိုသင်သိပြီးပြီလား?

ယနေ့နိုင်ငံတကာတွင်ခရီးသွားလုပ်ငန်းသည်ငွေကြေးလည်ပတ်မှု အများဆုံးနှင့်အလုပ်အကိုင်အခွင့်အလမ်းအများဆုံးဖန်တီးပေးနိုင်သောလုပ်ငန်းဖြစ်သည်။၎င်းလုပ်ငန်းကြီးထဲတွင်တထောင့်တနေရာမှပါဝင်ခြင်းအားဖြင့်သင်၏နောင်ရေးစိတ်အေးရမည်။

**Tour Company** များတွင် ဝင်ရောက်လုပ်ကိုင်လိုသူ လူသစ်များအတွက် မရှိမဖြစ် လိုအပ်သော **Basic knowledge of Tourism Industry** များကိုသင်ကြားမည့်အပြင်မြန်မာနိုင်ငံ၏ **Tour destination** များ၊ **attraction** များ၊**Facility** များအကြောင်းနှင့် **operation**အတွက်လိုအပ်သော**Basic knowledge** များကို အတွေ့အကြုံရှိပြီးလက်တွေ့လုပ်ကိုင်နေသော ဆရာများက သင်ကြားပေးမည်ဖြစ်သည်။၎င်းအပြင်လုပ်ငန်းခွင်လေ့လာခွင့်များအဖြစ်

- **Hotel Inspection**

***ဘယ်သူတွေတက်သင့်သလဲ***

- **Tour Company** တည်ထောင်လိုသူများ
- **Tour Company** တွင်အလုပ်ဝင်လိုသူများ
- **Tour Guide** လုပ်လိုသူများ
- **Hotel** တွင်အလုပ်ဝင်လိုသူများ
- နိုင်ငံခြား **Company** ကြီးများ၊**NGO** များ၏ -**Travel Section** များတွင်ဝင်လုပ်လိုသူများ
- လေကြောင်းလိုင်းတွင်ဝင်လုပ်လိုသူများ

သင်တန်းဖွင့်မည့်နေ့ - ၁၃ . ၅ . ၂၀၁၇

သင်တန်းအချိန် - စနေ(၁:၀၀ မှ ၅:၀၀) ၊ တနင်္ဂနွေ(၈:၀၀ မှ ၁၂:၀၀)

သင်တန်းကာလ - ၆ ပတ်

**01-2315868,09250293831**

Facebook – cvecgroup@gmail.com No(65) ဝါးတန်းလမ်း၊ လမ်းမတော်၊ရန်ကုန်။

---

၁၉၃၃ ခုနှစ် တည်ထောင်သည်။

ရွှေပန်းတောင် အမှတ်တံဆိပ်




တိုင်းရင်းဆေးဝါးမှတ်ပုံတင် အမှတ် TMR-007525(0614)

**အကြောပြေ မျက်စိကြည်ဆေး**

မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖျားကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

စိန်ပလောင် လက်ဖက်စိမ့်ထုတ်လုပ်ရေး
SPL
SEIN PALAUNG

နိုင်ငံကျော်
စိန်ပလောင် လက်ဖက်ရွက်နှုပ်၊ ပဲနှပ်ပြန်ကြော်(ရောင်းဝယ်ရေး)မှ ပထမဦးဆုံး ထူးခြားဆန်းသစ်သော
**"လက်ဖက်စိမ့်မွကြော်" ထုတ်လုပ်ရောင်းချနေပါပြီ**

ထူးခြားသောအရသာ
"လက်ဖက်စိမ့်မွကြော်" ပါးစပ်ထဲမှာ စိမ့်မွပြီး လျှာပေါ်တွင် ပျော်သွားပါသဖြင့် အလွန်ကြိုက်နှစ်သက်စရာကောင်းသော မြန်မာအစားအစာ တစ်ခုဖြစ်ပါသည်။ မိတ်ဆွေနဲ့ ဆွေမျိုးများကို နိုင်ငံကျော်စိန်ပလောင်မှ ထူးခြားသော လက်ဖက်စိမ့်မွကြော်ကို လက်ဆောင်ပေးခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ပါပြီ။

ဆိုင်-၁၊ ဆိုင်-၂ ➤ ၁၀×၃၁ လမ်းကြား၊ ၇၈ လမ်း၊ ဘူတာကြီး။ ဖုန်း-၀၉-၉၁၀၂၆၆၆၇၊ ၀၉-၄၃၁၁၇၉၂၉
ဆိုင်-၃၊ ➤ ၃၄လမ်း၊ ၇၇လမ်းထောင့်၊ ရတနာပုံဈေး၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၁၅၀၉၃၁
အမှတ် 22B၊ ဒေါ်ဘွင့်လမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၃၁၃၆
ရှမ်းရိုးမကွင်းဈေး၊ ဗိုလ်ချုပ်လမ်း၊ အောင်ချမ်းသာတိုက်တန်း၊ ဆန်ဆိုင်းခရပ်ကွက်၊ တာချီလိတ်မြို့။ ဖုန်း-၀၉-၄၅၈၂၆၄၂၂၀

"ထိုးထက်သာစေသည့် ပညာရေးအတွက် ထူးချွန်ထက်မြက်သူများ စုံစည်းရာ"
**မြို့မဂုဏ်**
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက-၁၃/၂၂/၂၃၆
☆အရည်အချင်းစစ်မှန်သည့် ပညာတတ်တစ်ယောက်ဖြစ်ရန် "မြို့မဂုဏ်" ကျောင်းတော်ဆီသို့ အရောက်လှမ်းခဲ့ပါ.....
☆သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ.....



အမှတ်(၂၉)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
PH: 09-781900186, 09-781900187



**ကျွမ်းကျင်စာရင်းကိုင်သင်တန်း** အမှတ်စဉ်(၁၁)
အခြေခံ ဘောက်ချာတွဲခြင်း၊ စစ်ခြင်းမှ Financial Report ထုတ်နိုင်သည်အထိ Computerized Accounting System ဖြင့် လက်တွေ့လုပ်ငန်းခွင်အတိုင်းစာရင်းရေးဆွဲလေ့ကျင့်ခြင်း
တက်ရောက်နိုင်သူများ
- B.Com, B.Act, B.A(Eco) ,B.B.M, LCCI Level(II, III), D.A, CPA, CAT, ACCA တက်ရောက်ပြီးသူများ၊ တက်ရောက်ဆဲ စာရင်းအခြေခံ ရှိသူများ
- လုပ်ငန်းခွင်တွင် စာရင်းကိုင် အလုပ်ဖြင့် အသက်မွေးသူများ
- Final Account Full Set စနစ်တကျရေးဆွဲတတ်လိုသူများ

(SEC - 1) 14 May 9:00AM SUNDAY ONLY 4:00PM | (SEC - 2) 17 May 6:00PM WED, THU, FRI 8:00PM
သင်တန်းပြီးဆုံးပါက အလုပ်သင် အဖြစ် လုပ်ကိုင်နိုင်သည့် အခွင့်အရေး ရရှိနိုင်ပါသည်။ 80,000 MMK
Institute of International Professionalism
အမှတ်(၇/က)၊ သီရိမင်္ဂလာလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ 09 45040 7041~42

CROWN EDUCATION
Award Winning Company
**"Business Innovation or Power of Brand"**
ခေါင်းစဉ်ဖြင့် Kaplan Higher Education Academy ၏ တာဝန်ရှိသူမှဆွေးနွေးပေးမည်။

**YANGON**
Date : 7 May 2017
Time : 2:00 pm - 4:00 pm
Venue : CROWN Edu: Center

**MANDALAY**
Date : 6 May 2017
Time : 10:00 am - 12:00 noon
Venue : HOTEL MANDALAY (Sabai Phyu Room)

- Murdoch University (Australia), Royal Holloway University of London (UK) တို့ရဲ့ Single / Double Major ရွေးချယ်သင်ယူနိုင်ခွင့်၊ အကျိုးကျေးဇူးများနှင့် ကွဲပြားခြားနားချက်များ
- American College Program (Global Assessment Certificate) ပြီးဆုံးထားသူများနှင့် HND, ABE ပြီးဆုံးထားသူများအတွက် အချိန်တိုအတွင်း တိုက်ရိုက်တက်ရောက်ရယူနိုင်သည့် ဘွဲ့ဒီဂရီများ
- အောင်မြင်တဲ့ လုပ်ငန်းရှင်တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် မရှိမဖြစ် လိုအပ်တဲ့ စီမံခန့်ခွဲမှုပညာရပ်များ
- International Business, Business Management သင်ယူခြင်းနှင့် အနာဂတ် အလုပ်အကိုင်အလားအလာများအကြောင်းကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။



KAPLAN HIGHER EDUCATION ACADEMY
Register Now : 01 527 838 - 09 450 200 030 - 09 450 200 040

**သီဟာလင်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



ကြိုတင်အပ်နှံပေးပါနော်
အမေ တစ်ယောက်၏ စေတနာမေတ္တာနှင့်မခြား သင်ကြား / လေ့ကျင့်စီမံအုပ်ချုပ်သော
Mother's House Education Centre
**အမေ့အိမ်**
**ကိုယ်ပိုင်အထက်တန်းကျောင်း နှင့်**
**အဆင့်မြင့်ဘော်ဒါ**



(၁-၅-၁၇) တက္ကသိုလ်ဝင်တန်းဘော်ဒါအထူးတန်းခွဲ ဖွင့်ပြီ။
(၅-၅-၁၇) နွေရာသီ ပုံမှန်တန်းခွဲ အားလုံးဖွင့်မည်။
အမှတ် (၆၂၇/၆၂၉)၊ ကံကော်ရိပ်သာလမ်း၊ ၁၆/၄ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09-514 6359, 09-731 22 777, 01-571547, 09-49314099

## ပြည်စိုးအောင်
**Exclusive Bridal Creations**

မေလ(၄)ရက်နေ့တွင် စတင်ဖွင့်လှစ်မည့်သင်တန်းများ

- Basic Course 2 months
- Advanced Level 3 months

ပြင်သစ်နိုင်ငံ Paris American Academy - Art and Fashion Design School တွင် သွားရောက် ပညာသင်ယူလိုပါက ဆက်သွယ်ချိတ်ဆက်ကျောင်းအပ်ပေးပါသည်။

အမှတ်(၂၅၇)၊ ၃၅လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**Ph :01-251166, 01-383789**



တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

## ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းသင်္ဂဟတိုက်)
Ph: 01-503472, 09 73001453, 09 30775232

**BASIC ENGLISH SPEAKING**
3:30 - 5 (Mon ~ Thurs) 2 May
1 - 4:00 (Sat + Sun) 7 May
9 - 12:00 (Sat + Sun) 13 May
7:30 - 9 (Mon ~ Thurs) 15 May

**BASIC FOUR SKILLS ENGLISH**
1 - 2:30 (Mon ~ Thurs) 2 May
1 - 4:00 (Sat + Sun) 6 May
3:30 - 5 (Mon ~ Thurs) 8 May
7:30 - 9 (Mon ~ Thurs) 15 May
10-11:30 (Mon~Thurs) 15,22 May
9 - 12:00 (Sat + Sun) 20 May

**BASIC WRITING**
1 - 2:30 (Mon ~ Thurs) 24 Apr
1 - 4:00 (Sat + Sun) 13 May

**PRE-INTERMEDIATE (4-SKILL ENGLISH)**
9 - 12:00 (Sat + Sun) 6 May
9:30-12:30 (Sat + Sun) 20 May
10-11:30 (Mon ~ Thurs) 22 May

**INTERMEDIATE (ACADEMIC ENGLISH)**
9:30-12:30 (Sat + Sun) 7 May
3:30 - 5 (Mon ~ Thurs) 22 May

**VOCAB ENRICHMENT**
9 - 12:00 (Sat + Sun) 6 May
10-11:30 (Mon ~ Thurs) 22 May

**BASIC GRAMMAR**
1 - 2:30 (Mon ~ Thurs) 2 May

**IELTS (Preparation)**
7:30-9:30 (Mon ~ Thurs) 24 Apr
1 - 4:30 (Sat + Sun) 6 May

**IELTS (Grammar + Vocab)**
10-11:30 (Mon ~ Thurs) 29 May

**BASIC FOUR SKILLS ENGLISH**
7:30 - 9 (Mon~Thurs) 9 May
7:30-10:30 (Sat + Sun) 13 May
10-11:30 (Mon~Thurs) 15 May
12:30-3:30 (Sat + Sun) 20 May
7:30 - 9 (Mon~Thurs) 23 May
4:30 - 7:30 (Sat + Sun) 27 May
3:30 - 5 (Mon~Thurs) 29 May

**IELTS (Speaking + Vocab)**
10-11:30 (Mon~Thurs) 8 May

**IELTS (Reading + Vocab)**
1 - 3:00 (Mon~Thurs) 15 May

**IELTS (Writing+Grammar)**
7:30 - 9 (Mon~Thurs) 29 May

**BASIC ENGLISH SPEAKING**
7:30 - 9 (Mon~Thurs) 8 May
1 - 2:30 (Mon~Thurs) 15 May
12 - 3:00 (Sat + Sun) 21 May

**BASIC GRAMMAR**
1 - 4:00 (Sat+Sun) 20 May
1 - 2:30 (Mon~Thurs) 29 May

**PRE-INTERMEDIATE (4-SKILL ENGLISH)**
9 - 12:00 (Sat + Sun) 6 May
10-11:30 (Mon~Thurs) 22 May

**INTERMEDIATE (ACADEMIC ENGLISH)**
4:30-7:30 (Sat + Sun) 29 Apr
7:30 - 9 (Mon~Thurs) 29 May

**IELTS (Writing+Grammar)**
12:30-3:30 (Sat+Sun) 20 May






ဥပဒေကျောင်းသား/သူများ အားထားရာ

## ဂုဏ ဥပဒေနည်းပြ

ပထမနှစ်(ဥပဒေ)အဝေးသင်
ဒု၊ တ၊ စ၊ ပဥ္စမ သင်တန်းများ
J.O, L.O ပုံမှန်သင်တန်းများ
ဖွင့်ပြီ
အမှတ်-၃၂၅(ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဆရာဦးစိုးမြင့် 09-73235553,09-799682944






" Better English For a Smarter Life"

## ဦးရဲဇော်လတ်
M.A(UFL), MBA(UTCC)

APPLIED GRAMMAR & SPOKEN ENGLISH

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများနှင့်ဘွဲ့ကြို၊ဘွဲ့ရများအတွက်

Basic 4 Skills | Intermediate 4 Skills | Advanced 4 Skills

မေလ လဆန်းပိုင်း ဖွင့်ပြီ

✣ ၁၀၁၆၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ မြောက်ဒဂုံ။
09-73175231, 09-5057138



## IELTS
09-5136158
09-965136158
ဆရာသန်းနိုင် Dip in English (YUFL)

SECURE A PASSPORT TO A BRIGHTER FUTURE BY LEARNING WITH SAYA AND SHARPEN YOUR 4 SKILLS WITH IELTS

ပညာဒါနတန်းခွဲများရှိသည်။
Foundation Classes(3 Month)
Exam Preparation (3 Month)
( 4pm-5:30pm) စမည်။
အိမ်လိုက်သင်ပေးသည်







## Kindergarten Program & Pingu's English Language Course

Pingu's English School သည် UK မှဖွင့်လှစ်လိုက်ပြီး UK Curriculum ကိုသင်ကြား၍ Singapore နိုင်ငံမှ Early Childhood Systematic Approach ကိုအသုံးပြုကာ ကလေးများကို ပြုစုပျိုးထောင်ပေးနေသော International ကျောင်းတစ်ခုဖြစ်ပါသည်။

New intake and classes starting in June 2017

**Kindergarten Program**

Monday to Friday

(9AM - 3PM)

- Activity based learning System
- English, Maths, Science, Art& Music

Pre-KG Age 2-3 | KG-2 Age 3-4 | KG-3 Age 4-5

Early bird enrolment discounts available

**Pingu's English Language Course**

2Daysperweek

(2hours/day)

- English 4 skills with Spiral Syllabus from UK
- Activity based learning system

Tots 18 months to 3yrs old | Level-1 | Level-2 | Level-3

26A, Kanbawza Yeik Thar Road, Bahan Township, Yangon. | www.facebook.com/pingusenglish.myanmar | CALL NOW : 09975751817,0152 5218,09979990788

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**DADDY** (ဒယ်ဒီ)
ပြည်-အင်္ဂလိပ်ဆောင် ဘေးရိုက်ပြီး 37000 နေ့ချင်းပြန်
May - 5 , 9 , 12 , 19 , 26
09448001903,09440334848

**ကိုကျော်နိုင်**
CAR RENTAL
မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510

The 4th International Exhibition for Food & Drink, Hotel, Restaurant Bakery & Food Service Equipment, Supplies & Services
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ အစားအသောက် နှင့် အဖျော်ယမကာ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်း၊ အထောက်အကူပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲ

Back @ MCC

FOOD & HOTEL 2017 Myanmar

7- 9 JUNE 2017

Myanmar Convention Centre (MCC)
Yangon (10.00 -18.00 Hrs.)

Including: MCAC 2017 Myanmar Culinary Arts Competition, MNBC 2017 Myanmar National Barista Championship



The Industry's Choice

Including: Over 200 Exhibitors • 24 countries • 500 Products • 6 International Pavilions from Korea, Singapore, Taiwan, Thailand, Turkey and USA

Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

ကုန်သွယ်ရေးနှင့် လုပ်ငန်းဆိုင်ရာ ဧည့်သည်တော်များအတွက်သာ၊ အသက် ၁၈ နှစ်အောက် ဝင်ရောက်ခွင့် မပြုပါ၊ ဧည့်သည်တော်အားလုံးသည် သင့်လျော်သည့် ဝတ်စားဆင်ယင်မှု ရှိရပါမည်။

Register at
www.foodandhotelmyanmar.com
Info Hotline : +95-1 513 515-519

Supported by: | Endorsed by: | Organised by: UBM

FAME

အော်ဂဲနစ်စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ ဗဟုသုတရရှိစေဖို့ လာလည်လို့ရပါပြီ...

## FAME Organic Pharming Project

ဧည့်သည်များအတွက် လေ့လာပြသခြင်းအစီအစဉ်
**2 Hours Guided Tour Programme**

နေ့စဉ် – နံနက် (၉:၀၀) နာရီတွင် တစ်ကြိမ်
– မွန်းလွဲ (၁:၀၀) နာရီတွင် တစ်ကြိမ် ] တစ်နေ့လျှင်နှစ်ကြိမ်

ပိတ်ရက်မရှိ

၂၀၁၇ ခုနှစ်၊ မေလ (၁) ရက်နေ့မှ စတင်ကာ ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသူမည်သူမဆို လာရောက်လေ့လာနိုင်ပါကြောင်း နွေးထွေးလှိုက်လှဲစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

အမှတ် (၇၀၆)၊ ကျွဲနွားထောက်ကျေးရွာ၊ အနီးစခန်းဘူတာလမ်း၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
Ph : 09-793 877 207, www.famepharma.com, FAME Pharmaceuticals

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်ကြည်**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) (ပြန်/ဆက်)**
**အသက်(၈၇)နှစ်**
**နေပြည်တော်**

အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးထက်-ဗိုလ်မှူးကြီး ဒေါ်သန်းသန်းရီတို့၏မိခင် ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည် အသက်(၈၇)နှစ်သည် ၂၉-၄-၂၀၁၇ (စနေနေ့) နံနက် ၄နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊**
**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်ကြည်**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ပြန်/ဆက်**
**အသက်(၈၇)နှစ်**
**နေပြည်တော်**

အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးစိုးထက်-ဗိုလ်မှူးကြီးဒေါ်သန်းသန်းရီတို့၏မိခင် ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည် အသက်(၈၇)နှစ်သည် ၂၉-၄-၂၀၁၇ ရက် (စနေနေ့) နံနက် ၄နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် နှင့် ဝန်ထမ်းမိသားစုများ**
**အမျိုးသားလွှတ်တော်ရုံး**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးကျင်မောင် (၇၄)နှစ်**
**မန်နေဂျာ(ငြိမ်း)**
**The New Light of Myanmar သတင်းစာတိုက်**

ဒေါ်သန္တာ၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးကျင်မောင်သည် ၂၈-၄-၂၀၁၇ (သောကြာနေ့) ည ၇း၃၉ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးနိုင်ထွန်း(တောင်ကြီး)၊ ဦးရွှေကို(ရန်ကုန်)၊ ဦးညွန့်ဇော်(မန္တလေး)၊**
**ဦးသန်းလင်းဦး(ကျိုင်းတုံ)၊ ဦးဝေဖြိုးသန်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

ဆရာဦးမွေးကြည်နှင့် ဆရာဦးကျင်မောင်တို့ ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ ဆရာတို့ ကောင်းရာသုဂတိရောက်ပါစေကြောင်း ဆုတောင်းလျက်. . . . .။

**ဦးသန်းရွှေ**
**လက်ထောက်မန်နေဂျာ(ဖြန့်ချိရေး-ငြိမ်း)**

## ဝမ်းနည်းကြေကွဲခြင်း
**ဒုရဲအုပ်ကြည်ဝင်း (၅၁)နှစ်**
**အမှတ်စဉ်(၂၅/၉၆) ရဲသိပ္ပံ**

မန္တလေးမြို့ ရဲအတတ်သင်သိပ္ပံကျောင်း၊ အမှတ်စဉ်(၂၅/၉၆) သူရတပ်ခွဲတွင်အတူ တက်ရောက်ခဲ့သည့် သူငယ်ချင်း ဒုရဲအုပ်ကြည်ဝင်းသည် ၂၈-၄-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၂၅/၉၆)**
**သူရ ဆင်းသူငယ်ချင်းများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဆရာကြီး ဦးဘသောင်းတင်**
**အသက် (၉၂) နှစ်**
**မြို့နယ်ပညာရေးမှူး-ငြိမ်း(လမ်းမတော်)**
**ကျောင်းအုပ်ဆရာကြီးအငြိမ်းစား**
**United Christian High School**
**အထက(၄) အလုံ**
**အထက(၂) လမ်းမတော်**
**အထက(၁) လသာ**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အထက (၄) ကျောင်းဝင်းနေ (ဦးကာ-ဒေါ်ထိုက်)တို့၏သား၊ ဒေါ်ထားရာ[အနားယူဆရာမကြီး မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဆလိုင်းအာစီသောင်း (Samuel Tinn-Senior Scientist, Abbott Laboratory)-ဒေါ်မော်လီဒွန်းတင်၊ ဒေါက်တာတင့်ဝေ-ဒေါ်မေရီခလိုထီးသောင်းတို့၏ ဖခင်၊ Andrew Tinn, Aaron Tinn Joshua Aung Hlaing Way၊ Victoria Tint Tint Wayတို့၏ချစ်လှစွာသောအဘိုးသည် ၂၇-၄-၂၀၁၇ ရက် နံနက် ၁း၃၀ နာရီတွင် Columbus Ohio-USA ၌ ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဓမ္မအမှုတော်ဆောင်များ၊ ဆွေမျိုးများ၊ လုပ်ဖော်ဆောင်ဖက်များ၊ မိတ်ဆွေသင်္ဂဟများနှင့် တပည့်များအား အကြောင်းကြားအပ်ပါသည်။ (အောက်မေ့ဖွယ် ဝတ်ပြုကိုးကွယ်ခြင်းကို ၆-၅-၂၀၁၇ ရက် Vineyard Church Grove City Ohio,USA ၌ ပြုလုပ်မည်ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်မြ
**အသက်(၆၄)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နေ (ဦးသက်ထွန်း-ဒေါ်ငွေနု)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ခြံအမှတ်(၉)နေ [ဦးတိုးအောင် (ရွှေပန်းထိမ်)]-ဒေါ်ခင်တုတ်တို့၏သမီးကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် (၄)လမ်း၊ အမှတ်(၄၉)နေ ဦးမောင်ထွန်း၏ ချစ်လှစွာသောဇနီး၊ မောင်မြတ်သူ၏မွေးသမိခင်၊ (ဦးရဲမြင့်)-ဒေါ်တင်တင်ဝင်း (အလက-၅၊ မရမ်းကုန်း-ငြိမ်း)၊ ဒေါ်မိမိအောင်(အထက-၂၊ မရမ်းကုန်း)၊ ဦးသန်းဦးအောင်-ဒေါ်တင်လေးမြင့်၊ ဒေါ်ရီရီအောင်၊ ဦးထွန်းထွန်းဇော်-ဒေါ်ခိုင်ဝင်းအောင်တို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ ကြီးကြီး ဒေါ်ရင်ရင်မြသည် ၂၉-၄-၂၀၁၇ (စနေနေ့) နံနက် ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ အမှတ်(၄၉)၊ သီရိမြိုင် (၄)လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်သို့ ၅-၅-၂၀၁၇ (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ဆန်း(သုခိအောင်)
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ အမှတ် (၁၁၇/ဂျီ)၊ သံလွင်လမ်းနေ ဒေါ်ခင်မြမြ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမိုးမိုးဆန်း၊ ဦးစွမ်းရည်၊ (Capt; စိုးကျော်ဆန်း)၊ (ဦးတိုးကျော်ဆန်း)တို့၏ဖခင်၊ မရဝေသန့်၊ မယုယလိမ္မာတို့၏အဘိုး၊ မ Ava Samuel ၏ ဘိုးဘိုးကြီးသည် ၂၉-၄-၂၀၁၇ (စနေနေ့) နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၀း၄၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်ကြည်**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) (ပြန်/ဆက်)**
**အသက်(၈၇)နှစ်**
**နေပြည်တော်**

ဗန်းမော်မြို့နေ (ဦးစံလုံ-ဒေါ်ထွေး)တို့၏သမီး၊ (ဒေါ်ခင်ကြည်၊ ဘဂရ)၏အစ်မ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေ (ဗိုလ်ကြီးထွန်းအောင်-ငြိမ်း၊ လဝက)၏ ဇနီး၊ ဒုတိယဗိုလ်မှူးကြီးစိုးထက်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားလွှတ်တော်ရုံး)-ဗိုလ်မှူးကြီး ဒေါ်သန်းသန်းရီ (ပါမောက္ခ၊ ခွဲစိတ်ဌာနမှူးကြီး၊ ဆရက ၂/၁၀၀၀)၊ ဦးစိုးအောင်ဝင်း (ခေတ္တ-ဂျပန်)၊ တပ်ကြပ်အောင်အောင်(ကကလုံ)-ဆရာမ ဒေါ်ခင်ခင်သန်း၊ (ဦးကြီးမြင့်ဝင်း)၊ ဦးစိုးလွင်(လဝက-ငြိမ်း)-ဒေါ်သင်းသင်းကြည် (လဝက-ငြိမ်း)တို့၏မိခင်၊ မောင်ကျော်မင်းထက်၊ မမြသဥ္ဇာထက်၊ တပ်ကြပ်ကြီး တင်အောင်ဟိန်း၊ မစိုးသန္တာ၊ မမေဇင်စိုးလွင်၊ မကြည်ဖြူစိုးလွင်တို့၏ အဘွားသည် ၂၉-၄-၂၀၁၇ (စနေနေ့) နံနက် ၄နာရီတွင် နေပြည်တော် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ဆရက (၂/၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားနာပြီး တပ်မတော်စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိသားစုများအား အသိပေးအကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၇ (သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
ခရစ်တော်၌အိပ်ပျော်ခြင်း
**ဆရာကြီး ဦးဘသောင်းတင် (၉၂)နှစ်**
**ကျောင်းအုပ်ဆရာကြီး(အငြိမ်းစား)၊ အထက(၄) အလုံ**

ရန်ကုန်မြို့၊ အထက(၄) ကျောင်းဝင်း အလုံမြို့နယ် (ဦးကာ-ဒေါ်ထိုက်)တို့၏သား၊ ဒေါ်ထားရာ[အနားယူဆရာမကြီး မေရီချက်(ပ်)မင်းနားမကြားသောကလေးများကျောင်း]၏ချစ်လှစွာသောခင်ပွန်း၊ ဦးဆလိုင်းအာစီသောင်း(Samuel Tinn-Senior Scientist,Abbott Laboratory)-ဒေါ်မော်လီဒွန်းတင်၊ ဒေါက်တာတင့်ဝေ-ဒေါ်မေရီခလိုထီးသောင်းတို့၏ဖခင်၊ Andrew Tinn,Aaron Tinn Joshua Aung Hlaing Way၊ Victoria Tint Tint Way တို့၏ချစ်လှစွာသောအဘိုးသည် ၂၇-၄-၂၀၁၇ရက်နေ့ နံနက် ၁း၃၀ နာရီတွင် Columbus Ohio-USA ၌ ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **အငြိမ်းစားဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အထက(၄) အလုံမြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း
**ကြည်း၁၀၇၇၃၊ ဗိုလ်ကြီးကိုကြီး(ငြိမ်း)**
**ဗိုလ်သင်တန်းအမှတ်စဉ်(၃၄)၊ (တေဇ-၉၄)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြဝတ်ရည်(၄)လမ်း၊ ပါရမီအမှတ်(၁၅-အေ)နေ ဒေါ်ခင်မာရီ၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးကိုကြီး(ငြိမ်း)သည် ၂၆-၄-၂၀၁၇(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီဟတေဇ ညီအစ်ကိုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်စန်းစန်းကြည်**
**အသက် (၈၂)နှစ်**

ကိုသက်ထွန်းဦး-မခင်စိုးကြည်တို့၏ မိခင်ကြီးဖြစ်သူ ဒေါ်စန်းစန်းကြည် အသက်(၈၂)နှစ်သည် ၂၇-၄-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၇)မှ သူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဦးစောသက်ချိုဦး(အင်းစိန်)**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အောင်မင်္ဂလာ(၃) လမ်း၊ အမှတ်(၆၂)နေ [ဦးမောင်ဝင်း-ဒေါ်နိုက်တင်ဂေး(လ်)]တို့၏ သားကြီး၊ ဒေါ်နော်အယ်ဆိုး၏ ချစ်လှစွာသောခင်ပွန်း၊ နော်ကေမီရှိုင်း၊ စောဇော်ရှိုင်း၊ နော်အယ်ဆဲရှိုင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးစောသက်ချိုဦးသည် ၂၈-၄-၂၀၁၇ (သောကြာနေ့) နံနက် ၆း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၄-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပလောလားဟေး ကရင်နှစ်ခြင်းအသင်းတော် ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဦးကျော်ညွန့်**
**အသက် (၈၅)နှစ်**
**(Ex MARINER Co.,)**

ရွှေပြည်သာမြို့နယ်၊ အမှတ်(၆၅၁)၊ (၈)ရပ်ကွက်၊ ဦးအောင်မြတ်ပန်းခြံ(၁) လမ်းနေ (ဦးသိမ်းမောင်-ဒေါ်ခင်စိုး)တို့၏သား၊ (ဒေါ်မြရင်)၏ ခင်ပွန်း၊ မာလာညွန့်၊ မေယဉ်ညွန့်၊ မင်းကျော်တိုးတို့၏ဖခင်၊ မမွန်မြတ်သူ၊ ရည်မွန်သူ (EFR)၊ နှင်းစံသူ (ထ-၁၊ ရွှေပြည်သာ)၊ ယဉ်နွဲ့သူ(Blue Ocean)၊ စိမ်းလဲ့သူ (လ-၃၊ ထခွဲ)၊ အောင်လင်းသူ (City Express)တို့၏ အဘိုးသည် ၂၉-၄-၂၀၁၇ ရက် ညနေ ၅း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီ တွင် မင်္ဂလာဒုံရှင်ဂျော့ဂျ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အာနိသ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်မေသီ (၇၁)နှစ်**

တောင်ကြီးမြို့၊ ဦးကြီးခမ်းရပ်၊ ဗိုလ်ချုပ်လမ်းသွယ်၊ အမှတ်(ည/၁၉)နေ (ဦးစံသိန်း-ဒေါ်အေးခင်)တို့၏ သမီး၊ ဦးတင်အေး-ဒေါ်ခင်မေကြည်၊ (ဦးခင်မောင်လတ်)-ဒေါ်လှရွှေ၊ (ဦးကျော်စိုး-ဒေါ်ဒွန်)၊ (ဦးမြင့်သိန်း-ဒေါ်ခင်မျိုးသိမ်း)တို့၏ညီမ၊ ဦးမြင့်သိန်း-ဒေါ်နောင်းနောင်း၊ (ဦးသန်းဆွေ)-ဒေါ်ဘေဘီထွန်း၊ ဦးခင်မောင်ဦး-ဒေါ်အေးစုလှိုင်၊ ဦးခင်မောင်အေး-ဒေါ်ဝေဝေတို့၏အစ်မ၊ ကိုမျိုးဟန်၊ ကိုအုန်းခိုင်၊ ကိုအောင်မျိုးမြင့်၊ မခင်သိမ်းစု (Air Mandalay)၊ မမျိုးသန္တာတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မောင်အောင်နန္ဒထွန်း၊ မောင်မင်းသုတထွန်းတို့၏ချစ်လှစွာသောအဘွားသည် ၂၉-၄-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂း၂၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစုများ

### ရဟန်းဒါယကာကြီး
**ဦးသန်းမြင့်(ခ)ဦးစိုးထူး**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ကားလေးဂိတ်နေ ဦးစောလွင်-(ဒေါ်စောရီ)တို့၏ သား၊ ဦးမောင်မောင်စိုး-[ဒေါ်ခင်သန်းရီ (ပိုင်စိုးထက်အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး)]၊ မောင်ညီဝမ်း-မမြင့်မြင့်စန်း (အောင်ကျော် ကွန်ကရစ်လုပ်ငန်း)တို့၏အစ်ကိုကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-ဘီ) ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၆၆၅) နေ ဒေါ်မူမူရွှေ (စိုးထူး-အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စည်သူဟန်-မသွဲ့နှင်းအောင်၊ မဖြိုးစုဟန်၊ မယွန်းယွန်းနိုင်ထူး (Pacific Medical Industries Ltd IPQC)တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၉-၄-၂၀၁၇(စနေနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျင်မောင် (၇၄)နှစ်
**မန်နေဂျာ (ငြိမ်း)**
**The New Light of Myanmar သတင်းစာတိုက်**

သန်လျင်မြို့၊ ကွမ်းခြံကုန်းကျေးရွာနေ (ဦးအေးကျော်)-ဒေါ်ကျင်မေတို့၏သား၊ (ဦးတင်လှိုင်-ဒေါ်မြရီ)၊ (ဦးရဲလှ)-ဒေါ်စန်းကြည် (သတင်းစာကိုယ်စားလှယ်)၊ ဦးကြည်တင်-ဒေါ်ခင်စန်းမြင့်၊ (မခင်စန်းဝေ)၊ ဦးကြည်ဝင်း-ဒေါ်တင်နွဲ့၊ ဦးတင်မောင်ကျော်-ဒေါ်သင်းသင်းနွယ်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၃)လမ်း၊ အမှတ်(၃၁)နေ ဒေါ်သန္တာ၏ခင်ပွန်း၊ ကိုလင်းထက်ထွန်း-မခင်အိအိခိုင်၊ ကိုသူရဇော်-မချိုချိုဆန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မကြယ်စင်လင်းထက်၊ မချစ်ခွန်းချိုတို့၏အဘိုး ဦးကျင်မောင်သည် ၂၈-၄-၂၀၁၇(သောကြာနေ့)တွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၇ (ကြာသပတေးနေ့) တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဖီးဖီးနော်သူးလေဖော**
**အသက် (၇၄)နှစ်**
**ရုံးအုပ်-စီးပွား/ကူးသန်း(ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ စခန်းကြီးကျေးရွာနေ (ဦးကျော်မြင့်-ဒေါ်အေးပု)တို့၏သမီး၊(ဦးရဲဖေသာ)-ဒေါ်ညွန့်စိန်၊ ဒေါ်နော်မစ္စပါး (ကကငွေ-ငြိမ်း)တို့၏ ညီမ၊ ဦးဂျွန်ကွာသာ-ဒေါ်နော်လွယ်ခေးတို့၏အစ်မ၊ တူ/တူမ ၁၀ ယောက်၊ မြေးသုံးယောက်တို့၏ချစ်လှစွာသောအဘွား ဖီးဖီးနော်သူးလေဖောသည် ၂၈-၄-၂၀၁၇ (သောကြာနေ့) ည ၁၁ နာရီတွင် အမှတ်(၂၁၁)၊ (၁၀/တောင်)၊ (၁၃)ရပ်ကွက်၊ သာကေတနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဉယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အရာခံဗိုလ်တင်အေး (၈၅)နှစ်
**(လ/၃၆၇၀)**
**တပ်မတော်လေ(အငြိမ်းစား)**
**(ပွင့်တန်ဆာမြို့)**

(ဦးဘသော်-ဒေါ်သီ)တို့၏ သား၊ (ဦးကျန့်နီ-ဒေါ်ရွှေခိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၄၀၅)နေ (ဒေါ်မြသန်း)၏ခင်ပွန်း၊ ဦးတင်မောင်ဦး (လ/ထ ကထိကဟောင်း၊ သချာ်)၊ ဦးမြတ်စိုး၊ ဦးစိုးဝင်းမြင့်-ဒေါ်မြမြသွင်တို့၏ဖခင်၊ မမြတ်မြင့်မို၊ မောင်သစ်ထူးညီတို့၏အဘိုး ဦးတင်အေးသည် ၂၉-၄-၂၀၁၇ (စနေနေ့) ညနေ ၃း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## (ဖလမ်းအသင်း၊ ရန်ကုန်)
**ခရစ်တော်၌ အိပ်ပျော်ခြင်း**
**သိက္ခာတော်ရ ဒေါက်တာ**
**ဦးဗျက်ဇာမွေး အသက်(၆၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ လက်ပံချောင်းကျေးရွာနေ U Thang Ling-Daw Vai Tuan တို့၏ သား/သမီး ၁၁ယောက်ထဲမှ အကြီးဆုံးသား၊ (Rev.Kap Ling-Daw Ngun Hngel)တို့၏သားသမက်၊ Daw Rossy Sui Ngun Rem-U Yan Aung Soe (သဘော်သား)၊ Daw Rosty Sui Hlei Par-Pastor Ngun Nei Thang (ခေတ္တ-U.S.A)၊ Dr.Jimmy Biak Hlei Thang , Sayama Gracy Bawi Len Cer (အမက-ကလီထော် အနောက်လှည်းကူးမြို့နယ်)၊ Peter Thang Za Lian (Network International School)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ Demas Sui Lian Bawi, Za Lian Thang, Hanny Thian Nei Mawi, Herbat, Hanna (ခေတ္တ-U.S.A)တို့၏ ကျေးဇူးရှင်အဘိုး၊ Daw Cherry Za Vel ၏ချစ်လှစွာသောခင်ပွန်းသည် ၂၈-၄-၂၀၁၇ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ပင်လုံဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဝတ်ပြုခန်းမဆောင်၌ ဝတ်ပြုစည်းဝေးပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [နေအိမ်မှကားများ မွန်းလွဲ ၁နာရီနှင့် ရွှေပြည်သာ(၃)ထိပ်မှ ကားများ မွန်းတည့် ၁၂နာရီတို့တွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**ကူရ်စွန်းဘီ(ခ)ဒေါ်လှစိန်**
**(ကန်တော်ကလေး)**
**သိမ်ကြီးဈေး(D)ရုံ**
**(ဂျူန်ရာဇာငါးမုန့်ဆိုင်)**
**အသက် (၇၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၁) လမ်း၊ အမှတ်(၄၄)နေ (ဦးလှတင်-ဒေါ်အုန်း)တို့၏သမီး၊ ဒေါ်မြစိန်၏ညီမ၊ ဒေါ်နီနီ-ဦးကံကောင်း၊ ဦးလှရွှေ-ဒေါ်ခင်သန်း၊ ဒေါ်အေးအေးမာ-ဦးလှရွှေ၊ ဒေါ်လွင်လွင်မာ-ဦးသိန်းမြင့်၊ ဦးအောင်အောင်ကျော်၊ ဒေါ်မိုးသီတာ၊ ဦးဇော်မင်းအောင်-ဒေါ်လှလှမော်တို့၏အစ်မ၊ တူ/တူမ ၁၉ ယောက်တို့၏ အဒေါ်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၁၇(သောကြာနေ့) ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးစွန်နီကဘာရ်စတန်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်လှဲ့လှဲ့ဝင်း (၅၂)နှစ်**
**(B.A History)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၁-၂၃)၊ ငါးလွှာ၊ မအူပင်လမ်းနေ ဒေါ်လှအေး၏တူမ၊ [ဦးအောင်မြင့် (မန်နေဂျာ-ငြိမ်း၊ ကုန်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်တင်အေး]တို့၏ ဒုတိယသမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ ဦးကြီးမြင့်-(ဒေါ်သန်းစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် (၂-က)၊ ငါးလွှာ၊ ဆန္ဒန်လမ်းနေ ဦးသန်းဦး (BSNCSL Shipping Line)၏ ချစ်လှစွာသောဇနီး၊ မထူးနန္ဒဦး (B.A Japanese YUFL ခေတ္တ-ဂျပန်)၏ ချစ်လှစွာသောမိခင်၊ ဒေါ်အေးအေးသန်း (ထ-၂၊ ဒဂုံတောင်)၊ ဦးသိန်းဝင်း(MEC)တို့၏ညီမ၊ ဦးစိုးရ (C/O Lizstar Shipping Line)-ဒေါ်နီလာမျိုးဦး၊ ဒေါ်အိအိခင်-ဦးတင်မောင်မြင့်(ခေတ္တ-ဂျပန်)၊ ဒေါ်မြင့်သူဇာ (AWPT)-ဦးနေလင်းစံ (Franco Co.,)၊ ဒေါ်လှသဒ္ဒါ (AWPT)တို့၏ချစ်လှစွာသောအစ်မ၊ မအိသန္တာဖြိုး (V.BE-IT)၊ မောင်အုပ်စိုးရ (2nd Yr. BDS)၊ မမြင့်မြတ်နိုးအောင် (1st Math)၊ မောင်နန္ဒစိုးရ (ထ-၁၊ ဒဂုံ)တို့၏ချစ်လှစွာသောအဒေါ်သည် ၂၈-၄-၂၀၁၇ (သောကြာနေ့) ညနေ ၅း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။ (အမှတ် ၂၁/၂၃၊ ငါးလွှာ၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများ ပုဂံအပန်းဖြေစခန်းသို့ ရောက်ရှိ

**ညောင်ဦး ဧပြီ ၂၉**

ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ)တွင် ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေအနားယူရန် အဋ္ဌမတန်းဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၆ ဦးသည် တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း ဦးဆောင်ကြီးကြပ်လျက် ကြီးကြပ်သူ ဆရာ ဆရာမ ၁၈ ဦးတို့နှင့်အတူ ဧပြီ ၂၉ ရက် ညနေပိုင်းက ပုဂံညောင်ဦးရှိ ပုဂံအပန်းဖြေစခန်းသို့ ရောက်ရှိလာခဲ့သည်။

အဆိုပါ ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများသည် ယနေ့နံနက်ပိုင်းက စုရပ်ဖြစ်သည့် မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ စတင်ထွက်ခွာကာ မန္တလေးမြို့၏ အထင်ကရဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်အတွင်း လေ့လာကာ မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မန္တလေးမြို့မှ မိတ္ထီလာမြို့သို့ ဆက်လက်ထွက်ခွာကာ မိတ္ထီလာမြို့တွင် နေလယ်စာစားကြပြီး ညနေပိုင်းတွင် ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်း(ပုဂံ)သို့ရောက်ရှိရာ ညောင်ဦးခရိုင်ပညာရေးမှူး ဦးနေဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကင်းထောက်လူငယ်မောင်မယ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများသည် **စာမျက်နှာ ၇ ကော်လံ ၄ သို့** ❒



# ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ဝင်ဘလေကွင်းအား အိမ်ကွင်းအဖြစ် စပါးအသင်း အသုံးပြုမည်

စာမျက်နှာ ၁၃ »»»

ကြေးမုံ

ထိပ်တန်း ဆောင်းပါး

စာ - ၁၆၊ ၁၇

# အာရှဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ပြင်ဆင်ရ

**ရန်ကုန် ဧပြီ ၂၉**

မြန်မာ့လက်ရွေးစင်အသင်းသည် နှစ်ပေါင်းများစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့် အာရှဖလားပြိုင်ပွဲနောက်ဆုံးအဆင့်တွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် အခွင့်အရေးရှိနေပြီး ခြေစစ်ပွဲအောင်မြင်ရန် ကြိုးပမ်းလျက်ရှိသည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖



အာရှဖလားခြေစစ်ပွဲ အုပ်စုပထမပွဲတွင် မြန်မာနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ဓာတ်ပုံ-စိုးညွန့်

# သံလွင်တံတား(ဘားအံ) ခံနိုင်ဝန်အား စမ်းသပ်စစ်ဆေး

**ရန်ကုန် ဧပြီ ၂၉**

ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ခံနိုင်သဖြင့် တံတားသစ်ထပ်မံတည်ဆောက်ရန်မလိုဘဲ ယခုတံတားကိုသာ ဆက်လက်အသုံးပြုမည်ဖြစ်သည်။

သံလွင်တံတား(ဘားအံ)၏ ခံနိုင်ဝန်အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဧပြီ ၂၉ ရက်က စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ယင်းသို့ဆောင်ရွက်စဉ်တွင် ယာဉ်ဖြတ်သန်းမှုများ ခေတ္တခဏစောင့်ဆိုင်းမှုများရှိခဲ့ကြောင်း သိရသည်။

စမ်းသပ်စစ်ဆေးမှုများအရ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ခံနိုင်သဖြင့် တံတားသစ်ထပ်မံတည်ဆောက်ရန် မလိုအပ်ဘဲ ယခုလက်ရှိတံတားကိုသာ ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန(ကရင်ပြည်နယ်)က အသိပေးထုတ်ပြန်ခဲ့သည်။

သံလွင်တံတား(ဘားအံ)သည် နိုင်ငံတကာကုန်စည်စီးဆင်းမှု လမ်းကြောင်းပေါ်တွင် တည်ရှိနေပြီး အရေးပါအချက်အချာကျလျက်ရှိသည်။ အာရှလမ်းမကြီး AH-1 ပေါ်တွင် တည်ရှိပြီး ဒေသတွင်း အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်း (East-West Economic Corridor)အတွက် ကရင်ပြည်နယ်၏ အရေးပါသောတံတားဖြစ်သောကြောင့် နိုင်ငံတကာကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် ယာဉ်များ သတ်မှတ်ထားသော တန်ချိန်များအတိုင်း ဖြတ်သန်းနိုင်မှု ရှိ /မရှိ စမ်းသပ်စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်စဉ်တွင် စိတ်ရှည်စွာ စောင့်ဆိုင်းပေးသော တံတားပေါ်သို့ ဖြတ်သန်းသွားလာမည့် ခရီးသွားပြည်သူများအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းကိုလည်း လမ်းဦးစီးဌာန(ကရင်ပြည်နယ်)က ထုတ်ပြန်ခဲ့သည်။

(၀၀၁)


Trustinno TRUSTED BUSINESS SOLUTIONS
Science Scholarship (S.S.) ဆရာ
ဒေါက်တာသိန်းဝင်းPh.D (ICT)(Germany)တည်ထောင်ပြီး
S.S.ပါမောက္ခတွဲဖက်ပါမောက္ခနှင့်ကထိကဆရာများကိုယ်တိုင်သင်ကြားမည့်
မေလဆန်း (၇)ရက် ဖွင့်ပြီ
S.S.
အဆင့်မြင့်မဟာစူပါစာသင်ဝိုင်း
■ S.S.ဆရာများကဲ့သို့ နိုင်ငံတကာအဆင့်မီတဲ့ ထူးချွန်ပညာရှင်များဖြစ်ရန် ရည်ရွယ်ပါသည်၊
■ ၁၀-တန်း(ဒီဇင်ဘာလကုန် - သင်ရိုးကုန်)
၉-တန်း(နိုဝင်ဘာလကုန် - သင်ရိုးကုန်)
(ဒီဇင်ဘာလ ဆယ်တန်းစာ စသင်)
■ လေ့ကျင့်ရေး၊ Guide,English speaking, Computer,ICTအခြေခံ၊ ကျောင်းကြို/ပို့ ပါဝင်ပြီး၊
■ ထပ်ဆောင်းကုန်ကျငွေ မလိုတဲ့ တစ်နေရာတည်းမှာ ပြီးပြည့်စုံသော အဆင့်မြင့် စာသင်ကျောင်း
■ အဆင့်မြင့် စာသင်ခန်းမများနှင့် အဆင့်မြင့် အထောက်အကူပြု ပစ္စည်းများ၊ စာအုပ်များ
မြန်မာစာ ● ဒေါက်တာမင်းဇော်သန်း (Ph.D)
အင်္ဂလိပ်စာ ● ဦးနေအုပ် (စိန်ပေါလ်)
● ဦးရည်ဆန်းမွန် M.A(English)
သင်္ချာ ● ဦးမျိုးသန့်ထွန်း (M.Sc)
● ဦးအောင်ဆန်းဦး (M.Sc)
ဓါတုဗေဒ ● ဒေါက်တာဦးကျော်မျိုးနိုင် (Ph.D)
● ဒေါက်တာဒေါ်အေးအေးမြင့် (Ph.D)
ရူပဗေဒ ● ဒေါက်တာဦးမြင့်ဦး (Ph.D)
● S.S.Top သိန်းဇေ (M.Sc)
ဇီဝဗေဒ ● ဦးသိန်းကို (M.Sc)
ဘောဂဗေဒ ● ဦးအေးမိုး (M.Com:)
သင်တန်းအုပ်ချုပ်ရေးမှူး ဦးအောင်သန်း (Maths)
အမှတ်(၁၀၈)၊ မြေညီထပ်၊ ငုဝါလမ်း၊ အလုံမြို့နယ်။ ဖုန်း 01-2302193(Ex.11,Ex.41),09-967608876

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂဏ္ဍ

မေ ၃၀၊ ၂၀၁၇ (တနင်္ဂနွေနေ့)


ဆောင်းပါး




နွယ်နေခြည်ထွန်း


# အကောင်းမြင်စိတ်



ကျွန်မတို့ လူသားတွေဟာ ကိစ္စတစ်ခုကို အကောင်းဘက်ကနေတွေးပေးဖို့ အင်မတန် ဝန်လေးတတ်ကြပါတယ်။ ဖြစ်ပ့ါမလား။ လုပ်နိုင်ပ့ါမလားဆိုတဲ့ မေးခွန်းတွေကို အထပ်ထပ်မေးရင်း အခွင့်အရေးတွေကို လက်လွှတ်တတ်ကြတယ်။ အမှန်တော့ အဲဒီမေးခွန်းတွေနေရာမှာ အဆင်ပြေသွားမှာပါဆိုပြီး ကိုယ့်ကိုယ်ကိုယ် အကောင်းမြင်တဲ့စိတ်လေးနဲ့အားပေးသင့်ပါတယ်။ အကောင်းမြင်တယ်ဆိုတဲ့ နေရာမှာ ကိုယ့်ကိုယ်ကိုယ်အားပေးတာရယ်၊ သူများက ကိုယ့်ကို ဝေဖန်တိုက်ခိုက်လာတဲ့အပေါ်မှာ အကောင်းမြင်ပေးတာရယ် ပြီးတော့ လူအများကို ကြည့်တဲ့အခါ အကောင်းမြင်တဲ့စိတ်လေးနဲ့ ကြည့်ပေးတာရယ်ဆိုပြီး ကျွန်မက သုံးမျိုးခွဲချင်ပါတယ်။

ဒါဆို ကိုယ့်ကိုယ်ကိုယ် အကောင်းမြင်စိတ်နဲ့ ကြည့်ပေးဖို့အတွက် ကျွန်မတို့ကိုယ်ကျွန်မတို့ မျက်လုံးထဲမှာ မြင်ကြည့်လိုက်ကြရအောင်။ ပထမဆုံးအနေနဲ့တော့ ခုကျွန်မတို့ ရပ်တည်နေတဲ့ အနေအထားတစ်ခုကနေ စရမှာပါ။ ကိုယ့်ကိုယ်ကိုယ်သူများနဲ့မယှဉ်ရင် မတိုးတက်ဘူးဆိုတဲ့ ဆောင်ပုဒ်လေးတစ်ခု ရှိပါတယ်။ ပြောချင်တာကတော့ သူများတောင်လုပ်နိုင်တာပဲ ကိုယ်ကဘာလို့ မလုပ်နိုင်ရမှာလဲ ဆိုတာမျိုးပါ။ အဲဒီလိုမျိုး သူများနဲ့ ယှဉ်တဲ့နေရာမှာ ကိုယ်မလုပ်နိုင်ဘူးဆိုတာ သေချာရင် ဖယ်လိုက်ပါ။ ကိုယ်ကျတော့ မလုပ်နိုင်ဘူး။ သူများကျတော့ လုပ်နိုင်တယ်ဆိုတဲ့ ဖိစီးမှုမျိုးကို အတတ်နိုင်ဆုံးရှောင်ပါ။ လောကမှာ ကိုယ်လုပ်နိုင်တာတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ကိုယ်လုပ်နိုင်တာတစ်ခုကို ရွေးချယ်ပြီး သူများတွေလို နေရာတစ်ခုရတဲ့အထိ ကြိုးစားလုပ်ကိုင်ပါ။ ဒါဟာ ပထမဆင့် အနေနဲ့ ကိုယ့်ကိုယ်ကိုယ်အားပေးရင်း အကောင်းမြင်ပေးခြင်းပါ။

နောက်တစ်ဆင့်အနေနဲ့ကတော့ ကိုယ်ဝါသနာပါရာကိုပါ။ ကိုယ်ဝါသနာပါရာဆိုတဲ့အတွက် ကိုယ်ဝါသနာပါတာကို သူများတွေ ဝါသနာပါချင်မှပါလိမ့်မယ်။ အဲဒီအတွက်ကြောင့် သူများတွေက ကိုယ့်လိုလုပ်နိုင်ချင်မှ လုပ်နိုင်မယ်ဆိုတာ သေချာပါတယ်။ ဘယ်သူပဲ အားပေးသည်ဖြစ်စေ၊ အားမပေးသည်ဖြစ်စေ၊ ကိုယ့်ကိုယ်ကိုယ်အားပေးရင်း ကြိုးစားကြည့်သင့်ပါတယ်။ အဲဒီလိုကြိုးစားရင်း အောင်မြင်မှုရသွားတဲ့ လူတွေအများကြီးပါ။ အောင်မြင်မှုဆိုတာ အမြင့်ဆုံးမှာမို့ ကျွန်မတို့ အလွယ်တကူလှမ်းယူလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးပေ့ါ။

ကိုယ့်ကိုယ်ကိုယ် အကောင်းမြင်ပေးရတာဟာ အလွယ်ဆုံးလို့ ကျွန်မထင်မိပါတယ်။ ဘာလို့လဲဆိုရင် လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်အားပေးရင်း၊ ချီးကျူးရင်း လူ့ဘဝမှာ နေထိုင်ရပ်တည်နေကြတာပါ။ ကိုယ့်ကိုယ်ကိုယ်နှိမ်တဲ့ လုပ်ရပ်မျိုးတော့ ကျွန်မအားမပေးဘူး။ နှိမ့်ချတာနဲ့ နှိမ်တာ မတူပါဘူး။ ပညာရှိတွေကတော့ ကိုယ့်ကိုယ်ကိုယ် အတတ်နိုင်ဆုံးနှိမ့်ချပြီး စကားပြောဆိုတတ်ကြပါတယ်။ ဦးနှောက်ထဲမှာတော့ ပညာအပြည့်နဲ့ပါ။ နှိမ်တယ်ဆိုတာဟာ ငါက အလကားလူညံ့ပါ၊ သူများတွေလို ဖြစ်လာမှာလည်း မဟုတ်ပါဘူး ဆိုတာမျိုးပါ။ ကိုယ့်ကိုယ်ကိုယ် အဲဒီလို နှိမ်နေပြီဆိုရင် ကိုယ့်ကိုယ်စောင့်နတ်ကတောင် ကိုယ့်ကို ကူညီပေးနိုင်တော့မှာ မဟုတ်ပါဘူး။

လူဟာ စိတ်ဓာတ်ကျပြီး ထိုင်းမှိုင်းနေချိန်မျိုးမှာ ဘာမှမလုပ်ချင် မကိုင်ချင်ဘဲ ဖြစ်နေတတ်ပါတယ်။ အဲဒီအခါ မိမိသာမက မိမိရဲ့ပတ်ဝန်းကျင်ကိုပါ အကျိုးမဲ့စွာ ထိခိုက်စေနိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် အကောင်းမြင်စိတ်လေးနဲ့ အားပေးမယ်ဆိုရင်တော့ ဒီလိုအကျိုးကျေးဇူးတွေ ရရှိစေနိုင်ပါတယ်။ လက်ရှိလုပ်နေတဲ့ လုပ်ငန်းခွင်မှာ အရင်က ထက်ပိုတဲ့ အောင်မြင်မှုတွေ ရရှိမှာ အသေအချာပါ။ စိတ်ဖိစီးမှုတွေ လျော့သွားတာကြောင့် စွမ်းဆောင်ရည်ကိုလည်း မြင့်တက်လာစေသလို ကိုယ့်အဖွဲ့ကိုလည်း ကောင်းစွာဦးဆောင်နိုင်တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာမှာပါ။ ကျွန်မဖော်ပြတဲ့ အကျိုးကျေးဇူးတွေကို သဘောကျတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်အကောင်းမြင်စိတ်နဲ့ ကြည့်ပေးလိုက်ပါ။ စိတ်ဓာတ်ခွန်အားတွေ အများကြီးတိုးတက်လာမယ်လို့ ယုံကြည်မိပါတယ်။

နောက်တစ်ချက်ကတော့ ကိုယ့်ကို ဝေဖန်တိုက်ခိုက်လာမယ့် လူတချို့ကို အကောင်းမြင်တဲ့ ရှုထောင့်ကနေကြည့်ပေးဖို့ပါ။ ဟုတ်ပါတယ်၊ သိပ်ခက်တာပေ့ါ။ ကိုယ့်ကို မကောင်းပြောနေတဲ့လူကို သိရက်နဲ့ အကောင်းမြင်ပေးရမယ်တဲ့လား။ ကျွန်မမှာ အကျင့်လေးတစ်ခု ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်မအကြောင်းကို ကျွန်မက မပြောရသေးဘဲ ကျန်တဲ့လူတွေ သိနေပြီဆိုတဲ့အခါမျိုးကျရင် ပြောမပြတတ်လောက်အောင် ဒေါသထွက်မိတာပါပဲ။ အဲဒီလိုပြောတော့ ကျွန်မရဲ့ ဆရာတစ်ယောက်က ဒီလိုဆုံးမတယ်။ အဲဒီလို အမှိုက်တွေကို အာရုံထဲမထည့်ဘဲ ကိုယ်လုပ်မယ့်အလုပ်ကိုသာ ခေါင်းထဲထည့်ထားပါတဲ့။ ကိုယ့်ရဲ့ ရည်ရွယ်ချက်သာ မှန်နေပါစေ၊ အဲဒီ အမှိုက်တွေက သူ့အလိုလို ကိုယ့်အာရုံထဲကနေ ပျောက်သွားလိမ့်မယ်တဲ့လေ။ ဟုတ်တယ်။ အမှန်တော့ ကျွန်မတို့ဟာ တစ်နေ့တာမှာ အဲဒီအမှိုက်တွေကို အသွင်းအထုတ်လုပ်ပြီး စိတ်ပင်ပန်းခံကြတယ်။ အထူးသဖြင့် သူများအကြောင်းတွေ ခေါင်းထဲရောက်လာလိုက်၊ ကိုယ့်အကြောင်းကို သူများတွေပြောနေတယ်ဆိုတာကို ခေါင်းထဲထည့်ထားလိုက်နဲ့ပေ့ါ။ လူဆိုတာ ပတ်ဝန်းကျင်နဲ့ နေရတယ်ဆိုပြီး ပတ်ဝန်းကျင်ကပေးသမျှ အမှိုက်တွေကို ကျွန်မတို့ခေါင်းထဲ လိုလိုချင်ချင်နဲ့ အထည့်ခံတတ်ကြတယ်။

ဒီတော့ ကျွန်မတို့ အဲဒီအမှိုက်တွေ ခေါင်းထဲဝင်မလာအောင် ဘယ်လိုနေကြမလဲဆိုတာလေး စဉ်းစားကြည့်ရအောင်။ ကိုယ်ကောင်းတယ်၊ မကောင်းဘူးဆိုတာ ကိုယ်သာအသိဆုံးပါ။ ကိုယ်က ဘယ်သူ့ကို စေတနာထားတယ်။ ဘယ်သူ့အတွက် လုပ်ပေးနေတယ်ဆိုတာကိုလည်း ကိုယ့်ရဲ့ ကိုယ်စောင့်နတ်က အသိဆုံးပါ။ ကျွန်မတို့ ရပ်တည်နေတဲ့ လူ့လောကမှာ တစ်ခါတလေကျရင် စေတနာကို ဝေဒနာဖြစ်အောင် စော်ကားခံလိုက်ရတာမျိုးတွေ ကြုံတွေ့ရတတ်ပါတယ်။ လိုရင်တစ်မျိုး မလိုရင်တစ်မျိုး ဆက်ဆံတတ်တဲ့ လူတွေကြောင့်လည်း မမျှော်လင့်တာတွေ ဖြစ်လာတဲ့အခါမျိုးမှာ ကိုယ့်ရဲ့ ဒေါသစိတ်ဟာ လှိုင်းရိုက်သလို လှုပ်ခတ်သွားတတ်ပါသေးတယ်။ တကယ်တော့ အကောင်းမြင်စိတ်ဆိုတာ သည်းခံတာကို ပြောတာမဟုတ်ပါဘူး။ သည်းခံတယ်ဆိုတာ ကိုယ့်ရဲ့ကိုယ်ပိုင်စိတ်တစ်ခုတည်းနဲ့ဆိုင်ပါတယ်။ အကောင်းမြင်ပေးတယ်ဆိုတာကတော့ ကိုယ်ရှင်သန်ရာ ပတ်ဝန်းကျင်တစ်ခုလုံးနဲ့ သက်ဆိုင်ပါတယ်။

ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ဆိုတဲ့ စကားပုံကို အားလုံးကြားဖူးကြမှာပါ။ ကိုယ့်ရဲ့ ဒေါသစိတ်ကြောင့် ဘာကိုမှ ဂရုမစိုက်ဘဲ တုံ့ပြန်လိုက်မယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်ကိုပါ အဆိုးရွားဆုံး ထိခိုက်သွားစေနိုင်ပါတယ်။ ပြီးတော့ ကိုယ့်ရဲ့အဆင့်အတန်းကို ကိုယ်တိုင်က ဆွဲချလိုက်သလို ဖြစ်သွားစေပါတယ်။ သူများကို မကောင်းပြောတာ၊ သူများအကြောင်းကို စကားလုပ်ပြီး ပြောတာ အဲဒါတွေကို ဘာသာတိုင်းမှာ တားမြစ်ထားပါတယ်။ သူများအတင်းပြောတဲ့ လူတွေဟာ သူတို့စိတ်ထဲမှာ မနာလိုတဲ့စိတ်၊ အပုပ်ချလိုတဲ့စိတ်ကြောင့်သာ နောက်ကွယ်မှာ ပြောတတ်ကြတာပါ။ သူတို့ကိုယ်တိုင်ဟာ အဲဒီစိတ်တွေကြောင့် ပူလောင်နေတယ်ဆိုတာကိုတော့ သူတို့ကိုယ်တိုင် သတိမထားမိကြပါဘူး။ ဒီတော့ အဲဒါကို တုံ့ပြန်လိုက်မယ်ဆိုရင် ကျွန်မတို့ဟာ သူတို့နဲ့အတူတူဖြစ်သွားပါလိမ့်မယ်။ သူများကို ပုတ်ခတ်ပြောဆိုတာတွေဟာ စိတ်ဓာတ်အောက်တန်းကျတဲ့လူတွေ၊ သူများအောင်မြင်မှုကို မုဒိတာမပွားနိုင်တဲ့လူတွေသာ လုပ်ကြတာပါ။ ကျွန်မတို့က သူတို့အကြောင်းကို သူတို့ပြောသလို ပြောကြည့်ပါလား။ ဆွေ့ဆွေ့ခုန်ပြီး နာကြဦးမှာပါ။

အဲဒီလိုတွေးပြီး သူများက ကိုယ့်အကြောင်း ပြောနေတယ်ဆိုတာကို သိရင်တောင် မသိချင်ယောင်ဆောင်နေလိုက်ပါ။ တချို့လူတွေရဲ့ ဝသီကိုက သူများအကြောင်းကိုပြောလိုက်ရမှ စားဝင်အိပ်ပျော်ကြသူတွေပါ။ ကိုယ်မှန်နေရင်၊ ကိုယ့်ဘက်က လိပ်ပြာလုံနေရင် အနေသာကြီးပါ။ သူတို့ ပူလောင်သလောက် ကိုယ်ကလည်း အေးအေးချမ်းချမ်းလေးသာ နေပြလိုက်ပါ။ ပုံမှန်ဆက်ဆံတယ်။ စကားပြောတယ်။ ကူညီတယ်။ အဲဒါတွေကို မြင်လေလေ သူပြောခဲ့တာတွေအတွက် ရှက်လေလေဖြစ်နေမှာပါ။ ဒါသူတို့ကို အကောင်းမြင်ပေးခြင်းနဲ့အတူ ရလိုက်တဲ့ ကိုယ့်ရဲ့ အနိုင်ပဲပေ့ါ။

နောက်ဆုံးတစ်ချက်ဖြစ်တဲ့ ကိုယ်က လူအများကို ကြည့်တဲ့အခါ အကောင်းမြင်ပြီး ကြည့်ပေးဖို့ပါ။ ဒါကတော့ သူများကို အတင်းပြောဖို့လောက်ပဲ ရှာနေတတ်သူတွေအတွက်ဆိုရင်တော့ ခက်ခဲပါလိမ့်မယ်။ စာရိတ္တမကောင်းတဲ့ လူတစ်ယောက်ကို အကောင်းမြင်စိတ်နဲ့ ကြည့်ခိုင်းတာမျိုး မဟုတ်ပါဘူး။ ကျွန်မတို့ လူတွေအားလုံးဟာ ကိုယ့်သမိုင်းကိုယ်ရေးကြရတာပါ။ သမိုင်းအရေးကောင်းတဲ့ လူတချို့ကတော့ လူအများရဲ့ ဂုဏ်ယူဝမ်းမြောက်ခြင်းတွေနဲ့အတူ နေရာတိုင်းမှာ ဖော်ပြခြင်းခံရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အချိန်တွေရင်းပြီး ကိုယ့်သမိုင်းကိုယ်ရေးနေကြတဲ့ လူအချင်းချင်း ဘာလို့များ သူများကို မကောင်းမြင်စိတ်နဲ့ ပုတ်ခတ်ချင်ရတယ်ဆိုတာ ကျွန်မနားမလည်ပါဘူး။ အဲဒီအတွေး တွေးပြီးတဲ့နောက်ပိုင်း လူတစ်ယောက်ကို ကျွန်မ အထင်တစ်ခုတည်းနဲ့ ဘယ်တော့မှ မကြည့်ဖြစ်တော့ဘူး။

တစ်နေ့က တီဗွီမှာလာတဲ့ ဇာတ်လမ်းတိုလေးတစ်ခု ကြည့်လိုက်ရတယ်။ တွေးလို့ကောင်းတဲ့ ဗီဒီယိုလေးပေ့ါ။ ကျွန်မတော့ အဲဒီဗီဒီယိုလေးဟာ လူတစ်ယောက်က လူတစ်ယောက်အပေါ် အကောင်းမြင်ပေးမှုတစ်ခုပဲလို့ မြင်မိတယ်။ ဗီဒီယိုထဲမှာ တောင်းစားနေတဲ့ လူတစ်ယောက်ဟာ ဆိုင်တစ်ဆိုင်ရဲ့ရှေ့မှာ အမြဲတမ်းလာအိပ်တတ်တယ်။ အဲဒီလို လာအိပ်တာကို ဆိုင်ရှင်ဖြစ်သူက မကြိုက်ဘူး။ မကြိုက်တော့ သူ့ဆိုင်တံခါးဖွင့်လိုက်တိုင်း သူ့ဆိုင်ရှေ့မှာ အိပ်နေတတ်တဲ့ အဲဒီလူကို ရေနဲ့လောင်းပြီး မောင်းထုတ်လိုက်၊ အော်ထုတ်လိုက်၊ ကန်ထုတ်လိုက် အမျိုးမျိုးလုပ်တာပေ့ါ။ တစ်နေ့ကျတော့ သူမောင်းထုတ်နေကျ အဲဒီလူကို ဆိုင်ဖွင့်တဲ့ရက်တိုင်း မတွေ့ရတော့ဘူးလေ။ မတွေ့ရပြန်တော့လည်း ဆိုင်ရှင်ဟာ တစ်ခုခုလိုနေသလို ခံစားရပြန်ရောပေ့ါ။ ဒီလိုနဲ့ မတွေ့တာတစ်ပတ်ကြာတဲ့ အချိန်လောက်မှာတော့ ဆိုင်ရှင်ဟာ သူ့ဆိုင်ရှေ့မှာရှိတဲ့ စီစီတီဗွီရဲ့ မှတ်တမ်းကို ဖွင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

စီစီတီဗွီမှတ်တမ်းမှာ သူဆိုင်ပိတ်ပြီး ပြန်သွားတဲ့ အချိန်လောက်ဆိုရင် သူမောင်းထုတ်နေကျလူဟာ သူ့ဆိုင်ရှေ့က အမှိုက်တွေကို ရှင်းပေးတယ်။ ဆိုင်တံခါးမှာ ညစ်ညစ်ပတ်ပတ်တွေလုပ်ဖို့ လာတဲ့လူတွေကို မောင်းထုတ်ပေးတယ်။ အရက်မူးပြီး ကျင်ငယ်လာစွန့်တဲ့ လူတွေကိုလည်း ဖယ်ထုတ်ပေးတယ်။ ပြီးတော့မှ ဆိုင်ရှေ့မှာ အဲဒီလူ အိပ်ပျော်သွားတတ်တယ်။ ဒီလိုနဲ့ ကြည့်လာလိုက်ရင်း တစ်ညမှာတော့ ဆိုင်ကို ဖောက်ထွင်းဖို့အတွက် သူခိုးနှစ်ယောက် ရောက်လာပါလေရော။ ထုံးစံအတိုင်း အဲဒီလူကတော့ သူမောင်းထုတ်နေကျအတိုင်း မောင်းထုတ်တာပေ့ါ။ ဒါပေမယ့် သူမောင်းထုတ်တဲ့ သူခိုးတွေဟာ သူတို့ကို အဲဒီလို တွန်းထုတ်ရမလားဆိုပြီး ဓားနဲ့ထိုးသွားပါတော့တယ်။

အဲဒီမြင်ကွင်းကို ကြည့်နေတဲ့ဆိုင်ရှင်ရဲ့မျက်လုံးအိမ်ထဲက မျက်ရည်တွေဟာ အပြင်ကိုလျှံထွက်ပြီဆင်းလာခဲ့ပါတယ်။ သူဟာ လူတစ်ယောက်ကို အပေါ်ယံကြည့် ဆုံးဖြတ်ပြီး အမြဲတမ်း မကောင်းတဲ့အမြင်နဲ့ပဲ မြင်နေခဲ့တယ်။

ဒါပေမယ့် သူမကောင်းမြင်နေတဲ့ လူကတော့ သူ့အပေါ် ဘယ်တော့မှ မေတ္တာမပျက်ဘဲ အကောင်းမြင်စိတ်နဲ့ သေတဲ့အထိ နားလည်ပေးသွားခဲ့တယ်။ ဒီဇာတ်လမ်းတိုလေးကိုကြည့်ပြီး မကောင်းတဲ့အမြင်ဆိုတာ အပေါ်ယံကြည့်လိုက်တဲ့ အမြင်တစ်ခုက လာတယ်ဆိုပြီး ကျွန်မ သဘောပေါက်လိုက်တယ်။ အလကားပါကွာလို့ ကျွန်မတို့ သတ်မှတ်ထားတဲ့ လူတစ်ယောက်ဟာ တစ်ချိန်ချိန်မှာ ကမ္ဘာကျော်မသွားနိုင်ဘူးလို့ ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး။သူလည်း ကြိုးစားနေတာပဲလေ၊ အချိန်တန်ရင် တစ်ခုခုတော့ဖြစ်လာမှာပါဆိုတဲ့ စကားဟာ လူတစ်ယောက်အတွက် စွမ်းအားတစ်ခုရသွားစေပါတယ်။ အဲဒီလိုပြောနိုင်ဖို့အတွက် ကျွန်မတို့ဟာ သူ့အပေါ်ထားတဲ့ မကောင်းမြင်စိတ်၊ နှိမ်တဲ့အတွေးတွေကို လျစ်လျူရှုထားနိုင်ရပါမယ်။

နောက်တစ်ခုက သူ့အခက်အခဲ၊ ကိုယ့်အခက်အခဲဆိုတာ ရှိတတ်စမြဲမို့ မလွဲသာတဲ့ အခြေအနေတစ်ခု ရောက်လာတဲ့အခါ မလုပ်သင့်မှန်းသိရက်နဲ့လည်း အမှားတစ်ခုကို ကျူးလွန်သွားတတ်ကြပါတယ်။ လူတိုင်းကို မဆိုလိုပါဘူး။ ကျွန်မတို့ စိတ်ညစ်တဲ့အခါတိုင်း စိတ်ထွက်ပေါက်ဟာ သေခြင်းတရားမဟုတ်တာကြောင့် ဘဝကို ဆက်လက်ရုန်းကန်ဖို့အတွက် မှားမှန်းသိရက်နဲ့ ကျူးလွန်မိလိုက်တဲ့ အမှားမျိုး တချို့လူတွေမှာရှိကြမှာပါ။ ပြောချင်တာကတော့ အဲဒီအမှားကို အားနည်းချက်တစ်ခုအနေနဲ့ကိုင်စွဲပြီး ကိစ္စတိုင်းမှာလိုက်မရောဖို့ပါ။ လူတစ်ယောက်ကို မကောင်းမြင်စိတ်နဲ့ ကြည့်ဖို့ သိပ်လွယ်ပါတယ်။ အတွင်းကျကျ ဘာမှမသိတာတောင် မျက်နှာမှာ ဝက်ခြံတွေ ချည်းပဲ။ ပိန်သွားလိုက်တာ။ ဝလာလိုက်တာ။ တုံးလိုက်တာ။ အဲဒီလိုတွေတောင် ပြောတတ်ကြပါသေးတယ်။

ခုနောက်ပိုင်း ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက်တွေ့လို့ နှုတ်ဆက်တဲ့အခါ သမားရိုးကျဖြစ်တဲ့ နေကောင်းလားဆိုတဲ့ မေးခွန်းနေရာမှာ ကွာရှင်းမှုတွေ၊ အပြစ်တင်မှုတွေ၊ ကဲ့ရဲ့မှုတွေ၊ နှိမ်တာတွေဟာ အစားထိုးဝင်ရောက်လာခဲ့ပါပြီ။ ရန်ပွဲတွေဖြစ်တယ်၊ လူသတ်မှုတွေဖြစ်တယ်၊ ကိုယ့်ဆွေမျိုး အရင်းကြီးတွေတောင် ရန်သူဖြစ်သွားကြတယ်။ အဲဒါတွေဟာ မုဒိတာမပွားပေးနိုင်ကြလို့၊ နားလည်မှုတစ်ခု မပေးနိုင်ကြလို့၊ အကောင်းမြင်မပေးနိုင်ကြလို့ မဟုတ်ဘူးလား။ အားလုံး မသေခင်ဝဋ်လည်နေကြတဲ့ ခေတ်ကြီးမှာ သူ့ကုသိုလ်နဲ့သူ၊ သူ့အကုသိုလ်နဲ့သူ ခံစားသွားရဖို့ သိပ်ကို သေချာသွားပါပြီ။ ပြဿနာဖြစ်တုန်းခဏ မခံမရပ်နိုင်ဖြစ်မယ်၊ သည်းမခံနိုင်ဖြစ်မယ်။ ဖြစ်ခွင့်ရှိပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးလိုက်ဖို့ ဆွဲဆောင်နေတဲ့ စိတ်တချို့ကိုတော့ ကိုယ်ကအောင်နိုင်ရလိမ့်မယ်။

လူအမျိုးမျိုး စိတ်အထွေထွေဆိုတာ ရှိကြတာပဲလေ။ အဲဒီစိတ်တွေ အများကြီးထဲမှာမှ အရာရာကို အကောင်းဘက်က တွေးပေးတဲ့ စိတ်တစ်ခုသာ လက်ကိုင်ထားရင် အဆင်ပြေနေပါပြီ။ လူတိုင်း အငြိုးအတေး အာဃာတတွေ ကင်းစင်ပြီး အေးချမ်းပျော်ရွှင်တဲ့ ဘဝလေးတွေကို အကောင်းမြင်စိတ်လေး မွေးပြီး ပိုင်ဆိုင်နိုင်ကြပါစေ။ ။


မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဟာသ

## မယားမြို့သူ

### မင်းညာ

မယားတောသူ ဆိုတဲ့ ဆိုရိုးစကားလေးက တခြားသောသူတွေအတွက် မှန်ကောင်းမှန်နေကြလိမ့်မယ် ဖြစ်ပေမယ့် ကျုပ်အတွက်ကတော့ မယားမြို့သူဆိုတဲ့ စကားကမှ ပိုမှန်လိမ့်မယ် ထင်ပါတယ်။ တကယ်လည်း အခုမှ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် လက်ထပ်ထားတဲ့ ရန်ကုန်သူစစ်စစ် အသစ်စက်စက် ကျုပ် ဇနီးချောလေး ကျုပ်အပေါ်ကို သိတတ်ရိုသေလိုက်ပုံက ရှေးလူကြီးတွေရဲ့ စကားငှားပြောရရင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလို။

ငါးခြောက်လို့ ပြောလိုက်တာနဲ့ ဖုတ်ပြီး ဆီဆမ်းပြီး အဆင်သင့်။ မိန်းမရေလို့ ခေါ်လိုက်တာနဲ့ လက်ထဲမှာ ရေတစ်ဖန်ခွက် ပါလာပြီးသား။ အဲဒီတော့ ခင်ဗျားတို့ပဲ စဉ်းစားကြည့်လေ လင်ယောကျ်ားအပေါ်ကို ဒီလောက်သိတတ်လိမ္မာတဲ့ ဒီဇနီးချောလေးအတွက်နဲ့ ကျုပ်အပေါင်းအသင်း ကျုပ်သူငယ်ချင်းမိတ်ဆွေတွေရဲ့ ကြားထဲမှာ ကျုပ် ဘယ်လောက်အထိ ဂုဏ်တက်နေရသလဲ ဆိုတာကို။

အခုလည်းကြည့်။ အလုပ်နားရက်လေးမှာ အုန်းထမင်းနဲ့ ကြက်သားဟင်းလေးစားချင်လိုက်တာ မိန်းမရာလို့ ညက အမှတ်မထင်လေး ပြောလိုက်မိပါတယ်။ မနက်အစောကြီးထ ဈေးကိုအပြေးအလွှားသွားဝယ်ပြီး ချက်ပြုတ်နေပါရော့လား။ ဟော ပြောရင်းဆိုရင်း ကျုပ်နှာခေါင်းထဲမှာ အုန်းနို့နံ့လေးတောင်မှ သင်းလာနေပြီဗျ။

မိန်းမရေ ကျက်ပြီးလားဟ။ ဒီမှာ ဗိုက်ဆာလှပြီကွ၊ ကျက်တော့မယ် ယောကျ်ားရေ၊ ခဏလေးစောင့် ဟဲဟဲ . . .။ လက်ဖက်ကောင်းစားချင်တော့လည်း ပလောင်တောင်တက် နေ့းရမှာပေ့ါဗျာ။ မဟုတ်ဘူးလား။ ဒါပေမယ့်ဗျာ ကျုပ် ဇနီးလေးက ကျုပ်အပေါ်ကို သိတတ်လွန်းနေခဲ့တယ်ဗျာ။ ထမင်းတွေဟင်းတွေ မကျက်သေးခင်မှာ ကျုပ်အဆာလည်းပြေအောင် အာဟာရလည်းဖြစ်အောင် ဆိုပြီး ထမင်းရည်တစ်ပန်းကန်လုံး လာပို့သွားလေရဲ့။ အဲနည်းနည်းလောက် ထပ်ကြွားရရင် ကျုပ် ဇနီးချောလေးက စီးတဲ့ရေ ဆယ်တဲ့ကန်သင်းဆိုသလို အဲဒီလိုလည်း ထိန်းသိမ်းတတ်သေးဗျ။ အဲ ဒါပေမယ့် ကျုပ်မစဉ်းစားတတ်တာက ဒီနေ့အိမ်မှာ အုန်းထမင်းချက်တာဆိုတော့ ဒီထမင်းရည်က ဘယ်ကနေ ဘယ်လို ရောက်လာသလဲ ဆိုတာကိုပဲ။ ဒါနဲ့ ကျုပ်လည်း သိချင်စိတ်ကို မထိန်းနိုင်တော့တဲ့ အဆုံး . . .။

"မိန်းမရေ ဒီထမင်းရည်က ဘယ်ကရလဲကွ"လို့ လှမ်းမေးလိုက်မိတယ်။ ကျုပ်မေးလိုက်တဲ့ မေးခွန်းအဆုံးမှာ ကျုပ်ရဲ့ အသစ်စက်စက် ဇနီးမြို့သူလေး ပြန်ဖြေလိုက်တဲ့ စကားကြောင့်တော့ဖြင့် ကျုပ်လေ ကိုယ့်နဖူးကို ကိုယ်ကိုယ်တိုင်ပဲ ခပ်နာနာလေး ပိတ်ရိုက်ပစ်လိုက်မိတော့တယ်ဗျာ။ ဘာဖြစ်လို့လဲ ဟုတ်လား။ သူ့အဖြေကို အောက်မှာ ဆက်ဖတ်ကြည့်လိုက်လေ။

"ဩော် ယောကျ်ားရယ် ဘယ်ကရရမတုန်း၊ အုန်းထမင်းချက်တုန်းက ငှဲ့ထားတာပေ့ါ။ မယုံရင် သောက်ကြည့်လိုက်ပါလား၊ ထမင်းရည်မှ အုန်းနို့နံ့လေးကို မွှေးနေတာ"ဆိုပဲ။ ။

ဆောင်းပါး

## အမုန်းတရားတွေကို လှည်းကျင်းပစ်လိုက်ရင်ဖြင့်

### သစ်ဝေခ

ဦးစွာ ဆရာမြသန်းတင့်ရဲ့ စကားအချို့ကို ကိုးကားလိုပါတယ်။ စကားလို့ဆိုပေမယ့် ဆရာမြသန်းတင့် ရေးခဲ့သော "ဦးလှ လျှောက်ခဲ့သောလမ်း"က လို့ဆိုလျှင် ပိုသင့်တော်မယ် ထင်ပါတယ်။

"ကျွန်တော်သည် လူတစ်ယောက်ကို ကြည့်မြင်ရာတွင် ၇၀/၃၀ စံချိန်ဖြင့် ကြည့်ပါသည်။ လူတစ်ယောက် ၇၀ ရာခိုင်နှုန်းကောင်းပြီး ၃၀ ရာခိုင်နှုန်းဆိုးလျှင် ထိုလူသည် လူကောင်း။ လောကတွင် ပြည့်စုံသူဟူ၍ မရှိပါ"။

ကျွန်တော်တို့တွေ လူတစ်ယောက်ကို ကြည့်မြင်တဲ့အခါ ဘယ်လိုကြည့်ကြသလဲ။ ၃၀ ရာခိုင်နှုန်း မကောင်းတော့တာနဲ့ လူဆိုးလို့ သတ်မှတ်လိုက်ကြတာလား။ ၇၀ ရာခိုင်နှုန်း ကောင်းကွက်များကို ရာခိုင်နှုန်းအနည်းငယ်က ဖုံးလွှမ်းပြီး ကျွန်တော်တို့အမြင်တွေ ဝေဝါးသွားကြသည်လား။ အမြင်ဝေဝါးမှုတွေက ကျွန်တော်တို့ဖြစ်စမြဲပေ့ါ။ အပေါ်ယံအမြင်နဲ့၊ လုပ်ရပ်တစ်ခုနဲ့၊ ချို့ယွင်းချက်တစ်ခုနဲ့၊ အားနည်းချက်တစ်ခုနဲ့ စသည်စသည်ဖြင့် ကျွန်တော်တို့တွေ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အမြင်ချွတ်ချော်တိမ်းပါးမှုတွေ ရှိခဲ့ကြကောင်းပါတယ်။ ရှိခဲ့ကြမှာ မမှား၊ ကျွန်တော့်မှာရော၊ စာဖတ်သူမှာရော. . .။

ဆရာ ဦးအောင်သင်းဟု ဆိုလိုက်လျှင်လည်း မသိသူမရှိသလောက်ပါပဲ။ စာပေလူကြမ်းမင်းသားအဖြစ် သမုတ်ခြင်းခံခဲ့ရသူ၊ လူငယ်ရေးရာဆောင်းပါးများ၊ ဝတ္ထုရေးရာဆောင်းပါးများ၊ စာပေရေးရာဆောင်းပါးများ စသည်စသည်ဖြင့် ဆရာ ရေးသွားသည့် စာအုပ်တွေက များမှများပါပဲ။ ဆရာဦးအောင်သင်းက အရာရာမှာ တန်ဖိုးသုံးခုရှိသည်ဟု ဆိုဖူးပါတယ်။

(၁) ပကတိတန်ဖိုး

(၂) အသုံးဝင်မှုတန်ဖိုး

(၃) အသုံးချမှုတန်ဖိုး တဲ့ခင်ဗျ။ ဒီအကြောင်းကလေးကို လူပြောများပါတယ်။ မှတ်မိကြပါတယ်။ မှတ်မိလွယ်ပါတယ်။

ကျောက်ခဲကလေးတစ်လုံးမှာ ပကတိတန်ဖိုး ကျောက်ခဲဆိုတဲ့ အရည်အသွေးရှိနေမှာပါပဲ။ အဲဒီကျောက်ကလေးက ဘာလုပ်လို့ရတာလဲဆိုတဲ့ အသုံးဝင်မှုတန်ဖိုးဆိုတာ သူ့မှာရှိပြီးသားပါပဲ။ လမ်းခင်း မလား၊ အလှဆင်မလား၊ ခွဲခြားပြီး အသုံးချလိုက်တာနဲ့ ကျောက်ခဲကလေးမှာ အသုံးချမှုတန်ဖိုးဆိုတာ ရှိသွားရပြန်ပါပြီ။ ကျွန်တော်တို့လူတွေမှာလည်း အဲဒီလိုပဲပေ့ါ။ လူတစ်ယောက်မှာ အဖျင်းဆုံးတော့ ပကတိတန်ဖိုးရှိပြီးသား၊ အသုံးဝင်အောင်၊ ကိုယ့်ကိုယ်ကိုယ် အသုံးချပြီး တစ်ဆင့်မြင့်အောင် ဆောင်ရွက်ကြရမှာတော့ လူရဲ့တာဝန်ပေ့ါ။ ဆောင်ရွက်ရန်ပေ့ါ။ ကျွန်တော်တို့တွေ တစ်ဦးနဲ့တစ်ဦး ကြည့်မြင်တဲ့အခါ ပကတိတန်ဖိုးဆိုတဲ့အရာ လူတိုင်းမှာ ရှိပါတယ်ဆိုတာ မြင်တတ်ဖို့လိုပါတယ်။ သိသိရက်နဲ့ မကြည့်တတ်တော့ ကျွန်တော်တို့တွေ အဝိဇ္ဇာတွေ ဖုံးလွှမ်းနေခဲ့ကြတာပါပဲ။ မျက်လုံးအိမ်များက ကျဉ်းမြောင်းနေလို့ မဟုတ်ဘဲ ကျွန်တော်တို့ အတွေးတွေက ကျဉ်းမြောင်းနေခဲ့လို့သာ. . .။

ဓမ္မပဒမှာ "အမုန်းက အမုန်းကို မပယ်နိုင်၊ မေတ္တာနှင့်သာလျှင် အမုန်းကိုပယ်နိုင်၏"လို့ လာပါတယ်။ အမုန်းကို အမုန်းနဲ့တိုက်ရင်၊ တုံ့ပြန်ရင် အမုန်းတွေပဲ ပွားလာရပါလိမ့်မယ်။ ဒီနေရာမှာ ငရုတ်သီးစပ်လို့ ရေနွေးကြမ်းနဲ့ ဖြေသလို လုပ်လို့မရ၊ အပူကို အပူနဲ့ဖြေလို့ မရဘူးဆိုတဲ့ သဘောပါပဲ။

အမုန်းတရားအကြောင်းကို ချက်သမ္မတကြီးဖြစ်ခဲ့တဲ့ ပြဇာတ်ဆရာ ဟာဗယ်ရဲ့ "The Anatomy of Hate" ထဲမှာ ပြောထားတာလေးရှိပါတယ်။

"မုန်းသူတို့ရဲ့ အတွင်းစိတ်ထဲမှာ သူတို့သာပဲ အမှန်ကို သိတယ်ဆိုတဲ့ခံစားမှုမျိုး ကိန်းနေတယ်။ ကိုယ့်ကိုယ်ကိုယ် စူပါလူသားတွေလိုလို၊ အင်း. . ဘုရားသခင်လိုလိုတောင် ထင်ချင်ထင်နေတာ"

သမ္မတကြီးဟာဗယ်ရဲ့ ပြောစကားအချို့မှကောက်နုတ်ထားမိတာလေးပါ။ လူတို့ရဲ့ အမုန်းဟာ ကြောက်ဖို့ကောင်းလှချည်ရဲ့။ တစ်နည်းပြောရရင် လူဟာ မိမိကိုယ်ကို အထင်ကြီးတတ်တဲ့စိတ်ထက် အတ္တစိတ်တွေ လွန်ကဲလာတဲ့အခါ မျက်လုံးအိမ်တွေ ကျဉ်းမြောင်း၊ နှလုံးသားတွေ ကျဉ်းမြောင်း၊ တွေးခေါ်မြော်မြင်မှုတွေ ပိန်လှီ၊ အဆင်အခြင်တွေကင်းမဲ့ ဖြစ်လာတတ်ကြပါတယ်။ "ငါသာလျှင်တော်၊ ငါလူမော်" ဖြစ်လာတတ်ကြတာ ဓမ္မတာ။

လူတစ်ဦးကို ၇၀/၃၀ လည်း မကြည့်တတ်တော့၊ တန်ဖိုးသုံးခု ရှိတယ်ဆိုတာလည်း ဂရုမပြုမိတော့၊ အမုန်းတွေက ပိုများလာတဲ့အခါမှာပေ့ါ။ ကြောက်စရာကောင်းလိုက်တာ. . .။

"မုန်းစရာကတော့ ကျွန်တော်သည် သိပ်စဉ်းစားတတ်သူမဟုတ်။ ဘာကြောင့် မုန်းရမှာလဲ၊ မကြိုက်သည်နှင့် မုန်းရမည်ဆိုသည်ကို ကျွန်တော် နားမလည်။ မကြိုက်ခြင်းသည် မိမိနှင့် သဘောချင်းမတိုက်ဆိုင်ဟုသာ နားလည်လိုက်သည်။ သဘောချင်းမတိုက်ဆိုင်တာ ဘာဆန်းလဲ။ သဘောချင်းတိုက်ဆိုင်ရန် မလို။ တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မည်။ အယူအဆမတူသည်နှင့် ကျွန်တော်မည်သူ့ကိုမျှ မမုန်း။ မုန်းစရာမဟုတ်ဟု တွက်ထားသည်။ ထို့ကြောင့် ကျွန်တော့်မှာ မုန်းသူမရှိဟု ပြောလိုက်သောအခါ တချို့က နားမလည်။ ငယ်ရွယ်သူများသည် ရန်သူဟူသောစကားကို ပြောတတ်ကြသည်။ မိမိနှင့် အယူအဆမတူရုံဖြင့် ရန်သူဖြစ်ရမည်လား။ မဖြစ်နိုင်ပေ။ အယူအဆမတူလျှင် ရန်သူမဟုတ်။ လူအမျိုးမျိုး စိတ်အထွေထွေဟု ကျွန်တော်တို့ ပြောတတ်ကြသည်။ မတူခြင်းကြောင့် မတူသူကို ကျွန်တော်က ရန်သူဟုသဘောမထား။ မည်သူ့ကို ရန်သူဟုခေါ်ရမည်လဲ။ ထို့ကြောင့် ကျွန်တော်က ရန်သူမရှိဟု ပြောလိုက်သောအခါ ရန်သူဟု လွယ်လွယ်ပြောတတ်သူတို့က သိပ်လက်မခံချင်ကြ။ ဤသို့ လက်မခံခြင်းကို ကျွန်တော် နားလည်သည်"။

အထက်ပါအကြောင်းအရာမှာ ဆရာဒဂုန်တာရာ၏ ပြောစကားများဖြစ်ပါသည်။ ထို့ထက် ဆရာဒဂုန်တာရာက "ရန်သူမရှိ မိတ်ဆွေသာရှိ" ဟုလည်း ဆိုခဲ့ပါသည်။ ကျွန်တော်တို့၏ လူအမျိုးမျိုးစိတ်အထွေထွေမှာ လူသားတို့ မွေးဖွားပုံခြင်း၊ ရှင်သန်ပုံခြင်း၊ တည်ဆောက်ပုံခြင်း၊ လှုပ်ရှားပုံခြင်း မတူညီကြပေ။ ကိုယ့်အကြိုက်စရိုက်ဘာသာ နေခဲ့ကြသည့် လူတွေပဲဖြစ်ပါသည်။ ဆရာဒဂုန်တာရာက ပြတ်ပါသည်။ မုန်းသူလည်းမရှိ၊ ရန်သူလည်းမရှိ၊ ဘာကြောင့် မုန်းရမှာတုန်း၊ ဘာကြောင့် ရန်သူရှိရမှာတုန်း၊ ဘာကြောင့်. . . . ဘာကြောင့်။

ကျွန်တော့်အနေနှင့်ကြတော့ရော. . .။ အမုန်းတွေ မရှိပေဘူးလား။ ရှိခဲ့ပါတယ်။ အခုခါမှာ ပြန်စဉ်းစားကြည့်တော့ ရှိခဲ့သောအရာမှာ အမုန်းမဟုတ်၊ ဆရာဒဂုန်တာရာ ပြောသလို အကြိုက်ချင်းမတူခြင်း၊ အယူအဆခြင်း မတူညီခြင်းပါပဲ။

လူလူချင်းကြည့်တဲ့အခါ အဝိဇ္ဇာဖုံးနေတဲ့ မျက်လုံးအိမ်တွေ၊ အတွေးအခေါ်ခေါင်းပါးနေတဲ့ ဦးနှောက်တွေနဲ့ ရှင်သန်နေခဲ့ကြတာတွေကို ကျွန်တော်တို့တွေ ဖယ်နိုင်အောင် ကြိုးစားကြရမည်ပေ့ါ။ ၇၀/၃၀ ကျွန်တော်တို့ ကြည့်၊ တန်ဖိုးသုံးခုနဲ့ မြင်၊ အကြိုက်ချင်းမတူတာနဲ့ အမုန်းတရားလို့မမှတ်ဘဲ နေကြရအောင်ပါ။ အရသာကောင်းတဲ့ ဟင်းတွေက စုံလင်လှပါတယ်။ သို့သော် သူ့အကြိုက် ကိုယ့်အကြိုက်ကား ကွဲပြားကြစမြဲ။

အမုန်းကို အမုန်းနဲ့ ဖြေရှင်းနေသမျှကာလပတ်လုံး၊ အတ္တတွေဖုံးနေသမျှကာလပတ်လုံး ကျွန်တော်တို့တွေ နိုင်သလိုနဲ့ ရှုံးနေကြရဦးမှာပါ။ ကျွန်တော်ဖြင့် အမုန်းတွေကို သိပ်မကြိုက်ဘူးဗျာ။ အင်းလေ. . . သူ့ခြေလှမ်း၊ ကိုယ့်ခြေလှမ်းတွေနဲ့. . ။ တက်နင်းမိကြတုန်းအခိုက်ပေ့ါ။ နောက်ဆုံးတော့ တစ်လမ်းထဲကို လမ်းမျိုးစုံက လှမ်းနေခဲ့ကြတာ. . ။ ။

လူတို့ရဲ့အမုန်းဟာ ကြောက်ဖို့ကောင်းလှချည်ရဲ့။ တစ်နည်းပြောရရင် လူဟာ မိမိကိုယ်ကို အထင်ကြီးတတ်တဲ့စိတ်ထက် အတ္တစိတ်တွေ လွန်ကဲလာတဲ့အခါ မျက်လုံးအိမ်တွေ ကျဉ်းမြောင်း၊ နှလုံးသားတွေ ကျဉ်းမြောင်း၊ တွေးခေါ်မြော်မြင်မှုတွေ ပိန်လှီ၊ အဆင်အခြင်တွေကင်းမဲ့ ဖြစ်လာတတ်ကြပါတယ်။ "ငါသာလျှင်တော်၊ ငါလူမော်" ဖြစ်လာတတ်ကြတာ ဓမ္မတာ။

## ဆယ့်နှစ်လရာသီ

တပေါင်းတင့်ဆန်း၊ ပင်ထန်းသွယ်စီ
ဆွတ်ပျံ့ကြယ်သင်း၊ ပန်းမင်းသရဖီ
ဟောင်းရွက်ကြွေပြီ၊ ဆင့်ချီတန်ခူး
ပိတောက်ဝတ်ဆံ၊ ကြိုင်လှောက်လှျံ
သင်္ကြန်ဤနွေ ကူးသည်နှင့်လေး။
လ ကဆုန်ဦး၊ လေရူးသုန်သုန်
စကားဝါပန်း၊ ပွင့်ဝေသင်းထုံ
ပွင့်ဖတ်ငုံငုံ၊ နယုန်ပြန်ဆင့်
မြတ်လေးစံပယ်၊ ဖူးပွင့်ကြွယ်
ချိန်ရယ်ဝသန် သင့်သည်နှင့်လေး။
ဝါဆိုချိန်တင့်၊ ကြံ့ခွင့်ကုသိုလ်
ဝါတွင်းသီလ၊ တည်ကြပြန်သကို
ပုန်းညက်ညိုညို၊ စိုစို့ရွှမ်းရွှမ်း
ဝါခေါင်လမှာ၊ ပွင့်လန်းစွာ
ခတ္တာဝတ်မှုန် လှမ်းသည်နှင့်လေး။
တော်သလင်းမြန်း၊ မြတ်ပန်းရင်းမာ
ရိုးရာဆင့်ကဲ၊ လှေပွဲဆင်နွှဲကာ
ငါးမျိုးရွှေကြာ၊ ဝေဖြာရနံ့ထူး
သီတင်းကျွတ်ပြီ၊ မီးထွန်းသည်
ရာသီဟေမာန် ကူးသည်နှင့်လေး။
တန်ဆောင်တိုင်ထူး၊ ရွယ်စူးဦးနိမ်
ကထိန်သင်္ကန်း၊ လှူဒါန်းကြမြိန်မြိန်
ခဝဲပွင့်ချိန်၊ ဝတီထက်ကွန်း
သဇင်ပျော်ရာ၊ နတ်တော်မှာ
သော်တာလမင်း ထွန်းသည်နှင့်လေး။
ပြာသိုရယ်ယွန်း၊ ပွင့်ရွှန်းခွာညို
စိမ်းစိုနုနု၊ စုစုငုံသင်းချို
တပို့တွဲကို၊ ဆင့်ကြိုဆင့်ကဲ
ထမနဲထိုးကာ၊ ပျော်ရွှင်စွာ
ရိုးရာပွဲမို့ နွှဲသည်နှင့်လေး။
ပြောင်းလဲသုံးရာသီ
ဆယ့်နှစ်လဖြစ်တော့သည်။
အကြောင်းကဲမှုန်းကဗျာစီ
ဘွဲ့အလှ လှစ်တော့သည်။ ။

လင်းလက်နွယ်

# အပေးအယူ

ကိုးငယ်မင်း(လယ်ဝေး)



"တော်တော်ကတ်တွက်တဲ့လူ . . . "

စိတ်ထဲတွင် မျိုသိပ်မထားနိုင်တော့။ ဒေါသအလျောက် မကျေနပ်စွာ နှုတ်မှထွက်ကျလာတော့သည်။ မြင်ကွင်းတစ်ခုက ဒေါသမဖြစ်ဘဲ မနေနိုင်တော့။

"ဘာဖြစ်နေတာလဲ သားငယ်"

ဝရန်တာတွင် သူတစ်ယောက်တည်း ကြိတ်မနိုင်ခဲမရဖြစ်ကာ နှုတ်မှရေရွတ်သံကို မေမေ အစွန်အဖျားကြားသွားသည် ထင်ပါသည်။

"ဟို အဘိုးကြီးပေါ့"

မျက်နှာချင်းဆိုင်တိုက်က ရေဖျန်းနေသော အဘိုးကြီးကို မေးငေါ့ထိုးပြလိုက်သည်။ ယခုမြင်ကွင်းကို ကျွန်တော် တစိမ့်စိမ့်ကြည့်ရင်း ဒေါသအလိပ်လိုက်ထွက်နေမိသည်။ ယခုမြင်ကွင်းမှာ ကျွန်တော်ဒေါသထွက်လည်း ထွက်လောက်စရာပင်။

နွေရာသီမို့ လမ်းများ ခြောက်သွေ့ကာနေလျက်ရှိသည်။ ထို့ကြောင့် လမ်းကို အေးရန်၊ ဖုန်တိတ်ရန်အလို့ငှာ ရေဖျန်းကြရသည်။ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်တိုက်ရှိ အဘိုးကြီးသည် ရံဖန်ရံခါ သူတို့အိမ်ရှေ့ကို ရေဖျန်းလေ့ရှိသည်။ ရေဖျန်းသည့်အခါတွင် သူတို့လမ်းဘက်အခြမ်းသာ ရေဖျန်းသွားပြီး ကျွန်တော်တို့ လမ်းဘက်ကို နည်းနည်းမှ အားနာပါးနာ ရေဖျန်းပေးရန် စိတ်ကူးရှိပုံမရ။ ဒါသည် တစ်ခါလည်း မဟုတ်။ နှစ်ခါလည်း မဟုတ်။ သက်သက်မဲ့ စီးပိုင်လွန်းအားကြီးသည်။

ကျွန်တော်တို့ လမ်းဘက်အခြမ်းကို ရေဖျန်းတော့ ရေမည်မျှကုန်ပါမည်နည်း။ မည်မျှပင်ပန်းသွားမည်နည်း။ လမ်းကလည်း သိပ်မကျယ်လှ။ အပန်းမကြီးလှသည့် ကိစ္စကလေးကို ကတ်တွက်စီးပိုင်လွန်းသည်။ ထိုလောက် ကတ်တွက်စီးပိုင်လွန်းအားကြီးလျှင် အလွန်ပင် မုန်းလှသည်။

ထို့ကြောင့် ကျွန်တော်ရေဖျန်းသည့်အခါတွင် သူတို့ လမ်းဘက်အခြမ်းကို ရေဘယ်တော့မှ ဖျန်းမပေးချေ။ ကျွန်တော်သည် အရင်က သူ့လမ်းကိုယ့်လမ်း မခွဲခြားဘဲ ရေဖျန်းပေးဖူးပါသည်။ အဘိုးကြီးက စီးပိုင်ကတ်တွက်တတ်သည့် စိတ်ဓာတ်ကို သိသွားပြီးသည့်နောက်ပိုင်း သူတို့လမ်းဘက်အခြမ်းကို လုံးဝရေဖျန်းမပေးတော့။ ကိုယ့်ဘက်အခြမ်းသာကိုယ် ရေဖျန်းတော့သည်။ ကျွန်တော်ကလည်း စိတ်ဆတ်တတ်သူ။ သူများက ကိုယ့်ကို ကျောလျှင် ပြန်ကျောရမှ ကျေနပ်တတ်သည်။ သူများက ကိုယ့်ကိုကတ်တွက်လျှင် ကိုယ်ကသူ့ထက်ပို၍ ကတ်တွက်ပြတတ်သူ။

"ဘာဖြစ်လို့လဲ သားငယ်ရဲ့"

မေမေက ကျွန်တော် ဒေါသဖြစ်နေသည့် အကြောင်းအရာကို သဘောပေါက်သေးပုံမရ။

"ဟို အဘိုးကြီး ရေဖျန်းတာ သားတို့ဘက်အခြမ်းကို အားနာပါးနာနဲ့တောင် ရေဖျန်းပေးဖော်မရဘူး၊ သူ့ရေ ဘယ်လောက်ကုန်သွားမှာမို့လို့လဲ၊ ဘာအပန်းကြီးသွားလို့လဲ၊ တစ်လမ်းတည်းနေပြီး သူ့ဘက်အခြမ်း ကိုယ့်ဘက်အခြမ်း ခွဲပြီးဖျန်းနေတဲ့ စိတ်ဓာတ်ကိုက မကောင်းတာ။ သားတို့ အိမ်ဘက်အခြမ်းရေမဖျန်းလို့ ဖုန်ထလည်း သူ့အိမ်ဘက် ဖုန်ဝင်တာပါပဲ။ သားတို့အလှည့်ကျမှ တွေ့ဦးမယ်"

"သားရယ် သူကတ်တွက်တိုင်း ကိုယ်က ပြိုင်တုပြီး ကတ်တွက်စရာလား"

"သေရင် ကိုယ့်နောက်ပါမှာ ကျနေတာပဲ။ သူတို့ ရေလေး မဖြစ်စလောက်ကို ကတ်တွက်နေတယ်။ အရင်က သားရေဖျန်းရင် သူ့ဘက်ကိုယ့်ဘက် ကတ်တွက်ပြီး ရေမဖျန်းပါဘူး၊ အခုနောက်ပိုင်း ဒီအဘိုးကြီး ကတ်တွက်တတ်မှန်းသိလို့ မဖျန်းပေးတော့တာ။ အဲဒီအဘိုးကြီးကို အမြင်ကတ်နေတာကြာပြီ"

"ဟယ် ကြည့်စမ်း သားငယ် ကိုယ့်အဘိုးအရွယ်လောက်ကို အဲလိုမပြောရဘူးလေ"

"နောက်တစ်ခါ သားတို့ ရေဖျန်းတဲ့အခါကျရင် သူ့ဘက်အခြမ်းကို လုံးဝရေမရောက်အောင် ရေဖျန်းပြမယ်"

"ဟဲ့ ဩော် ဒီကလေးနှယ်"

မေမေ ဆက်ဟောမည့်တရားကို မနာချင်တော့သောကြောင့် နှုတ်က ပွစိပွစိပြောကာ ထလာခဲ့သည်။

ဟိုဘက်တိုက်က အဘိုးကြီးကို တမင်ရွဲ့ချင်သောကြောင့် ကျွန်တော်တို့ အိမ်ရှေ့ကို ရေဖျန်းဖြစ်ခဲ့သည်။ သူတို့လမ်းဘက်အခြမ်းကိုလုံးဝရေမဖျန်းချေ။ ကျွန်တော်တို့ လမ်းဘက်အခြမ်းကို ရေစိုရွှဲနေအောင် ဖျန်းပစ်သည်။ ကျွန်တော်တို့ လမ်းဘက် ဗွက်ပေါက်လျှင် ပေါက်ပါစေ။ သူတို့လမ်းဘက်ကို ရေလုံးဝ မရောက်စေရ။

"ဟဲ့" သားငယ် "ရေကို ဘယ်လိုဖျန်းနေတာလဲ"

"ဘာလို့လဲ။ အိမ်ရှေ့ကို ရေဖျန်းနေတာပဲလေ"

မေမေက ဘာကိုဆိုလိုပြီး ပြောသလဲဆိုတာ သိသော်လည်း မသိချင်ယောင်ဆောင်ကာ ဘုတောတောကာ ပြန်မေးလိုက်သည်။

"ရေကို အိမ်ရှေ့တစ်ခုတည်းကွက်ပြီး မဖျန်းနဲ့လေ"

"သူတို့ဘက်အခြမ်းက သူတို့ဖျန်းလိမ့်မယ်"

ကျွန်တော်သည် ရေဖျန်းရခြင်း၏ ရည်ရွယ်ချက်မှာ လမ်းကို အေးရန်၊ ဖုန်တိတ်ရန်ဟူသော ရည်ရွယ်ချက်နှင့် ရေဖျန်းခဲ့ခြင်းထက် ဟိုဘက်တိုက်က အဘိုးကြီးကို အရွဲ့တိုက်ချင်သောကြောင့် ဖြစ်သည်။ ယောက်ျားတန်မယ့်နှင့် အရွဲ့တိုက်ရလားဟုပြောလျှင် ပြောကြပါစေ။ ထိုအဘိုးကြီးကို ဒီလိုလုပ်ပြရမှကို ကျေနပ်မည်။

"အဲလို မပြောရဘူးလေ သားငယ်ရဲ့၊ ပေးပေး မေမေ ဖျန်းလိုက်မယ်"

မေမေသည် ကျွန်တော်ဖျန်းနေသည့် ရေပိုက်ကို တောင်းသည်။ ကျွန်တော်ကလည်း မပေး။

"ရတယ် သားဖျန်းပါမယ်။ မေမေအသာနေ အဲဒီဘက်အခြမ်းကို ရေဖျန်းမပေးဘူး"

"သားငယ်ရယ်၊ မေမေ့စကားကို နားထောင်စမ်းပါ။ ပေး . . . "

မေမေက ကျွန်တော့်ဆီက ရေပိုက်ကို ဇွတ်အတင်းလုသည်။ ကျွန်တော် ဘုဆတ်ဆတ်နှင့် မေမေ့လက်ထဲ ရေပိုက်ထည့်ပေးခဲ့လိုက်သည်။ မေမေသည် လမ်းတစ်လမ်းလုံးကို ရေဖျန်းသည်။ ဒါကို ကျွန်တော် အိမ်အပေါ်ထပ် ဝရန်တာပေါ်က ကြည့်ရင်း တစိမ့်စိမ့် ကြိတ်မနိုင်ခဲမရဖြစ်နေရသည်။ စိတ်ထဲတွင် ဟိုဘက်တိုက်က အဘိုးကြီးကို မကျေနပ်နိုင်သေး။

ကျွန်တော် ရေဖျန်းလျှင် မေမေက ဝင်လာတတ်သည်မို့ ကျွန်တော်ရေမဖျန်းတော့ပေ။ အိမ်ရှေ့ ရေဖျန်းသည့်အခါတွင် မေမေသာ ရေဖျန်းတော့သည်။ မေမေက ရေဖျန်းသည့်အခါတိုင်း ကျွန်တော်တို့ အိမ်ရှေ့တွင်သာမက လမ်းတစ်လမ်းလုံးကို ရေစိုရွှဲနေအောင် ဖျန်းတတ်သည်။

မျက်နှာချင်းဆိုင်တိုက်က အဘိုးကြီးကတော့ သူတို့ ရေဖျန်းသည့်အခါတွင် ထုံးစံအတိုင်း သူတို့လမ်းရှေ့လောက်သာ ကွက်၍ ရေဖျန်းတတ်စမြဲ။ ထိုမြင်ကွင်းကို မြင်ရသည့်အခါတိုင်း ကျွန်တော် ဒေါသအလိပ်လိုက်ထွက်ရသည့် အကြိမ်ပေါင်းလည်း မနည်းတော့။

မေမေကတော့ ရေဖျန်းသည့်အခါတိုင်း တစ်လမ်းလုံး ရေစိုရွှဲနေအောင် ဖျန်းပေးတတ်စမြဲ။ အမှန်တိုင်း ဝန်ခံရလျှင် မေမေ့လောက် ကျွန်တော် မေတ္တာမထားနိုင်ချေ။ ကတ်တွက်တတ်သည့် လူတွေကိုလည်း မေမေ့လောက်သည်းမခံနိုင်ပါချေ။

တစ်လနီးပါးခန့်အကြာတွင် အခြေအနေတစ်ခုက ပြောင်းလဲလာခဲ့သည်။ ကျွန်တော် ဝရန်တာကို သွား၍ ထိုင်ငေးကြည့်လိုက်စဉ် တစ်လမ်းလုံး ရေစိုရွှဲနေအောင် ဖျန်းထားသည့် မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။ ဒီလမ်းတွေကို မေမေ ရေဖျန်းထားခြင်းမဟုတ်။

"ဟင် . . . ဟို အဘိုးကြီး"

နှုတ်က ခပ်တိုးတိုးလေး ရေရွတ်သံထွက်ပေါ်လာရသည်။ မြင်ကွင်းသည် အံ့သြစရာတစ်ခုဟု ဆိုရလောက်သည်။ ကတ်တွက်စီးပိုင်လွန်းသည့် အဘိုးကြီးက ဘာစိတ်ကူးပေါက်ကာ လမ်းတစ်လမ်းလုံးကို ရေဖျန်းရသနည်းဟု စိတ်ကထူးဆန်းစွာအဖြေရှာနေမိသည်။ လမ်းတစ်လမ်းလုံး ရေဖျန်းပေးရုံမက ကျွန်တော်တို့ အိမ်ရှေ့တွင် စိုက်ထားသောပန်းပင်များကိုပင် ရေဖျန်းပေးနေပါသေးသည်။ "ဒီအဘိုးကြီးမှ ဟုတ်ရဲ့လား၊ ဘာစိတ်ကူးပေါက်သွားတာလဲ"ဟု စိတ်ထဲတွင် အံ့သြစွာတွေးနေမိဆဲ။

အဘိုးကြီးက ဝရန်တာတွင် ထိုင်နေသော ကျွန်တော့်ကို မြင်တော့ ပြုံးပြလိုက်ပါသေးသည်။ ကျွန်တော် ပြန်၍ ပြုံးပြလိုက်ပါသည်။ သို့သော် ကျွန်တော့် အပြုံးတွေက ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်နေသော အရိပ်အယောင်တွေ ရောယှက်နေပါလိမ့်မည်။ တစ်ချိန်က မကောင်းသည့် စိတ်ထားများ တွေးလိုက်မိသည့် ကိုယ့်ကိုယ်ကိုယ်လည်း တွေးမိရင်းရှက်မိပါသည်။

မေမေဆုံးမခဲ့ဖူးသည့် ဆုံးမစကားတစ်ခွန်းက ကျွန်တော့်အတွေးထဲ ထိုးဝင်လာခဲ့သည်။

"ကိုယ်က တစ်ဖက်လူကို မေတ္တာမထားနိုင်ရင် သူတို့တွေက ကိုယ့်ကို မေတ္တာပြန်ထားနိုင်မှာ မဟုတ်ဘူး။ မေတ္တာပေးမှ မေတ္တာပြန်ရတယ်"။ ။

## ခါဝသန်မည်သော

တိမ်ဝဋ္ဋာအုံ့အုံ့ဆိုင်း
ညို့ညို့မှိုင်းကောင်းကင်
မို့မို့သိုင်းနွေနောင်းလျှင်
လေကြောင်းဆင်ရပ်လုံး။
မိုးအကူးချိန်ရာသီသည်
မှုန်ပြာရီတိမ်လိပ်တို့ဖုံး။
လျှပ်နွယ်ပန်ပြိုးပြက်ဖြာဖြာ
မိုးထက်လွှာမြင့်ဆုံး။
တိုးလျက်သာဆင့်ချုန်း၍
လွင့်မှုန်းရွှေ့မောင်မောင် ။
အမွှန်ရှင်သံမြည်ဟည်းပြီး
ညံစီစီဖြိုင်သွန်းပိုအောင် ။
စိုဓာတ်ခြားနွေနေခေါင်ခေါင်
ရေဖောင်ဖောင်ပြောင်းသို့မို့။
ချောင်းမြောင်းတို့ ကုန်းပတ်ယံ
ဖုံးလွှမ်းရေလျှံ မိုးလှည့်တဲ့ ခါဝသန်သည်
အမှန်တည်ရှာသွန်းလျက်လေး ။ ။

(အရိုးခံတေးထပ်)

## ၁၃၇၉ ခုနှစ်အတွက်
## ဆုတောင်း

နှစ်ဟောင်းကုန်လစ်
ရာသီသစ်မှာ
အဖြစ်ဆိုးတွေ လွင့်ပါးစေ။
ကျန်းမာရွှင်ပျ
ပြုံးဝင်းလှ၍
စိတ်တရားတွေ မာပါစေ
ချမ်းသာကောင်းကျိုး
ဆတက်ပိုးလို့
များတိုးပါစေ ဥစ္စာတွေ။
လောက လူသား
ဝေနေများတွေ
ပွားများအကျိုး
စွန့်လွှတ်ပျိုး၍
သယ်ပိုးနိုင်စေ ဆုမွန်ခြွေ။

ဘုဏ်းနွယ်(ဟသ်ာမြေ)

## တုန္နိုင်းမဲ့ မာတာ

တောင်များဘုရင်၊ မြင်းမိုရ်ရှင်အား
မိခင်ကျေးဇူးမေတ္တာထူးနှင့်
ယှဉ်ဖူးခါဝယ် မြင်းမိုရ်ငယ်ကား
ကျွန်ဝယ်နိမ့်ကျ ညိုးငယ်လှ။
မြစ်များသခင်၊ ပင်လယ်ပြင်အား
မိခင်ကျေးဇူးမေတ္တာထူးနှင့်
တွဲဖူးခါဝယ်၊ ပင်လယ်ငယ်ကား
မြူနယ်သေးစွ၊ ညိုးငယ်လှ။
တောများဘုရင်၊ ခြင်္သေ့ရှင်အား
မိခင်သတ္တိ၊ ဇွဲမာန်ပြည့်နှင့်
ယှဉ်ကြည့်ခါဝယ်၊ ခြင်္သေ့ငယ်ကား
ခြင်နယ်တူစွ၊ သေးငယ်လှ။
ထိုသို့ဆိုလျှင် ဘဒ္ဒတစ်ခွင်လောကပြင်၌
မိခင်ကျေးဇူးမေတ္တာထူးနှင့်
ကူးလူးပြဖော်နှိုင်းယှဉ်တော်သည့်
မြတ်မွန်ရာကား ရှားမှရှား
နှိုင်းယှဉ်သော်ကား မှားမှမှား။ ။

ဆွေး(မြိတ်)

## အနှိုင်းမဲ့သူ

မြင်းမိုရ်တောင်ကြီး မိုးထိနီးဟု
ကမ္ဘည်းတွင်ခေါ် ရှိငြားသော်တည့်။
တောတွင်ကျယ်ရှာ ဟိမဝန္တာဟု
သူငါအများ သိ၍ထားသည်။
ပြာလဲ့ပြာစွယ် ငွေပင်လယ်သည်
ဘယ်ဝယ်ဘယ်ကမ်း ရှုမျှော်မှန်းသော်
လမ်းစမမြင် ကျယ်ပြောသွင်။
ငယ်ကကြင်ဖက် ချစ်သည်းထက်က
အသက်မက ချစ်ကြသတဲ့။
နှင်းရည်သောက်ဆမ်း
တော်ဝင်ပန်းသည်
စခန်းမြိုင်ယံ မွှေးမွှေးလှိုင်သတဲ့။
တစ်ခုတော့မေးပါရစေ
"အမေ့ကိုယှဉ်ရဲသလား"လို့။ ။

မြတ်မင်း(ခြံကြီး)

ဝတ္ထုတို

နှင်းနွယ်(ကလေး)

# တောင်ဇလပ်ပန်းလေး လန်းလေဖြို

"ဘွဲ့ရမောင်မယ်များအား ကြိုဆိုပါ၏"

ကလေးတက္ကသိုလ်မုခ်ဦးအဝင်တွင် ချိတ်ဆွဲထားသည့် စာသားကို ဖတ်ရင်း ကျွန်မစိတ်တွေ ပျော်ရွှင်လာမိသည်။ ကျောင်းလမ်းဘေး တစ်ဖက်စီတွင် ညီညီညာညာစိုက်ပျိုးထားသည့် ယူကလစ်ပင်များသည် ဆောင်းအကုန်နွေအကူးမို့ ရွက်ဝါလေးတွေ မြေမှာခလို့ ရွက်သစ်တွေ ဖူးစပြုနေပြီ။ ဖြောင့်ဖြူးနေသည့် ကျောင်းအဝင် အဓိပတိလမ်းမကြီးကလည်း သူ့လမ်းမထက်တွင် ပျော်ရွှင်စွာ လမ်းလျှောက်ရင်း ပြေးလွှားရင်း အဖော်ပြုပေးခဲ့သည့် ကျောင်းသား ကျောင်းသူတွေကို လွမ်းမောစွာငေးကြည့်လို့။ ဣန္ဒြေအပြည့်ဖြင့် ဘွဲ့ဝတ်စုံတဖားဖားနှင့် တည်ငြိမ်ခန့်ငြားနေကြသူတွေကို မမြင်ဖူးသလို ကြည့်ရှုမဝ ဖြစ်နေသည် ထင်ရဲ့။ ခန့်ငြားလှပသည့် စာသင်ကျောင်းဆောင်ကြီးတွေကတော့ အတောင်စုံလို့ ပြန်သန်းကြတော့မည့် ရင်သွေးတွေကို မခွဲနိုင်မခွာရက်စွာ မျက်ရည်ကျနေရှာသည့် မိခင်ကြီးပမာပင်ဖြစ်နေရှာသည်။

လွန်ခဲ့သည့် ခုနစ်နှစ်ခန့် ကျွန်မ ဒီကျောင်းတော်ကြီးကို စတင်ခိုလှုံစဉ်အခါက နုပျိုသွက်လက်နေသည့် ကျောင်းသူဘဝကို လွမ်းမိသည်။ သုံးနှစ်တာ ပညာသင်ကာလပြီးဆုံး၍ လက်တွေ့ဘဝကြီးထဲတွင် ကျင်လည်နေရင်း အတော်အတန်ရင့်ကျက်မှုရှိပြီထင်သည့်စိတ်က ငယ်ဘဝကို မှန်းဆတမ်းတနေပြန်သည်။

"လွင် ငါလေ ဒီကျောင်းကြီးကို ရောက်ခါစ အချိန်တွေကို သတိရလိုက်တာ။ နင်နဲ့ငါ အလွန်ပျော်ခဲ့ကြတာနော်။"

ကျွန်မဘေးမှာ ထိုင်နေသည့် ဘွဲ့ဝတ်စုံဝတ်ထားပြီး ကျက်သရေရှိရှိ လှနေသည့် ချင်းလူမျိုး သူငယ်ချင်းမလေး နိမ်စန်းလွင်၏ မျက်နှာလေးအား ငေးကြည့်ရင်း ပြောမိသည်။ တီးတိန်ချင်းမလေးမို့ တစ်ခါတစ်ရံ ကျွန်မက သူ့ကို တောင်ဇလပ်ပန်းလေးဟုလည်း ချစ်စနိုးခေါ်တတ်သေးသည်။ လွင်က ရဲရဲနီနေသည့် တောင်ဇလပ်ပန်းကို မြတ်နိုးသည်ဟု ပြောဖူးသည်ကိုး။ လွင်ကလည်း တောင်ဇလပ်ပန်းပမာ ရဲရဲနီနေသည့် စိတ်ဓာတ်နှင့် လောကဓံကို ရင်ဆိုင်ရဲသည့် မိန်းကလေးဖြစ်၏။ သူသွားမည့်လမ်းကို သူကိုယ်တိုင် ဖောက်နေသည့်သူပင်။

"နင် အတော်ပျော်နေလားဟင်"

ကျွန်မအမေးကို လွင်က ခေါင်းညိတ်သည်ဆိုရုံ ညိတ်ပြသည်။

"နင့်ကို သိပ်အားကျတာပဲ။ ငါလည်း စာကြိုးစားခဲ့ရင် နင့်လိုပဲ ဘွဲ့တွေ အများကြီးထပ်ယူရမှာ"

"ဒီလိုလည်း မဟုတ်ပါဘူး မိနွယ်ရယ်။ လူ့ဘဝဆိုတာ ပြီးပြည့်စုံတယ် မရှိပါဘူး။ အားနည်းချက်၊ အားသာချက် ကိုယ်စီနဲ့ ကြိုးစားပြီး ကိုယ့်လမ်းကို လျှောက်နေရသူတွေ ချည်းပါပဲ"

"ဆရာမကြီးလေသံ ပေါက်လာပြီ"

ကျွန်မ အပြောကြောင့် လွင်က ရယ်လေသည်။

လွင်သည် ပါးစပ်က ရယ်နေသော်လည်း မျက်နှာက အနည်းငယ်တော့ နွမ်းနေသလားဟု ထင်မိသည်။

လွင်နှင့် ကျွန်မက တစ်ရက်ကွက်တည်းနေသော်လည်း တက္ကသိုလ်တက်မှ ရင်းနှီးလာကြသူတွေ။ ဓာတုဗေဒမေဂျာမှာ အတူတက်ရင်း တစ်ယောက်နှင့်တစ်ယောက် ဆိုးတိုင်ပင် ကောင်းတိုင်ပင်ကြသည်ထိ ခင်မင်ခဲ့ကြသည်။ လွင်က နှာတံပေါ်ပေါ် မေးရိုးအနည်းငယ်ကား၏။ အရပ်ကလည်း ပုသည်။ ကျွန်မနှင့်အတူ တွဲသွားလျှင် ကျွန်မ ဖိနပ်အမြင့်စီးတာ မကြိုက်။ ငါပိုပုမှန်းသိသာတယ်ဟု ညည်းညူတတ်သည်။

လွင် သုံးနှစ်သမီးအရွယ်မှာပဲ လွင်၏အမေဆုံးသည်။ မိခင်မျက်နှာကို မမှတ်မိလိုက်။ ဖခင်ဖြစ်သူကလည်း လွင် ရှစ်တန်းနှစ်မှာပဲ ဆုံးပြန်သည်။ အဒေါ်အပျိုကြီး နှစ်ယောက်၏ စောင့်ရှောက်မှုအောက်တွင် နေလာရသည်။ လွင်မှာ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်ရှိသည်။ အစ်မက မိခင်တစ်ယောက်လို လွင့်ကို စောင့်ရှောက် ချစ်ခင်သလောက် အစ်ကိုကတော့ အရက်သောက်ဖို့ လောက်သာ သိသူမို့ ဘာမှ အားမကိုး၍ ချို့တဲ့သည့် အဒေါ်တွေနှင့် နေရတာမို့ ညီအစ်မနှစ်ယောက်က ကျောင်းတက်ရင်း ကျောင်းစရိတ်ကို တတ်နိုင်သည့်ဘက်မှာ ရှာသည်။ ဘဝကြမ်းကို အရွယ်နှင့်မလိုက်အောင် လျှောက်လှမ်းနေရသည့် လွင့်ကို ကျွန်မသနားသည်။ တစ်ခါတစ်ရံ လူကြီးတစ်ယောက်လို ရင့်ကျက်နေတတ်သလို အငယ်ဆုံးမို့ ကလေးဆန်ချင်တတ်ပြန်သည်။

"ငါလေ သူများအိမ်ရဲ့ ဧည့်ခန်းတွေမှာ မိသားစု ဓာတ်ပုံချိတ်ထားရင် သိပ်အားကျတာပဲ။ ငါ့ဘဝမှာ ဒီလို ဓာတ်ပုံမျိုးအမှတ်တရမျိုး မရှိခဲ့ဘူး။ အမေဆိုတာတောင် ဖြူလား၊ မည်းလား မသိလိုက်ရတဲ့ ဘဝ"

"မိဘတွေက နင့်ကိုထားချင်လို့ ထားခဲ့တာမှ မဟုတ်တာ။ သူတို့လည်း တမလွန်ခရီးကို မသွားချင်ဘဲ သွားရလို့ နင်တို့ကို ထားခဲ့ရတာ။ နင့်မိဘတွေလိုပဲ နင့်ကိုချစ်ပေးကြတဲ့ အဒေါ်တွေ ရှိနေတာပဲ ။ အားမငယ်ပါနဲ့"

"အားငယ်တယ်လို့ မဟုတ်ပါဘူး။ ဖခင်ဆိုတာ သားသမီးအပေါ် နေမင်းကြီးလို အလင်းတွေပေးပြီး မိခင်ကတော့ လမင်းလိုနွေးထွေးမှုတွေ ပေးတတ်တယ်တဲ့။ ငါ့ဘဝက နေမင်း၊ လမင်းမရှိတဲ့ အမှောင်ကမ္ဘာမှာ ရှင်သန်နေရသလို တစ်ခါတလေ ခံစားရလို့ပါ။ အပူအပင်ကင်းကင်းနဲ့ မိဘရင်ခွင် ခိုလှုံဖူးချင်ယုံပါ"

လွင်ကို ကိုယ်ချင်းစာပါသည်။ လူတစ်ယောက်မှာ မိဘမဲ့ခြင်းက အကြီးမားဆုံး ချို့ယွင်းချက်ပဲလေ။

"နင်ကလည်း နေရောင်၊ လရောင် မရှိပေမယ့် နင်က ကိုယ်ပိုင်အလင်းနဲ့ တောက်ပနိုင်သူပါ။ နောက်ပြီး ငါက နင့်အတွက် လမင်း၊ နေမင်းတွေလောက် တောက်ပမှုမပေးနိုင်ပေမယ့် ကြယ်တစ်ပွင့်လောက်တော့ အလင်းပေး ဖေးမပေးနေမှာပါ"

"အင်းပါ. . . ငါယုံပါတယ် မိနွယ်"

လွင်က တစ်ခါတလေ အားမာန်အပြည့်နှင့် ခြင်္သေ့မလေး ဖြစ်နေတတ်သော်လည်း တစ်ခါတလေ အရာရာကို တွေးကြောက်နေသည့် ယုန်ဖြူမလေး ဖြစ်နေတတ်ပြန်သည်။

"မိနွယ် နင်နဲ့ငါက ဘာသာမတူ လူမျိုးမတူပေမယ့် အမြင်တူတယ်လို့ ခံစားရတယ်။ တကယ်တော့ ကိုးကွယ်မှုဆိုတာ လူတွေခွဲခြားထားကြလို့ပါ။ ခရစ်ယာန်ပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာပဲဖြစ်ဖြစ် လူတွေအပေါ် မေတ္တာထားဖို့ မကောင်းတာမလုပ်ဖို့ လမ်းညွှန်ပေးကြတာချည်းပါပဲ"

လွင်က ဘာသာတရားအပေါ် အစွဲအလမ်းမထားတတ်။ ကျွန်မ ဘုရားသွားလျှင် သူကပန်းလဲပေးတတ်သလို သူဘုရားကျောင်းသွားလျှင်လည်း ကျွန်မက လိုက်ပေးရသည်။

"နင်နဲ့ငါက စိတ်တူကိုယ်တူတော့ ဟုတ်ပါရဲ့။ မတူတာက နင်ကစာတော်ပြီး ငါက စာညံ့တာပဲ ရှိတာ။"

"နင်က စာကြည့်ပျင်းတာကိုး"

"ဟုတ်ပါတယ် ဆရာမရယ်။ ငါက စီးပွားရေးပဲ စိတ်ဝင်စားတာဟ။ နင်ဆရာမဖြစ်ရင် ငါ့ကလေးတွေကို စာသင်ပေးနော်"

"နင်ကယောကျ်ားရမှာမို့လား။ ရည်းစားတောင်မရှိဘဲ လေကြီးနေတယ်"

"အေးဟ ဟုတ်သားပဲ။ ငါယောကျ်ားမရရင် နင်တာဝန်ယူရမယ်။ နင်ငါ့အနား ဒီလောက်ကပ်နေမှတော့ ငါရည်းစားရပ့ါမလား"

"ဟီး. . . ဟုတ်သားပဲ"

လွင် စကားကြောင့် ကျွန်မတို့နှစ်ယောက် လွတ်လပ်ပေါ့ပါးစွာ ရယ်မိသည်။

ဒီလိုနှင့်ပင် ကျွန်မနှင့် လွင်သည့် တစ်ယောက်ကို တစ်ယောက် ဖေးမကူညီရင်း သုံးနှစ်တာ စာသင်ကာလကို ဖြတ်သန်းလာခဲ့ကြသည်။ ဂုဏ်ထူးတန်းတက်ခွင့်ရသည့် လွင်က ကျောင်းဆက်တက်ရင်း ကျွန်မကတော့ စီးပွားရေး လောကထဲ ရောက်နေတော့သည်။

ဒီနေ့ကတော့ လွင် မဟာဘွဲ့ထပ်ယူရမှာမို့ လွင်ကို လိုက်ပို့ရင်း အတွေးနယ်ချဲ့နေမိတာပင်။ ဘွဲ့ပေးခြင်း အခမ်းအနားပြီးဆုံး၍ လွင်ဘွဲ့နှင်းသဘင်ခန်းမက ထွက်လာတော့ လွင့်ကိုဂုဏ်ပြုပန်းစည်း ကမ်းပေးရင်း "ငါနင့်အတွက် ဂုဏ်ယူပါတယ် လွင်" ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

ကျောင်းကပြန်ရောက်ပြီး လွင်တို့အိမ်ပြန်ရောက်တော့ လွင်ရဲ့ ဘွဲ့ဝတ်စုံကို ချွတ်ကူပေးရင်း ခေါင်းမှ ပန်းတွေ ဖြုတ်ပေးလိုက်သည်။ လွင့်မျက်နှာ မလန်းသလိုပဲဟု ထင်မိပေမယ့် ပင်ပန်းလို့ ထင်ပါရဲ့ဟု တွေးလိုက်မိသည်။

"ဧည့်သည် လာတယ်"

လွင့် အစ်မအသံကြောင့် အိမ်ရှေ့ထွက်ကြည့်လိုက်တော့ ဘုရားကျောင်းမှ လူကြီးတချို့ကိုတွေ့လိုက်ရသည်။

"လူကြီးတွေက ငါဒီနေ့ ဘွဲ့ယူတာသိလို့ ဆုတောင်းပေးဖို့ လာတာဖြစ်မယ်"

လွင်က ပြေကျနေသည့် ဆံပင်တွေကို ညှပ်သိမ်းလိုက်ရင်း လူကြီးတွေကို ထွက်ကြို၏။ ကျွန်မကတော့ လူကြီးတွေ ဧည့်ခံဖို့ မီးဖိုထဲဝင်လိုက်သည်။

သိပ်မကြာခင် ချင်းစကားနှင့် ဆုတောင်းသံတွေ ကြားရပြီး လွင်ရဲ့ရှိုက်သံလေးက ကျွန်မရှိရာ မီးဖိုထဲအထိ လွင့်လာတော့ လွင်ဘာများဖြစ်လို့လဲဟု စိုးရိမ်စိတ်ဖြင့် လှမ်းကြည့်လိုက်သည်။ ရှိုက်သံကြားမှ လွင့်အသံ ခပ်တိုးတိုး ကြားရပြန်သည်။ မင်္ဂလာရှိတဲ့နေ့မှာ လွင့်ကို ဘာတွေဆုတောင်းချင်လဲ၊ ဘယ်လိုခံစားရလဲဟု ဓမ္မဆရာတွေက မေးနေဟန်တူသည်။

"ကျွန်မ ဒီနေ့အလွန်ပျော်ရပါတယ်။ ဘုရားသခင်ရဲ့ စောင့်ရှောက်ပေးမှုနဲ့ ကောင်းချီးတွေရခဲ့တာမို့ ကျွန်မ ဘုရားအမှုတော်တွေကို ထမ်းဆောင်ပါ့မယ်။ အဒေါ်တွေနဲ့ အစ်ကို၊ အစ်မတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဆုံးသွားတဲ့ အဖေ၊ အမေလည်း မြင်တွေ့ ဝမ်းသာစေချင်ပါတယ်"

ပြောရင်းနှင့်ပင် လွင်ငိုနေပါပြီ။ လွင်သည် ကျောက်ခင်းလမ်းတွင် ကျောက်တင်ကျောက်ချလုပ်ခဲ့ရစဉ် ကိုယ့်လမ်းကိုယ်ဖောက်ခဲ့စဉ်က မျက်ရည်မကျခဲ့သော်လည်း သူ့ဘဝလမ်းဖြောင့်ဖြူးသာယာချိန်မှာတော့ မိဘတွေကို သတိရနေဟန်ရှိသည်။ လူကြီးတွေက လွင့်ကို အားပေးစကားပြောကာ ပြန်သွားမှ ကျွန်မ လွင့်ကို ထွေးဖက်ထားရင်း မျက်ရည်သုတ်ပေးလိုက်သည်။

"မငိုပါနဲ့ လွင်။ နင့်မိဘတွေက ရောက်လေရာအရပ်က နင့် အောင်မြင်မှုတွေကို ကြည့်ပြီး အားရကျေနပ်နေမှာပါ။ ကိုယ့်လမ်းကိုဖောက်ပြီး ပန်းတိုင်အရောက် လျှောက်ရဲတဲ့ နင်က နင်ကြိုက်တဲ့ တောင်ဇလပ်ပန်းလေးလို လှပရဲရင့်သူပါ"

ကျွန်မစကားကို ခေါင်းညိတ်ပြလိုက်တဲ့ လွင့်ရဲ့ ရှိုက်သံလေးကတော့ ခပ်တိုးတိုးကြားနေရဆဲပင်။ မြေသားမာကျစ်ကျစ်မှာ ရဲရဲနီအောင် ပွင့်တတ်သည့် ချင်းတောင်ပေါ်က တောင်ဇလပ်ပန်းလေးလို ဘဝရဲ့ လမ်းပေါ်မှာ အောင်မြင်အောင် လျှောက်လှမ်းနိုင်တဲ့ တောင်ဇလပ်ပွင့်လေးလွင်သည် ပင်ယံမှာ လန်းဆန်းလှပနေပေတော့မည်မှာ အသေအချာပင်ဖြစ်တော့သည်။ ။

ဆောင်းပါး

ဝင်းလက်ရွှေရည်

# သူများပါးစပ်ဖျား လမ်းမဆုံးစေချင်

ဒီနှစ်သင်္ကြန်လည်း ခါတိုင်းနှစ်များလိုပဲ အိမ်တွင်းအောင်းဖို့ အကြံရှိခဲ့တာပါ။ ဒါပေမယ့် မေမေကတော့ သူနဲ့အဖော်ရအောင် တရားလေးလိုက်ဝင်ပ့ါလားသမီးရယ်ဆိုလို့ ရသလောက် ရက်အနည်းငယ်လေးနဲ့ ရိပ်သာဝင်ဖြစ်ခဲ့ပါတယ်။ တရားစခန်းဝင်နေစဉ်မှာ တရားတွေအများကြီး နာခဲ့ရပါတယ်။ ဒါပေမယ့် ဒီစာလေးရဲ့ ခေါင်းစဉ်ကို အတွေးပေါ်စေခဲ့တဲ့ တရားတစ်ပုဒ်ရဲ့ ခေါင်းစဉ်ကတော့ သူများပါးစပ်ဖျားလမ်းမဆုံးပါစေနှင့်တဲ့။ နာမည်ကို ကြားကတည်းက သဘောကျခဲ့တဲ့အပြင် တရားနာနေရင်းနဲ့ ပြောချင်လာတဲ့ အတွေးစလေးတွေ တစ်စတစ်စပေါ်ထွက်လာခဲ့ပါတယ်။ ဆရာတော်ဟောခဲ့တုန်းကတော့ လောကုတ္တရာဆိုင်ရာ တရားပေ့ါ။ အကြောင်းက လူတွေဟာ တချို့သော ကိုယ်လက်အင်္ဂါမသန်စွမ်း၊ အမြင်အကြားအာရုံထိခိုက်ပြီး မွေးဖွားလာသူတွေကို ဝဋ်ကြီးလို့ ဒီလိုမွေးဖွားလာရတယ်လို့ ပြောလေ့ရှိပါတယ်။ မှန်သင့်သလောက်တော့ မှန်ပေမယ့် တကယ်ကဒီလိုလူဖြစ်လာကတည်းက ဒီခန္ဓာရကတည်းက ဝဋ်ရှိလို့ပါပဲ။ ကိုယ့်ဝဋ်ကိုကိုယ်မမြင်ဘဲ သူများကိုသာ ဝေဖန်နေကြတာဟာ ကိုယ်အပါအဝင် လူတော်တော်များများပါပဲ။ ဒါပေမယ့် အဝေဖန်ခံရတိုင်းတော့ သူတစ်ပါးပါးစပ်ဖျားမှာ လမ်းမဆုံးသွားဖို့ လိုအပ်ပါတယ်။ သူများဝဋ်ကိုအကြောင်းရှာမနေဘဲ အကြောင်းရှာခံနေရလည်း သူတစ်ပါးအပြောအဆိုကြားမှာ ပိတ်မိမနေဘဲ ကိုယ့်ကိုယ်ကိုယ်သာ မြင်အောင်ရှုပြီး ဒီဝဋ်ကနေလွတ်ကြောင်း ဉာဏ်တရားကို ရှုပွားကြဖို့ပါ။

အခုကတော့ လောကီအမြင် ရှုထောင့်ကပြောချင်တာပါ။ အခုတစ်လော အတွေ့ရအများဆုံး၊ အကြားရအများဆုံးက ပြစ်တင်ဝေဖန်မှုအမျိုးမျိုးပါပဲ။ (social network အသုံးပြုမှုတွေ ကမ္ဘာ့ယွင်းစွာတိုးတက်လာလို့လဲ ပါပါတယ်)။ ပုတယ်၊ ပိန်တယ်၊ ဝတယ်၊ ရှည်တယ်၊ မလိုက်ဖက်ဘူး၊ လိုက်ဖက်တယ်၊ မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တယ် စသဖြင့် လူတစ်ဦးရဲ့ ပုံပန်းသွင်ပြင်ကစလို့ လူတစ်ဦးရဲ့ အနေအထိုင်၊ အပြုအမူ၊ ပြောဆိုဆက်ဆံပုံ၊ ဝတ်စားဆင်ယင်ပုံ၊ စိတ်ကူးအိပ်မက်တွေအထိ ဝင်ရောက်စွက်ဖက်နေတာတွေများပြားလာပါတယ်။ ပြောဆိုသူအချို့က စေတနာနဲ့ ဝေဖန်တားမြစ်တာရှိသလိုကိုယ်မြင်ရာကို နှုတ်စည်းမစောင့်နိုင်ဘဲ ဝေဖန်ထောက်ရှုတာတွေကတော့ ဒုနဲ့ဒေးပါပဲ။ ဝေဖန်ခံရသူများအနေနဲ့ကတော့ ဘယ်လိုပဲ နားမဝင်တတ်ဘူးဆိုပါစေဦးတော့ အနည်းနဲ့အများက စိတ်ထိခိုက်နစ်နာမှုတွေနဲ့ ကြုံတွေ့ရစမြဲပါပဲ။ ပြောသူကတော့ ပြောရုံပြောလိုက်ပေမယ့် အပြောခံရသူအနေနဲ့ ခံစားကြုံတွေ့ရတဲ့ အကျိုးဆက်တွေကတော့ မှန်းမရအောင်ပါ။ မိမိရောသူ့နေရာမှာအပြောခံရရင်ကြိုက်ပါ့မလားလို့ မတွေးမိကြဘူး။ ကိုယ်ချင်းစာစိတ်မရှိဘဲပြောဆိုမိရင်းက အကျင့်ပါလာကြတယ်။ ဒီလောက်ပြောရုံကသာမန်လို့ ယူဆလာကြတယ်။ ဒါတွေကလူ့ပတ်ဝန်းကျင်မှာနေသားကျလာပြီဖြစ်တဲ့ အပြုအမူတွေပါ။ လူတစ်ယောက်ဟာ ပတ်ဝန်းကျင် အသိုင်းအဝန်းနဲ့ပဲ ရှင်သန်နေကြရတာမှန်ပါတယ်။ ဒါပေမယ့် မိမိပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲနေလို့မရသလို ကိုယ့်ကိုအဆိပ်အတောက်တွေသာ ဖြစ်စေနိုင်တဲ့ပတ်ဝန်းကျင်မှာလည်း အောင့်အည်းသည်းခံရင်း ရုန်းကန်ရှင်သန်နေဖို့ မလိုအပ်ပါဘူး။

ဥပမာ ကိုယ့်မှာအိပ်မက်တစ်ခုရှိလို့ အကောင်အထည်ပေါ်လာအောင်ကြိုးစားတယ်။ ပတ်ဝန်းကျင်က မဖြစ်နိုင်ပါဘူးလေဆိုတဲ့ စကားလေးတစ်ခွန်းကြောင့် နောက်ဆုတ်လိုက်မလား၊ မိမိအိပ်မက်စိတ်ကူးတွေကို လွယ်လွယ်နဲ့ အဖျက်ဆီးခံလိုက်တော့မှာလား။ တကယ်ပဲ မဖြစ်လာခဲ့ရင်ရော ထပ်မံဝေဖန်ခံရမှာလား။ ဒါမှမဟုတ် ကြိုးစားမှုက အရာထင်ခဲ့တယ်ဆိုရင်ရော ချီးကျူးသံတွေက နှုတ်ဆိတ်နေမှာလား။ နောက်ဥပမာတစ်ခုက လူမှုရေး အရှုပ်အထွေးများတဲ့ ယနေ့ခေတ်ကြီးထဲမှာ မိမိနဲ့ အခြားသူတစ်ယောက်ရဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကိုအပြစ်ရှာဝေဖန်ခံရမယ်ဆိုရင် အဆက်အသွယ်တွေ ဖြတ်လိုက်ရတော့မလား။ မိမိကိုစေတနာမေတ္တာနဲ့ ဝေဖန်ညွှန်ပြတာတွေကို သာဓကယူနားထောင်တာကလွဲလို့ အချို့သော သူများရဲ့ ပြောစကားမှာ မိမိရဲ့ မှန်ကန်ခိုင်မာတဲ့ ယူဆချက်၊ အတွေးအမြင်နဲ့ စိတ်ကူးအိပ်မက်တွေကို လက်လွှတ်ဆုံးရှုံးလိုက်ရရင်ဖြင့် အင်မတန်ဝမ်းနည်းစရာကောင်းပါတယ်။ ဒါကြောင့်လည်း သူများပါးစပ်ဖျားလမ်းမဆုံးပါစေနဲ့လို့ ပြောချင်တာပါ။ သေးသေးလေးကအစ ပုံကြီးချဲ့လို့ဝေဖန်တတ်တဲ့ ပတ်ဝန်းကျင်မှာ ရှင်သန်ရလျှင်ဖြင့် စိတ်ဓာတ်အင်အားခိုင်မာဖို့တော့ လိုအပ်ပါလိမ့်မယ်။ မိမိကသာ အကျင့်တရားမှန်ကန်ပြီး စည်းကမ်းနဲ့ လျော်ညီနေရင် အများရဲ့ပြစ်တင်ဝေဖန်မှုကြားထဲမှာပဲ နစ်မွန်းနေစရာမလိုဘဲ လွယ်လွယ်နဲ့ လက်မလျှော့ဘဲ ဆက်လက်ရှင်သန်နေတတ်ဖို့ အရေးကြီးပါတယ်။

ဒီလိုနဲ့ မိမိကိုယ်တိုင်ကလည်း အများတကာကို ဝေဖန်တတ်တဲ့ အမြင်နဲ့မကြည့်ဘဲ ကူညီဖေးမတတ်တဲ့ အကျင့်ကောင်းလေးတွေကိုမွေးမြူရင်း မိမိရဲ့ မှန်ကန်တဲ့ကိုယ်ပိုင်ခံယူချက်နဲ့အတူ ရှေ့ခရီးလမ်းကို တက်လှမ်းနိုင်အောင် ကြိုးစားရပါမယ်။ တစ်ဦးတစ်ယောက်ချင်းစီက ပြုပြင်ပြောင်းလဲလိုက်ရင် အကောင်းမြင်ဝါဒလွှမ်းတဲ့၊ ခွင့်လွှတ်သည်းခံတတ်တဲ့ လူ့ဘောင်အဖွဲ့အစည်းလေးတစ်ခု ဖြစ်လာနိုင်မှာသေချာပါတယ်။

ဒါကြောင့် ပတ်ဝန်းကျင်ရဲ့ ဝေဖန်မှုများမှ ရုန်းထွက်ပြီးကိုယ်ယုံကြည်ရာ မှန်ကန်သောလမ်းကို လျှောက်လှမ်းနိုင်ပါစေလို့ဆုမွန်ကောင်းပြုရင်း . . .။ ။

